# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၀)

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက် | ၂၀၁၈ ခုနှစ်၊ ဧပြီ ၆ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၈၈)

## အမျိုးသားရင်ကြားစေ့ရေးဆိုတာ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီး မတူတဲ့အမြင်တွေမှာ သဘောထားတွေ ပိုပြီးနီးကပ်လာအောင် လုပ်ပေးတာပဲဖြစ်



နေပြည်တော် ဧပြီ ၅

**ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှင်းဆီရင်ခွင် လူမှုကူညီရေးဖောင်ဒေးရှင်းက လှူဒါန်းသည့် အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပရာ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်နှင့် ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဒါရိုက်တာ မောင်မျိုးမင်း ဦးဆောင်သည့်နှင်းဆီရင်ခွင် လူမှုကူညီရေးဖောင်ဒေးရှင်းအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှင်းဆီရင်ခွင်လူမှုကူညီရေး ဖောင်ဒေးရှင်းက လှူဒါန်းသည့် အလှူငွေ ပေးအပ်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**

သတင်းစဉ်

**စုပေါင်းအင်အား**

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က " ကြွရောက်လာတဲ့ ဧည့်သည်တွေအားလုံးကို နှုတ်ခွန်းဆက်ပါတယ်။ ကျွန်မတို့အနေနဲ့ ဒီနေ့ဟာ အင်မတန်မှ ဝမ်းမြောက်စရာ၊ အားရစရာနေ့တစ်နေ့ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ တိုးတက်ဖို့ဆိုရင် အားလုံးစုပေါင်းအင်အားနဲ့ လုပ်ရမယ်ဆိုတာ နှစ်နှစ်ပြည့်အစီရင်ခံစဉ်မှာ ပြောခဲ့ပါတယ်။ အခုလို အခမ်းအနားမျိုးဟာ တကယ့်ကို ကျွန်မတို့ရဲ့ပြည်သူပြည်သားတွေရဲ့ စုပေါင်းအင်အားနဲ့ နိုင်ငံရဲ့တိုးတက်ရေးအတွက်၊ နိုင်ငံရဲ့ တည်ငြိမ်ရေးအတွက်၊ နိုင်ငံရဲ့အေးချမ်းရေးအတွက် လုပ်နေတယ်ဆိုတာကို သက်သေထူထောင်တာ ဖြစ်ပါတယ်။ အဲဒါကြောင့် အင်မတန်မှ ဝမ်းသာပါတယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရာထူးတာဝန်စတင်ထမ်းဆောင်သည့် အထိမ်းအမှတ် တည်ခင်းဧည့်ခံမည့် ဂုဏ်ပြုညစာစားပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဧပြီ ၅**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ရာထူးတာဝန် စတင်ထမ်းဆောင်သည့် အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံမည့် ဂုဏ်ပြုညစာစားပွဲကို ဧပြီ ၆ ရက် ညနေ ၆ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော် မြက်ခင်းပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်သည်။

ဂုဏ်ပြုညစာစားပွဲ ကျင်းပသည့် အခမ်းအနားကို ယင်းနေ့ ညနေ ၆ နာရီမှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၊ MITV ၊ MNTV ၊ Skynet Up to Date၊ MOI Webportal Myanmar Facebook၊ MRTV Facebook နှင့် Myanmar Digital News Facebook တို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## စုပေါင်းအင်အား

**စုပေါင်းအင်အားရဲ့လေးနက်မှုကို ရိုးရိုးလေးပြောရမယ်ဆိုရင် တစ်နဲ့တစ်နဲ့ ပေါင်းရင် သုံးတောင်ဖြစ်ရမယ်။ ဒါစုပေါင်းအင်အား။ တစ်ယောက်ချင်း တစ်ယောက်ချင်းဆိုရင်တော့ တစ်ယောက်နဲ့ တစ်ယောက်ဆိုတော့ နှစ်ပေါ့။ မပေါင်းရင်လည်း တစ်နဲ့တစ်ဆို နှစ်ပဲ။ ဒါပေမယ့် တစ်နဲ့တစ် ပေါင်းလိုက်ရင် သုံးဆိုတဲ့ အပိုအင်အားတွေ ပိုမိုပြီးတော့ ထိရောက်တဲ့ စွမ်းအင်တွေ ဖြစ်လာပါလိမ့်မယ်။ ဒါ ကျွန်မတို့ တစ်ယောက်မက အများကနေ စုပေါင်းပြီးလုပ်မယ်ဆိုရင် အများကြီး ထိရောက်ပါတယ်။**



KBZ BANK
STRENGTH OF MYANMAR
'BEST BANK IN MYANMAR'
Awarded by FinanceAsia 2017

မြန်မာ့အလင်း

# ထိရောက်သော စီမံခန့်ခွဲမှုများ လိုသည်

ပြည်သူ့အစိုးရလက်ထက် စိန်ခေါ်မှုများစွာထဲမှာ အထူးအကျပ်အတည်းကြီးတစ်ခုက ပြည်သူ့ဘဏ္ဍာငွေများကို စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ပြင်ဆင်ရခြင်းဖြစ်ပါမည်။

လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီခေတ်တွင် စီးပွားရေးအရ တူတူတန်တန်မြင့်မားလာပြီးခါမှ ၁၉၆၂ အာဏာသိမ်းပြီးနောက်ပိုင်း၌ တဖြည်းဖြည်း စီးပွားရေးယုတ်လျော့နိမ့်ကျလာခြင်းမှာ ဘဏ္ဍာငွေ အလွဲသုံးစားမှုနှင့် အလွဲစီမံခန့်ခွဲမှုများက အဓိကအကြောင်းရင်းဖြစ်သည်ဟု ထင်မြင်ပါသည်။

အရှေ့တောင်အာရှ၌ အညွန့်တလူလူနှင့် ခေါင်းမော့လာနေသော နိုင်ငံအဆင့်မှ နိမ့်ကျလာသည်မှာ ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံးစာရင်းဝင် ဖြစ်လာခဲ့ရ၏။ ဆင်းရဲမွဲတေမှုမှာ ရှေ့တန်းကပြေးနေသောနိုင်ငံဖြစ်ခဲ့ရ၏။ ပြည်သူတို့၏ ဆင်းရဲကျပ်တည်းမှုမှာ မယုံနိုင်လောက်အောင် ဖြစ်ခဲ့ရ၏။

ဆင်းရဲသူတို့ ချုံးချုံးကျနေချိန်မှာ အလွဲသုံးစား ကိုယ်ကျိုးရှာသူတို့က ကျိကျိတက်ချမ်းသာနေလေရာ ဆင်းရဲချမ်းသာကွာဟမှုက ဆီးစေ့နှင့် မြင်းမိုရ်ဖြစ်လာတော့သည်။

ယင်း၏အကျိုးဆက်ကား လူမှုရေးပြဿနာ တောင်ပုံရာပုံနှင့်အတူ ပညာရေးအဆင့်အတန်း၊ ကျန်းမာရေးအဆင့်အတန်း နိမ့်ကျမှုက အောက်နားကပ်လာသည်။

အတိုချုပ်ဆိုရလျှင် တိုင်းပြည်တစ်ခုလုံးနှင့် ပြည်သူတစ်ရပ်လုံး အထွေထွေအကျပ်အတည်းများ၊ အောက်တန်းနောက်တန်းကျမှုများကို မရှုနိုင်၊ မကယ်နိုင် ခံစားခဲ့ရသည်။

ယခုအခါ ခေတ်စနစ်တို့ပြောင်း၍ ပြည်သူတို့က ရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်အများစုက အာဏာနှင့် လုပ်ပိုင်ခွင့်ကို ပြန်လည် ရရှိလာခဲ့ပြီဖြစ်ရာ ပြည်သူ့ဘဏ္ဍာငွေများကို စနစ်တကျ မှန်မှန်ကန်ကန် သုံးစွဲရေးဆီသို့ တူရှုပြုလာခဲ့ပြီ။

ပြည်သူ့အကျိုးစီးပွားကို မျက်နှာမူကာ စီမံခန့်ခွဲမှုများကို ပြန်လည် တည့်မတ်အောင် ကြိုးစားနေကြပြီဖြစ်၏။

ပြည်သူ့ဘဏ္ဍာများကို သုံးစွဲရာ၌ မသမာမှု၊ အဂတိမှုများ လေလွင့် ပြုန်းတီးမှုများကင်းဝေးပြီး ထိရောက်သော စီမံခန့်ခွဲမှုများဖြင့် ပြည်သူ့အကျိုးဆောင်နိုင်ကြပါစေကြောင်း ပြည်သူ့အစိုးရကို အားပေးထောက်ခံရင်း တိုက်တွန်းလိုက်ရပါသတည်း။ ။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၅

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ အောင်လံမြို့နှင့်တောင်တွင်းကြီးမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၀ ဒသမ ၈၃ လက်မ၊ ဘားအံမြို့တွင် ၀ ဒသမ ၇၉ လက်မ၊ သထုံမြို့တွင် ၀ ဒသမ ၆၆ လက်မနှင့် တံတားဦးမြို့တွင် ၀ ဒသမ ၃၅ လက်မတို့ဖြစ်ကြသည်။

မိုး/ဇလ

# အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**အမျိုးဇာတ်ပျက်ယွင်းခြင်းမှဖယ်ရှားသည့် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ ။)**

**၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်**

**(၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမျိုးဇာတ်ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့်အက်ဥပဒေ (The Caste Disabilities Removal Act) နိဒါန်းတွင်ပါရှိသော "Whereas it is enacted by section 9, Regulation VII, 1832, of the Bengal Code, that" ဆိုသည့်စကားရပ်ကို "Whereas there is a principle that" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "Whereas it will be beneficial to extend the principle of that enactment" ဆိုသည့် စကားရပ်ကို "Whereas it will be beneficial to extend the principle" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် နိုင်ငံတကာမှ အကြီးအကဲများ၊ ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်။**

**ဘယ်လာရုစ် သမ္မတနိုင်ငံ**

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလုကာရှန်ကိုကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့ပါသည်။

အဆိုပါသဝဏ်လွှာတွင် အဆွေတော်အနေဖြင့် နိုင်ငံ့ဥသျှောင်ရာထူးတွင် စွမ်းစွမ်းတမံဆောင်ရွက်ခြင်းဖြင့် ဘယ်လာရုစ်နှင့် မြန်မာနိုင်ငံတို့ ဘက်ပေါင်းစုံတိုးတက်မှုများဖြစ်ပေါ်လာပြီး ပြည့်စုံကြွယ်ဝမှုများ ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ရာတွင်လည်း အဆွေတော်အနေဖြင့် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး အစစအရာရာ အောင်မြင်ပါစေကြောင်းနှင့် နိုင်ငံတော်အတွက် ငြိမ်းချမ်းမှုများဆောင်ကြဉ်းနိုင်ပါစေကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

**ကမ္ဘောဒီးယားနိုင်ငံ**

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်အာခါမိုနာဆီနာပါတိုင်းတဲ့ ချိုဟွန်ဆင်ကလည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဦးဝင်းမြင့်အား ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။

အဆိုပါသဝဏ်လွှာတွင် ယခုလို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ခံရခြင်းသည် အဆွေတော်၏ နိုင်ငံတော်အပေါ် တာဝန်ကျေပွန်ခဲ့မှု၏ အကျိုးရလဒ်ပင်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ယခင်က နိုင်ငံတော်အပေါ် တာဝန်ကျေပွန်ခဲ့မှုပင်ဖြစ်ပါကြောင်း၊ အဆွေတော်၏ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများ ငြိမ်းချမ်း၊ တည်ငြိမ်၊ သာယာဝပြောလာမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ကောင်းမွန်သော နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ကြောင်း၊ မိတ်ဝတ်မပျက် ရင်းနှီးဆက်ဆံမှု၊ နှစ်နိုင်ငံနှင့်အာဆီယံ ကွန်ရက်များအတွက် လာမည့်အနာဂတ်တွင် အဆွေတော်နှင့် မြန်မာအစိုးရနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ကြောင်း၊ အဆွေတော်အနေဖြင့် ကာယသုခ ဉာဏသုခနှင့်ပြည့်စုံပါစေကြောင်းနှင့် နိုင်ငံတော်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်ဟု ဖော်ပြပါရှိပါသည်။ ။

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၅-၄-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၁၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၂၅/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၂ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၅ ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၆ ·၂ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၅၀ ·၅ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၄ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၄ ·၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီမွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၃၁၈၊ Fax ၀၁-၅၄၆၂၁၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ခေတ်ပြောင်းစနစ်ပြောင်းကာလ

**ဒီနေ့ ဒီအချိန်အခါဟာ ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ခေတ်ပြောင်းစနစ်ပြောင်းကာလ ဖြစ်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလရဲ့အစပဲ ရှိပါသေးတယ်။ ဒီပြောင်းလဲမှုဖြစ်စဉ်ကြီး အောင်မြင်ချောမွေ့စေရန် ပြည်သူ၊ ပြည်သားများနဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ အားလုံးရဲ့ ပုံစံကျနေတဲ့ အတွေးအမြင်တွေ၊ ပုံသေကားချပ်အလေ့အထတွေအားလုံးကို ပြုပြင်ပြောင်းလဲပေးကြရန် အထူးလိုအပ်လှပါတယ်။ ပြုပြင်ပြောင်းလဲမှုနှောင့်နှေးနေတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းများကို ကြပ်မတ်ရပါလိမ့်မယ်။ ယိမ်းယိုင်နေတဲ့ တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်။ အဂတိလိုက်စားမှုကို ပိုမိုတိုက်ဖျက်ရပါလိမ့်မယ်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများကို မြှင့်တင်ကာကွယ်ရပါလိမ့်မယ်။ မူးယစ်ဆေးဝါးကို ပိုမိုနှိမ်နင်းရပါလိမ့်မယ်။ ပြည်သူ့ဘဏ္ဍာငွေများ အလေအလွင့် ဆုံးရှုံးမှုမရှိစေရန် စီမံခန့်ခွဲရပါလိမ့်မယ်။ ဥပဒေမဲ့သိမ်းဆည်းခံခဲ့ရတဲ့ လယ်ယာမြေများ ပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးတို့ကို ဥပဒေနဲ့အညီ ဆောင်ရွက်ရပါလိမ့်မယ်။ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝမြင့်မားတိုးတက်ရေး၊ အလုပ်သမားများရဲ့ဘဝသာယာစိုပြည်ရေး၊ ကျောင်းသားလူငယ်များ အဆင့်မြင့်ပညာရပ်များ ဆည်းပူးခွင့်ရရှိရေး စသည်တို့ကို ဖော်ဆောင်ရပါလိမ့်မယ်။**

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀- ၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

**ယခုလာမယ့် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်အတွက် ကျွန်မတို့အစိုးရအနေနဲ့ "စုပေါင်းအင်အား" ကို အလေးထားပြီး နိုင်ငံရဲ့စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။**

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်
မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ ရှေ့ဖုံးမှ

နှင်းဆီရင်ခွင်ဟာ အနုပညာသည်များနဲ့ ထူထောင်ထားတဲ့ လူမှုရေးဖောင်ဒေးရှင်းဆိုပြီး ပြည်သူတွေအတွက် အများကြီး ဆွဲဆောင်မှုရှိပါတယ်။ အနုပညာရှင်များရဲ့ အဓိကအင်အားတစ်ခုဟာ နှလုံးသားကို ဆွဲဆောင်နိုင်ခြင်းပဲဖြစ်ပါတယ်။ အခုလို အလှူတွေပေးတယ်ဆိုတာ ရုပ်ပိုင်းဆိုင်ရာအတွက် လုပ်နိုင်တာမှန်ပါတယ်။ ဒါပေမယ့် ဒါ့ထက်ပိုအရေးကြီးတာက စိတ်ပိုင်းဆိုင်ရာအနေနဲ့ ကျွန်မတို့ ဆွဲဆောင်နိုင်တာပဲဖြစ်ပါတယ်။ ဒီလိုအနုပညာရှင်များကနေ ဦးဆောင်ပြီးတော့ နိုင်ငံ့အတွက် ဝိုင်းပြီးလုပ်တယ်ဆိုရင် ပြည်သူတွေကလည်း ပါဝင်ကူညီချင်တဲ့စိတ်လည်း ဖြစ်တယ်၊ နောက်ပြီးတော့ ပိုမိုပြီးတော့လည်း စိတ်ဝင်စားလာမယ်။

**သဘောထားတွေ ပိုပြီးနီးကပ်လာ**

"အနုပညာရှင်များဟာ စိတ်ပိုင်းဆိုင်ရာ အနေနဲ့လည်း ဆက်လက်ပြီးတော့ ကျွန်မတို့ကို ကူညီပေးမယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ အခုဟာက ရခိုင်ပြည်နယ်အတွက်တင် ကျွန်မတို့ လက်ခံတာမဟုတ်ပါဘူး။ တကယ်တော့ ကျွန်မတို့ နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေးအတွက် လက်ခံတယ်လို့ ကျွန်မတို့ ဒီလိုပဲမှတ်ယူပါတယ်။ အရင်တုန်းကဆိုရင် ကျွန်မတို့ ဒီလိုအဖွဲ့အစည်းတွေကို နိုင်ငံတော်ငြိမ်းချမ်းရေးအဖွဲ့အစည်းဆိုပြီး ခေါ်ပါတယ်။ ငြိမ်းချမ်းရေးတစ်ခုတည်းတင် မဖြစ်ဘူး။ အမျိုးသားရင်ကြားစေ့ရေးကိုပါ ထည့်ချင်တယ်ဆိုပြီးတော့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးစင်တာ ဆိုပြီးတော့ ဒီလိုလုပ်လိုက်ပါတယ်။ ဒီလိုပြောရခြင်းဟာ ဘာဖြစ်လို့လဲဆိုတော့ တချို့က ငြိမ်းချမ်းရေးဆိုတာ လက်နက်ကိုင်တိုက်ခိုက်မှုတွေဖြစ်နေတော့မှ လိုအပ်တဲ့ကိစ္စ။ လက်နက်ကိုင်တိုက်ခိုက်မှုတွေဖြစ်နေလို့ ငြိမ်းချမ်းရေး လိုအပ်တယ်ဆိုပြီး ဒီလိုမြင်ကြတယ်။ အဲဒီတော့ နည်းနည်းအမြင်ကကျဉ်းသွားတယ်။ အမျိုးသားရင်ကြားစေ့ရေးဆိုတာက တကယ့်နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေးအတွက် အရေးကြီးတဲ့ကိစ္စပါ။ အချင်းချင်းကြားမှာ နားလည်မှုတွေတော့ ရှိတယ်။ ရင်ကြားစေ့ရေးဆိုတာ တစ်ယောက်နဲ့တစ်ယောက် မတူတဲ့အမြင်တွေမှာ သဘောထားတွေ ပိုပြီးတော့နီးကပ်လာ အောင်လုပ်ပေးတာပဲဖြစ်ပါတယ်။

**မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်**

"လူတစ်ယောက်နဲ့တစ်ယောက်ကြားမှာ သဘောထားချင်း မတူညီနိုင်ပါဘူး။ တူလည်းမတူသင့်ပါဘူး။ အားလုံးဟာ တစ်သဘောတည်း၊ အားလုံးဟာ တစ်ပုံစံတည်း စဉ်းစားမယ်ဆိုရင် ကျွန်မတို့ကမ္ဘာကြီးဟာ တိုးတက်ဖို့ ကျယ်ပြန့်တဲ့ အတွေးအခေါ်တွေ ဝင်လာဖို့ အင်မတန်ခက်သွားပါလိမ့်မယ်။ ဒီတော့ မတူတဲ့အတွေးအခေါ်တွေရှိတာ၊ မတူတဲ့အမြင်တွေရှိတာဟာ ကောင်းပါတယ်။ ဒါပေမယ့် မတူတဲ့အတွေးအခေါ်တွေ၊ မတူတဲ့အမြင်တွေကို ညှိနှိုင်းနိုင်ဖို့ရာ၊ အဲဒီအရည်အချင်းတွေ ကျွန်မတို့အားလုံးမှာ လိုအပ်ပါတယ်။ ကျွန်မတို့ဟာ မတူတဲ့ဟာတွေကနေ၊ မတူကွဲပြားမှုကနေ ညီညွတ်မှု ထူထောင်မယ်ဆိုတာ ဒါကိုပြောတာပါ။ ကျွန်မတို့ဟာ မတူတဲ့သဘောထားတွေကို ကိုယ်နဲ့စိတ်ချင်းမတူတဲ့ ကိစ္စတစ်ခုတင်ပြခဲ့ပြီဆိုရင် ပထမဦးဆုံးအနေနဲ့ကတော့ နားထောင်ရမယ်။ နားထောင်ပြီးတော့ သူပြောတာဟုတ်သလား၊ မဟုတ်သလား ဒါကို ဆင်ခြင်သုံးသပ်ရမယ်။ ဒီလို ဆင်ခြင်သုံးသပ်တဲ့အခါမှာ ကိုယ့်ရဲ့ အတွေ့အကြုံက ကျယ်ပြန့်တာနဲ့အမျှ ပိုပြီးတော့ မှန်မှန်ကန်ကန် ဆင်ခြင်သုံးသပ်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုအတွေးအခေါ်တွေကို အနုပညာရှင်တွေက ဖြန့်ပေးစေချင်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး နှင်းဆီရင်ခွင်လူမှုကူညီရေးဖောင်ဒေးရှင်းမှ လှူဒါန်းသည့်အလှူငွေကို လက်ခံရယူစဉ်။ သတင်းစဉ်

"ကျွန်မတို့ရဲ့ ပြည်သူတွေကြားမှာ တစ်ဖက်ရဲ့အမြင်၊ တစ်ဖက်ရဲ့သဘောထားကို အလေးထားပြီးတော့ နားထောင်ဖို့၊ ဆင်ခြင်ဖို့၊ သုံးသပ်ဖို့၊ မှန်သလားမမှန်ဘူးလား၊ လက်ခံသင့်သလား၊ လက်မခံသင့်ဘူးလား၊ တစ်ခါတလေ ပြဿနာတစ်ခုမှာ အဖြေတစ်ခုထက်မက ရှိပါတယ်လို့ ကျွန်မထပ်တလဲလဲ ပြောဖူးပါတယ်။ အထူးသဖြင့် နိုင်ငံရေးလောကမှာဆိုရင် အမြင်တွေက အမျိုးမျိုးရှိတယ်။ တချို့တွေက လမ်းတစ်လမ်းပဲ မှန်တယ်လို့သတ်မှတ်တယ်။ ကျွန်မကဒီလိုမမြင်ပါဘူး။ ကျွန်မရဲ့ အတွေ့အကြုံအရ သမိုင်းအတွေ့အကြုံအရ သမိုင်းပညာရှင်များ၊ သမိုင်းလေ့လာသူများ သိပါတယ်။

**အောင်မြင်အောင်ကြိုးစား**

"ပြဿနာတစ်ခုအတွက် အဖြေဆိုတာ တစ်ခါတလေတစ်ခုမက နှစ်ခုမကရှိပါတယ်။ အဖြေမှန်ကလည်း တစ်ခုတည်းလို့ ပြောလို့မရပါဘူး။ အဲဒီတော့ အဖြေမှန်တွေများတဲ့အထဲမှာ ဘယ်ဟာအကောင်းဆုံးလဲဆိုတာ ကိုယ့်ရဲ့ အခြေအနေနဲ့ ကိုက်ညီမှု၊ ကိုယ်ကလုပ်နိုင်တဲ့ အခြေအနေရှိမှု၊ ဒါတွေကို ချင့်ချိန်ပြီးတော့ ရွေးတတ်ရတယ်။ ရွေးပြီးရင် အောင်မြင်အောင်လည်း ကြိုးစားရမယ်။ အောင်မြင်အောင်ကြိုးစားတယ်ဆိုတာမှာ ဝီရိယရှိဖို့ လိုတာပေါ့။

**အတွေးအခေါ်တွေ ပိုပြီးထိရောက်**

"သို့သော်ငြားလည်း ဒီလမ်းကို အောင်မြင်အောင် လျှောက်မယ် ဆုံးဖြတ်ရာမှာလည်း ဘယ်တော့မှ လမ်းမပြောင်းဘူးလို့ပြောလိုတာ မဟုတ်ပါဘူး။ ငါတစ်ခါ ဆုံးဖြတ်ထားလို့ ငါ့ရဲ့စိတ်ကို ဘယ်တော့မှ မပြောင်းဘူး။ ဒီအတိုင်းပဲသွားမယ်ဆိုတာ ဒါဟာပညာမရှိပါဘူး။ ပညာရှိတဲ့လုပ်ရပ်မဟုတ်ပါဘူး။ ဒီလမ်းသွားရင်းနဲ့ လမ်းမှာ အဆင်မပြေဘူးဆိုရင် ဘေးကနေပြီးတော့ ကိုယ်လိုချင်တဲ့ပန်းတိုင်ကို တခြားလမ်းကနေပြီးတော့သွားဖို့ ဒါကိုလည်း ကျွန်မတို့ ပြင်ထားဖို့လိုပါတယ်။ ဒီလိုစိတ်သဘောထားတွေကို အနုပညာရှင်များက ပြည်သူပြည်သားတွေကြားထဲမှာ အများကြီးဖြန့်ဝေပေးနိုင်တယ်လို့ ယုံကြည်ပါတယ်။ ဒီလိုဖြန့်ဝေပေးရာမှာ စကားနဲ့၊ ကိုယ့်ရဲ့ သရုပ်ဆောင်မှုနဲ့မဟုတ်ဘဲ အလုပ်နဲ့လုပ်ပြတယ်ဆိုရင် ပိုပြီးတော့ ကိုယ့်ရဲ့ ပြောတဲ့ဆိုတဲ့ကိစ္စတွေ၊ ကိုယ့်ရဲ့ အတွေးအခေါ်တွေ ပိုပြီးထိရောက်ပါတယ်။

**"အနုပညာရှင်များဟာ စိတ်ပိုင်းဆိုင်ရာအနေနဲ့လည်း ဆက်လက်ပြီးတော့ ကျွန်မတို့ကို ကူညီပေးမယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ အခုဟာက ရခိုင်ပြည်နယ်အတွက်တင် ကျွန်မတို့ လက်ခံတာမဟုတ်ပါဘူး။ တကယ်တော့ ကျွန်မတို့နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းရေးအတွက် လက်ခံတယ်လို့ ကျွန်မတို့ ဒီလိုပဲမှတ်ယူပါတယ်။ အရင်တုန်းကဆိုရင် ကျွန်မတို့ ဒီလိုအဖွဲ့အစည်းတွေကို နိုင်ငံတော်ငြိမ်းချမ်းရေး အဖွဲ့အစည်းဆိုပြီး ခေါ်ပါတယ်"**

**အမျိုးသားရင်ကြားစေ့ရေး**

"နှင်းဆီရင်ခွင်ကနေပြီးတော့ ရခိုင်ပြည်နယ်မှာ ကြိုးပမ်းမှုတွေ အောင်မြင်ရေးအတွက် လက်တွေ့ကျကျ ထောက်ခံတယ်၊ ထောက်ပံ့တယ်၊ အားပေးတယ်ဆိုတာ ပြည်သူတွေသိသွားရင် ဒီလိုအနုပညာရှင်တွေများတဲ့ နိုင်ငံအတွင်းမှာ အမျိုးသားရင်ကြားစေ့ရေးကိစ္စ၊ ငြိမ်းချမ်းရေးကိစ္စတွေနဲ့ ပတ်သက်လို့ ပြောတာဆိုတာ သရုပ်ဆောင်တာတွေကို ပိုပြီး လေးလေးနက်နက်ထားမယ်။ တစ်နည်းအားဖြင့် အနုပညာဟာ ကျွန်မတို့ ငြိမ်းချမ်းရေးဖြစ်စဉ်၊ အမျိုးသားရင်ကြားစေ့ရေးဖြစ်စဉ်ကို ကူညီထောက်ပံ့သလို ကျွန်မတို့ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ အမျိုးသားရင်ကြားစေ့ရေး ဖြစ်စဉ်ကလည်း အနုပညာသည်များအတွက် ပညာကို ထောက်ပံ့လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အပြန်အလှန်ပေါ့။

**ထိရောက်တဲ့စွမ်းအင်တွေ ဖြစ်လာ**

"အဲဒီတော့ စုပေါင်းအင်အားရဲ့လေးနက်မှုကို ရိုးရိုးလေး ပြောရမယ်ဆိုရင် တစ်နဲ့တစ်နဲ့ပေါင်းရင် သုံးတောင်ဖြစ်ရမယ်။ ဒါ စုပေါင်းအင်အား။ တစ်ယောက်ချင်း တစ်ယောက်ချင်းဆိုရင်တော့ တစ်ယောက်နဲ့ တစ်ယောက်ဆိုတော့ နှစ်ပေါ့။ မပေါင်းရင်လည်း တစ်နဲ့တစ်ဆို နှစ်ပဲ။ ဒါပေမယ့် တစ်နဲ့ တစ်ပေါင်းလိုက်ရင် သုံးဆိုတဲ့ အပိုအင်အားတွေ ပိုမိုပြီးတော့ ထိရောက်တဲ့စွမ်းအင်တွေ ဖြစ်လာပါလိမ့်မယ်။ ဒါ ကျွန်မတို့ တစ်ယောက်မက အများကနေ စုပေါင်းပြီး လုပ်မယ်ဆိုရင် အများကြီးထိရောက်ပါတယ်။

*စာမျက်နှာ ၅ သို့*

# “အနာဂတ် မြန်မာ့အားကစားလောကတွင် ဉာဏ်ရည်မြင့်မားပြီး စွမ်းရည်ထက်မြက်သည့် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ဦးဆောင်ပြီး အောင်မြင်မှုများရယူနိုင်သည့်အနေအထားကို မျှော်လင့်”

❖ ကျောဖုံးမှ

အဆိုပါ လုပ်ငန်းတာဝန် ၆ ရပ်မှာ (၁၉)ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သောလမ်းညွှန်မှုချမှတ်ပေးခြင်း၊ (၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲများ ကျင်းပရာတွင် လုပ်ငန်းအဖွဲ့အလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းသတ်မှတ်ဆောင်ရွက်ခြင်း၊ အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရန်အတွက် လိုအပ်သောရန်ပုံငွေရရှိရေးကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ညှိနှိုင်းသတ်မှတ်ဆောင်ရွက်ခြင်း၊ အားကစား ပြိုင်ပွဲများ ကျင်းပပြုလုပ်ရန်အတွက် လိုအပ်သော ပြိုင်ပွဲကျင်းပရေးကွင်းများနှင့် တည်းခိုနေထိုင်ရေး အဆောက်အအုံများရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းသတ်မှတ်ဆောင်ရွက်ခြင်း၊ ကျင်းပရေးနှင့် ပါဝင်ယှဉ်ပြိုင်အောင်နိုင်ရေးအတွက် ပြည်ပနိုင်ငံများ၏ အကူအညီ၊ NGO/ INGO များ၏ အကူအညီလိုအပ်ပါက ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒချမှတ် လမ်းညွှန်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ကိုယ်စားပြု ဖော်ညွှန်းပြသနိုင်သော ဖွင့်ပွဲအခမ်းအနားများနှင့် ပိတ်ပွဲအခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သော လမ်းညွှန်မှုများ ချမှတ်ပေးခြင်းတို့ ဖြစ်ပါကြောင်း။

**ဆပ်ကော်မတီ ၁၇ ခု ဖွဲ့စည်းရန်လျာထား**

ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများကိုလည်း ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် လုပ်ငန်းကော်မတီ ၁၅ ခုနှင့် ဆပ်ကော်မတီ ၁၇ ခုတို့ကို ဖွဲ့စည်းရန် လျာထားသည်ကို သိရှိရပါကြောင်း။



ဒေါက်တာမျိုးသိမ်းကြီး
ပြည်ထောင်စုဝန်ကြီး



ဒေါက်တာမြင့်ထွေး
ပြည်ထောင်စုဝန်ကြီး

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ကျန်းမာ ကြံ့ခိုင်ပြီး ဉာဏ်ရည်မြင့်မားသည့် ဘက်စုံဖွံ့ဖြိုးသော လူ့စွမ်းအားအရင်းအမြစ်များကို တက္ကသိုလ်များမှ မွေးထုတ်ပေးနိုင်ရန်နှင့် တက္ကသိုလ်များမှ ဉာဏ်ရည်မြင့်မားပြီး တည်ငြိမ်ရင့်ကျက်သည့် ထူးချွန်သော နိုင်ငံ့ကိုယ်စားပြု အားကစားသမားများ ပေါ်ထွန်းလာစေရန်အတွက် အဆင့်မြင့်ပညာကဏ္ဍတွင် အားကစားနှင့် ပညာရေးကို ပေါင်းစပ်ပြီး လေ့ကျင့်သင်ကြားမှုများကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**သင်တန်းများ ဖွင့်လှစ်လေ့ကျင့်**

ထိုသို့ ဆောင်ရွက်ရာတွင် အားကစားနှင့် ပညာရေးပေါင်းစပ်ပြီး အဆင့်မြင့်ပညာကဏ္ဍ၌ သာမက အခြေခံပညာကဏ္ဍများမှာပါ လုပ်ငန်းခုနစ်ခုကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ၎င်းတို့မှာ အားကစားနည်းတစ်ခုချင်းအလိုက် စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးပြီး တက္ကသိုလ်၊ ကောလိပ်အဆင့်ပြိုင်ပွဲ၊ ဇုန်အဆင့်ပြိုင်ပွဲနှင့် တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံအားကစားပြိုင်ပွဲများကျင်းပ၍ နိုင်ငံတကာအဆင့် တက္ကသိုလ် အားကစားအသင်းများ ဖွဲ့စည်း လေ့ကျင့်ခြင်း၊ အာဆီယံ တက္ကသိုလ်အဆင့် အားကစားပြိုင်ပွဲများ၊ အာဆီယံအားကစားပြိုင်ပွဲ (SEA Game) များတွင် နိုင်ငံကိုယ်စားပြု၍ ပါဝင်ယှဉ်ပြိုင်စေခြင်း၊ အာဆီယံနိုင်ငံများရှိ တက္ကသိုလ်များ၊ အိမ်နီးချင်းနိုင်ငံများရှိ တက္ကသိုလ်များနှင့်ညှိနှိုင်း၍ ချစ်ကြည်ရေး အားကစားပြိုင်ပွဲများသို့ စေလွှတ်ပေးခြင်း၊ အခြေခံပညာကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ဇုန်အဆင့်နှင့် အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အားကစားနည်းတစ်ခုချင်း အလိုက် စွမ်းရည်မြင့်မားသူများ ပေါ်ထွန်းလာရေးအတွက် အသက်အုပ်စုအလိုက် ပိုင်းခြားယှဉ်ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အလားအလာရှိသည့် အခြေခံပညာ ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်၊ ကောလိပ် သင်တန်းသားများအား အသက်အုပ်စုအလိုက် အားကစားအသင်းများအဖြစ် စုဖွဲ့လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အားကစားနည်း တစ်ခုချင်းအလိုက် နည်းစနစ်သင်တန်း၊ ဒိုင်လူကြီးသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ (ASEAN University Games-AUG) ကို ၁၉၈၁ ခုနှစ်ကစတင်ပြီး နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့ရာမှာ ယခု ၂၀၁၈ ခုနှစ်တွင် (၁၉) ကြိမ်မြောက်ရောက်ရှိပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့အနေဖြင့် ၂၀၁၀ ပြည့်နှစ်တွင် ထိုင်းနိုင်ငံချင်းမိုင်မြို့၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၅) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစား ပြိုင်ပွဲတွင် ပထမဦးဆုံးအနေဖြင့် စတင်ပါဝင်ယှဉ်ပြိုင်ခဲ့ပါကြောင်း။

၎င်းနောက်ပိုင်းတွင် (၁၆)ကြိမ်မြောက်မှ (၁၈) ကြိမ်မြောက်ထိ မြန်မာနိုင်ငံတက္ကသိုလ်များ အားကစားအဖွဲ့အနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည်ကိုလည်း တွေ့ရမည်ဖြစ်ပါကြောင်း။

**ကြိုတင်ပြင်ဆင်ဆောင်ရွက်**

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကို လာမည့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အားကစားအမျိုးအစား ၁၆ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်၍ အားကစား အမျိုးအစားအားလုံးတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် အောင်နိုင်မှုရရှိရေးတို့အတွက် သက်ဆိုင်ရာ အားကစားဆပ်ကော်မတီများ အလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ ကျင်းပရသည့် ရည်ရွယ်ချက်များတွင် ပါဝင်သည့် အာဆီယံနိုင်ငံအချင်းချင်း အားကစားမှတစ်ဆင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာလာစေရေး၊ တက္ကသိုလ်ကျောင်းသား ကျောင်းသူအချင်းချင်း ပညာရပ်အတွေ့အကြုံများနှင့် ယဉ်ကျေးမှုများကို ဖလှယ်ခွင့်ရရှိရေးဆိုသည့်အချက်ကိုလည်း သတိထားရန်လိုအပ်ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ Image ကို အားကစားပြိုင်ပွဲများမှ ကြည့်ပြီး ခန့်မှန်းနိုင်တာဖြစ်သည့်အတွက် အောင်နိုင်ရေးကို အဓိကထားသကဲ့သို့ ယှဉ်ပြိုင်ရာတွင်လည်း သန့်သန့်ရှင်းရှင်း မှန်မှန်ကန်ကန်နှင့် Fair Play ဖြစ်ရန်လည်း လိုအပ်ပါကြောင်း။

**အောင်နိုင်မှုရရှိရေး**

အနာဂတ် မြန်မာ့အားကစားလောကတွင် ဉာဏ်ရည်မြင့်မားပြီး စွမ်းရည်ထက်မြက်သည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ ဦးဆောင်ပြီး အောင်မြင်မှုများ ရယူနိုင်သည့် အနေအထားကို မျှော်လင့်ပြီး မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မြန်မာနိုင်ငံ တက္ကသိုလ်များ အားကစားအသင်း အောင်နိုင်မှုရရှိရေးတို့အတွက် တက်ရောက်လာကြသူများမှ ပွင့်ပွင့်လင်းလင်းဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိမ်းကြီးက ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီများဖွဲ့စည်းထားမှု၊ ဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားများ ကျင်းပသွားမည့် အစီအစဉ်များ၊ အာဆီယံတက္ကသိုလ်များ အားကစားကောင်စီ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်သွားမည့် အစီအစဉ်များ၊ အာဆီယံတက္ကသိုလ်များ အားကစားပြိုင်ပွဲများ ကျင်းပခဲ့မှု သမိုင်းကြောင်းနှင့် ပြိုင်ပွဲဝင်နိုင်ငံများ၏ အခြေအနေများ၊ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားမှု၊ ပြိုင်ပွဲသင်္ကေတအမှတ်တံဆိပ်၊

*စာမျက်နှာ ၅ ကော်လံ ၁ သို့*

❇ ကျောဖုံးမှ

ကော်မတီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဗဟိုသမဝါယမအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်း၊ လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့နှင့် လယ်ယာစီးပွားအတိုင်ပင်ခံအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ထုတ်ပြန်ကြေညာ**

အစည်းအဝေးတွင် တောင်သူ လယ်သမား အခွင့်အရေးကာကွယ်ရေး နှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကား ပြောကြားရာ၌ **“တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ”**ကို အခန်း(၈) ခန်း၊ ပုဒ်မ(၂၉)ခုဖြင့်ရေးဆွဲခဲ့ပြီး ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် အတည်ပြု ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

ဥပဒေအခန်း ၂၊ ပုဒ်မ ၃ တွင် အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သောချေးငွေနှင့် အကူအညီများပေး၍ အထောက်အကူပြုရန်၊ ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို လွယ်ကူအဆင်ပြေပံ့ပိုးပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ လယ်ယာထုတ်ကုန်များ ရောင်းချရာတွင် သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရေးတို့အတွက် တောင်သူလယ်သမားများကို ကူညီဆောင်ရွက်ရန်၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ထိရောက်စွာ ဆောင်ရွက်ရန်နှင့် သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် ကူညီထောက်ပံ့မှုများကို အတတ်နိုင်ဆုံး အထောက်အကူပြု ပံ့ပိုးရန်စသည့် ရည်ရွယ်ချက် (၅) ရပ်ကို ပြဋ္ဌာန်းထားပါကြောင်း။

ယခုအစည်းအဝေးသည် ရည်ရွယ်ချက်များနှင့် ဥပဒေပါပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် တတိယအကြိမ်ကျင်းပသည့် ဦးဆောင်အဖွဲ့စုံညီအစည်းအဝေးဖြစ်ပါကြောင်း၊ ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို မြေပြင်တွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားလုံးဝိုင်းဝန်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြပြီး ဖြစ်ပါကြောင်း။

ယနေ့ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၆ ခုနှစ် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးထိခိုက်နစ်နာခဲ့သည့် တောင်သူများကို ပံ့ပိုးကူညီနိုင်ရန် ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်သီးသန့်ရန်ပုံငွေမှ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ပျက်စီးသွားသည့် သီးနှံများကို ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် ငွေကျပ် ၄၆၆၄ သန်း၊ တာတမံများပြန်လည်ပြုပြင်နိုင်ရန် ငွေကျပ်သန်း ၄၁၉၀ နှင့် လမ်းတံတားများ ပြန်လည်ပြုပြင်နိုင်ရန် ငွေကျပ် ၂၄၇၁ သန်း စုစုပေါင်း ငွေကျပ်သန်းပေါင်းတစ်သောင်း တစ်ထောင်ကျော် ထောက်ပံ့ကူညီပေးနိုင်ခဲ့ပါကြောင်း။

**တိုးတက်ထုတ်ချေးနိုင်**

ထို့အပြင် တောင်သူလယ်သမားကြီးများ စိုက်ပျိုးရာသီ အချိန်မီစိုက်ပျိုးနိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေများကို တိုးတက်ထုတ်ချေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိရာ ယခင်က မိုးစပါးတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းမှ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးရာသီမှစ၍ တစ်ဧကငွေတစ်သိန်းခွဲနှုန်းအထိ တိုးမြှင့်ထုတ်ချေးနိုင်ခဲ့ပြီး အခြားသီးနှံများအတွက် ယခင်တစ်ဧကလျှင် ငွေကျပ်နှစ်သောင်းနှုန်းမှ ၂၀၁၇-၂၀၁၈ ခုနှစ်မှစ၍ တစ်ဧကငွေကျပ်ငါးသောင်းနှုန်းအထိ တိုးတက်ထုတ်ချေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် ဂျပန်နိုင်ငံ JICA ၏ နှစ်ဆင့်သွားချေးငွေ အစီအစဉ်ဖြင့် လယ်ယာသုံးစက်ကိရိယာများ တိုးတက်သုံးစွဲနိုင်ရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၇-၂၀၁၈ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခု၊ မြို့နယ် ၆၀၊ တောင်သူ ၂၅၈ ဦးအတွက် ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက် စုစုပေါင်း



ဒေါက်တာအောင်သူ
ပြည်ထောင်စုဝန်ကြီး



ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး

၂၅၈ စီးအတွက် ငွေကျပ် ၉၀၈၂ ဒသမ ၂၁ သန်းကို မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးခဲ့ပြီးဖြစ်ပါကြောင်း၊ လယ်ယာသုံးစက်ကိရိယာသာမက မျိုးစေ့သန့်စင်စက်၊ အခြောက်ခံစက်၊ ဆန်စက်နှင့် ဆီစက်များ တည်ဆောက်နိုင်ရန်လည်း တိုးချဲ့ထုတ်ချေးပေးသွားမည် ဖြစ်ပါကြောင်း။

**နိုင်ငံ့ပိုမို တိုးတက်လာမည်**

ဥပဒေ၏ ရည်ရွယ်ချက်များနှင့် ဥပဒေပါပြဋ္ဌာန်းချက်များကို ပြည့်မီထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အစိုးရ၊ လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့ပိုမို တိုးတက်လာမည် ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံအတွက် အရေးကြီးသည့် ကဏ္ဍဖြစ်ပါကြောင်း၊ ဆန်သည် အဓိက စားသုံးသီးနှံဖြစ်ပြီး ပြည်ပပို့ကုန် တစ်ခုအနေဖြင့်လည်း နိုင်ငံခြားဝင်ငွေရရှိနေသည့် အဓိကပို့ကုန်တစ်ခု ဖြစ်ပါကြောင်း၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေတွင်လည်း နိုင်ငံတော်၏ အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးစိုက်ပျိုးမှုကို မထိခိုက်စေဘဲ မိမိတို့လယ်ယာမြေပေါ်တွင် မိမိတို့ကြိုက်နှစ်သက်သည့်သီးနှံကို လွတ်လပ်စွာစိုက်ပျိုးခွင့်ရှိသည့် အားလျော်စွာ မိမိဒေသ၊ ရေမြေအခြေအနေနှင့် လိုက်လျောညီထွေဖြစ်ထွန်းမည့်သီးနှံကို လွတ်လပ်စွာ စိုက်ပျိုးခွင့်ပြုထားပါကြောင်း။

မြန်မာနိုင်ငံ၏ စပါးကဏ္ဍသည် ပြန်လည်ဦးမော့လာပြီဖြစ်ပြီး ယခုနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် သုံးသန်းကျော် တင်ပို့ခဲ့ပြီးဖြစ်သည်ဟု သိရပါကြောင်း၊ နှစ်ပေါင်း ၇၀ အတွင်း ပြန်လည်တိုးတက်လာသည့်အခြေအနေဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဆန်တန်ချိန် သုံးသန်းကျော် တင်ပို့ရောင်းချနိုင်ရန် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် တောင်သူလယ်သမားများ၊ ပါဝင်ဆောင်ရွက်ကြသည့် ဌာနအသီးသီးမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဆန်စပါးလုပ်ငန်းရှင်များကို အထူးပင် အသိအမှတ်ပြုဂုဏ်ပြုအပ်ပါကြောင်း။

**ဝိုင်းဝန်းကြိုးပမ်း**

ဈေးကွက်က မည်သည့်ဆန်အမျိုးအစားကို ကြိုက်နှစ်သက်သည်၊ ကမ္ဘာ့လူသားများ၏ လိုအပ်ချက်၊ ကမ္ဘာ၏ တိုးတက်မှုများကို လေ့လာလျှင် ယနေ့ Organic Farming ကိုဦးစားပေးလာကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းရှိရန် အရေးအတွက်သာမက အရည်အသွေးပါ တိုးတက်ကောင်းမွန်ရန် ဝိုင်းဝန်းကြိုးပမ်းနေကြရမည် ဖြစ်ပါကြောင်း။

စပါးစိုက်တောင်သူများ ဝင်ငွေနှင့် အကျိုးစီးပွား အာမခံချက်ရှိစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ၂၀၁၈ ခုနှစ် နွေစပါးရာသီတွင်

*စာမျက်နှာ ၅ ကော်လံ ၂ သို့*

*စာမျက်နှာ ၃ မှ*

"အနုပညာရှင်များလည်း နားလည်မှာပါ။ အနုပညာနဲ့ ပတ်သက်ပြီးတော့ သရုပ်ဆောင်တဲ့ ဇာတ်လမ်းတွေ အောင်မြင်ဖို့ဆိုတာ တစ်ယောက်တည်းနဲ့မပြီးပါဘူး။ ဒါရိုက်တာကလည်း တော်ရတယ်၊ သရုပ်ဆောင်လည်း တော်ရတယ်၊ ဝိုင်းဝန်းကူညီပံ့ပိုးတဲ့သူလည်း တော်ရတယ်၊ ယုတ်စွအဆုံး ဟိုဟာဒီဟာ ပစ္စည်းတွေဝိုင်းဝန်းသယ်ပေးတဲ့ ပုဂ္ဂိုလ်တွေကလည်း ကိုယ့်ရဲ့တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နိုင်ရမယ်။ ဒါမှလည်း ဒီပွဲကြီးတစ်ပွဲ အောင်မြင်နိုင်မှာပါ။ အဲဒီတော့ အနုပညာရှင်များဟာ လက်တွေ့ကျကျ နေ့စဉ်နဲ့အမျှ မိမိတို့ရဲ့ပညာနဲ့ အသက်မွေးဝမ်းကျောင်းကို ထပ်တူထပ်မျှလုပ်နေရင်းနဲ့ စုပေါင်းအင်အားရဲ့အာနိသင်နဲ့ စုပေါင်းအင်အားရဲ့လိုအပ်မှုတွေကို နားလည်မယ်ဆိုတာ ကျွန်မတို့ ယုံကြည်ပါတယ်။ ဒါကြောင့်မို့ ဒီကနေ့ နှင်းဆီရင်ခွင်ကနေပြီးတော့ နိုင်ငံနဲ့ နိုင်ငံသူ နိုင်ငံသားများအပေါ် စေတနာမေတ္တာထားပြီးတော့ လူသားများအပေါ်မှာ ကြင်နာတဲ့စိတ်တွေနဲ့ ဝိုင်းဝန်းပြီး ကူညီတာတွေကို ကြိုဆိုပါတယ်။ နောင်လည်း အများကြီးထပ်လှူနိုင်ပါစေလို့"ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ရှေ့မှောက်၌ ဒါရိုက်တာမောင်မျိုးမင်းက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ နှင်းဆီရင်ခွင် လူမှုကူညီရေးဖောင်ဒေးရှင်းကိုယ်စား လှူဒါန်းငွေကျပ် သိန်း ၆၅၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ဒါရိုက်တာမောင်မျိုးမင်းနှင့် နှင်းဆီရင်ခွင် လူမှုကူညီရေးဖောင်ဒေးရှင်း အဖွဲ့ဝင်များက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပုံတူပန်းချီကားကို ပေးအပ်သည်။

ယင်းနောက် ဒါရိုက်တာမောင်မျိုးမင်းက အလှူငွေများ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၄ မှ*

အထိမ်းအမှတ် လာဘ်ကောင်နှင့် ပြိုင်ပွဲဆောင်ပုဒ်တို့ ရွေးချယ်ထားမှု၊ ထည့်သွင်းကျင်းပမည့် အားကစားအမျိုးအစားများ၊ ပြိုင်ပွဲဝင် အားကစားသမားများအား ကြိုတင်စခန်းသွင်းလေ့ကျင့်ပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

**မျိုးဆက်သစ်အားကစားသမား**

ဆက်လက်၍ ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပြီးစီးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ပြင်ဆင်ထားမှု၊ မျိုးဆက်သစ် အားကစားသမား လေ့ကျင့်ပျိုးထောင်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီ အတွင်းရေးမှူး အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး(၁) အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် ဦးစီးကော်မတီဝင်များက ပြိုင်ပွဲကျင်းပရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ဦးစီးကော်မတီ ဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဥက္ကဋ္ဌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဦးစီးကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပါဝင်ယှဉ်ပြိုင်ကြမည်**

(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအတွင်း လက်ခံကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမား ၃၁၀၀ ကျော်ခန့် ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

အားကစားပြိုင်ပွဲ၌ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ စစ်တုရင်၊ ဘောလုံး၊ ဂေါက်သီး၊ ကရာတေးဒို၊ ပီတန်း၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ ရေကူး၊ ဝူရှူး၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘောနှင့် ဗိုဗီနမ် အပါအဝင် အားကစားနည်း ၁၆ နည်းကို ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဩစတြေးလျသံအမတ်ကြီးအား တွေ့ဆုံ

## မြန်မာ-ဩစတြေးလျ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး

**နေပြည်တော် ဧပြီ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Nicholas Coppel အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဩစတြေးလျ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ခေတ်မီတပ်မတော် (Standard Army) တည်ဆောက်နေမှု အခြေအနေများ၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် အစိုးရနှင့်တပ်မတော်မှ ဆောင်ရွက်နေမှု အခြေအနေများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဩစတြေးလျနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နေမှု အခြေအနေများ၊ ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောဒေသအတွင်း ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဩစတြေးလျနိုင်ငံမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၅**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၄ မှ*

စိုက်ပျိုးထုတ်လုပ်သည့် စပါးသီးနှံမှ အစပြု၍ အခြေခံရည်ညွှန်းစပါးဈေး နှုန်း စပါးတင်း ၁၀၀ လျှင် ငွေကျပ် ငါးသိန်းဈေးကို မတ် ၆ ရက်က ကျင်းပခဲ့သည့် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ် ဆွေးနွေးပွဲတွင် ထုတ်ပြန်ကြေညာပေးပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဆန်စပါးကုန်သည်များကိုလည်း မိမိတို့ ဦးဆောင်အဖွဲ့ ကိုယ်စားကျေးဇူးတင်ရှိပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍသာမက မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ တိုးတက်ရေးကိုလည်း ဝိုင်းဝန်းကြိုးစားနေကြသည်ကို တွေ့ရှိရပါကြောင်း။

**အလေးထားဆောင်ရွက်ပေး**

ယခုနှစ်တွင် ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုသည် အမေရိကန်ဒေါ်လာ သန်း ၆၉၀ ရရှိခဲ့ကြောင်းနှင့် မွေးမြူရေး တိရစ္ဆာန်တင်ပို့မှုတွင် ယမန်နှစ်က အမေရိကန်ဒေါ်လာ သုံးသန်းသာရခဲ့ပြီး ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃၈ သန်းထိ ဝင်ငွေရရှိရန် တိုးချဲ့ဆောင်ရွက်နေသည်ကိုလည်း သိရှိရပါကြောင်း၊ ထို့ကြောင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ တိုးတက်ရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဦးဆောင်အဖွဲ့က ယခင်ဖွဲ့စည်းခဲ့ပြီးဖြစ်သည့် "တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့"၊ "လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့"၊ "စိုက်ပျိုးရေးနည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီ"၊ "မွေးမြူရေးနှင့် ရေလုပ်ငန်းစီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ"တို့အပြင် "ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ" တစ်ရပ်ကိုလည်း ထပ်မံဖွဲ့စည်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**ဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲ**

> **"တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ခေတ်ကာလနှင့် လျော်ညီစေရန်၊ ပိုမိုပီပြင်လာစေရန်နှင့် တောင်သူလယ်သမားများ အကျိုးစီးပွား မြှင့်တင်ပေးနိုင်ရန် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုတိကျလွယ်ကူစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲ ဆောင်ရွက်လျက်ရှိ"**

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ခေတ်ကာလနှင့် လျော်ညီစေရန်၊ ပိုမိုပီပြင်လာစေရန်နှင့် တောင်သူလယ်သမားများ အကျိုးစီးပွားမြှင့်တင်ပေးနိုင်ရန် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုတိကျလွယ်ကူစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေကို ပြန်လည်ပြင်ဆင် ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ကျေးလက်နေ တောင်သူလယ်သမားများသာမက မြို့ပြတွင်နေထိုင်သူများသည် လယ်ယာထွက်ကုန်များကို အသုံးပြုရောင်းဝယ်ဖောက်ကားနေကြသည့် စီးပွားရေးလုပ်ငန်း အများစုတွင် ပါဝင်နေကြပြီး လယ်ယာနှင့် မွေးမြူရေး၊ ရေလုပ်ငန်းကဏ္ဍ ထွက်ကုန်များပေါ်တွင် တည်မှီလျက်ရှိနေကြသည့်အတွက် ပါဝင်သက်ဆိုင်သူအားလုံးက တောင်သူလယ်သမားများ၏ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို အရှိန်အဟုန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**သင့်တင့်မျှတသောဈေးနှုန်းများရရှိရေး**

ထို့နောက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လုပ်ကွက်ငယ် တောင်သူလယ်သမားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို လည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က စိုက်ပျိုးရေးသီးနှံများ၏ ဈေးကွက်အခြေအနေနှင့် သင့်တင့်မျှတသော ဈေးနှုန်းများရရှိရေး ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

**ဈေးနှုန်းစီမံခန့်ခွဲရေး**

ယင်းနောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌက သီးနှံဝယ်ယူရေးဆိုင်ရာ လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးနှင့်စပ်လျဉ်း၍ တောင်သူလယ်သမားများ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ လက်ရှိ လယ်ယာကဏ္ဍအခြေအနေ၊ နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များ၊ ဥပဒေ၊ နည်းဥပဒေ၊ မဟာဗျူဟာနှင့် လုပ်ငန်းအစီအမံများ ရေးဆွဲဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေးရန်**

ထို့နောက် ဦးဆောင်အဖွဲ့ဝင်ဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လယ်ယာကဏ္ဍနှင့် စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ၊ ဈေးကွက်အခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များနှင့် ဒေသအလိုက် လယ်ယာကဏ္ဍဖွံ့ဖြိုးရေး၊ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်နိုင်ရေးအတွက် ဆောက်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ဦးဆောင်အဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေး၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အခက်အခဲတွေဖြစ်လာရင် အားလုံးစည်းလုံးဖို့လိုတယ်၊ အားလုံးစုပေါင်းပြီးလုပ်မှရမယ်၊ ကောင်းတဲ့အားလိုတယ်

## နိုင်ငံတော်အတွက် အရေးကြီးတဲ့အတွက် ကိုယ်နဲ့ မိတ်ဖက်နိုင်ငံတွေရှိသလို ကိုယ့်ကို နားလည်မှုပေးတဲ့ နိုင်ငံတွေ၊ အကူအညီပေးဖို့ အဆင်သင့်ရှိတဲ့ နိုင်ငံတွေနဲ့ ပေါင်းစပ်ရမှာပါ။

**ပါမောက္ခ - ဒေါက်တာအောင်ထွန်းသက်**

**တွေ့ဆုံမေးမြန်း - သီသီမင်း၊ မင်းသစ် (MNA)**
**ဓာတ်ပုံ - ရဲထွဋ်**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီက ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်းပြီး လက်ရှိအခြေအနေအထိ ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်နေမှုများ၊ မောင်တောဒေသ၏ နယ်မြေအခြေအနေ၊ တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားသူများအား ပြန်လည်လက်ခံရေးဆောင်ရွက်ထားရှိမှု စသည်တို့နှင့် ပတ်သက်၍ သိရှိနိုင်ရန် UEHRD ညှိနှိုင်းရေးမှူးချုပ် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်အား တွေ့ဆုံမေးမြန်းထားပါသည်။

*(ယမန်နေ့မှအဆက်)*

**မေး။ ။ မောင်တောဒေသမှာရှိတဲ့ အစ္စလာမ်ဘာသာဝင်တွေက စားဝတ်နေရေး အကျပ်အတည်းနဲ့ လုံခြုံရေး စိုးရိမ်မှုတွေကြောင့် နေရပ်စွန့်ခွာသွားနေရတယ်လို့ နိုင်ငံတကာ မီဒီယာတွေမှာ ရေးသားဖော်ပြနေတာ တွေ့ရပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

ဖြေ။ ။ အားလုံးက စိတ်ကူးစိတ်သန်းပေါ့။ စိုးရိမ်စိတ်တွေရှိတယ်။ စိုးရိမ်စိတ်တွေရှိတော့ ဆက်ပြီးနေရင် မလုံခြုံဘူး။ တစ်ဖက်ကလည်းပြောနေကြတယ်။ စားဝတ်နေရေး မပြည့်စုံဘူး။ ဒါကြောင့်မို့ဖြစ်တယ်လို့ ပြောနေကြတယ်။ ကျွန်တော့်ဘက်ကတော့ ပြောနိုင်တာ တစ်ခုပဲရှိတယ်။

ဘာလဲဆိုရင် လူသားချင်းစာနာမှု အထောက်အပံ့တွေပေးနေတယ်။ နိုင်ငံတကာ ကြက်ခြေနီအဖွဲ့နဲ့ ရှိနေတဲ့၊ ကျန်ရစ်တဲ့လူတွေကို လိုအပ်တဲ့ ထောက်ပံ့မှုတွေပေးနေတယ်။ လုံခြုံရေးနဲ့ ပတ်သက်လို့လည်း လုံခြုံရေးတပ်ဖွဲ့တွေက အဲဒီနေရာတွေမှာ အခြေစိုက်ထားခြင်း၊ တပ်စွဲထားခြင်း မရှိဘူး။ ကိုယ့်ဘက်ကတော့ သေချာဆောင်ရွက်ပေးထားတယ်။ သူတို့ဘက်ကတော့ သူတို့စိတ်ထဲမှာ မလုံခြုံတာတို့၊ စားဝတ်နေရေး မပြေလည်လို့ ထွက်သွားရတယ်ဆိုတဲ့ သတင်းတွေကြားနေရတယ်။ ကျွန်တော်တို့ဘက်က တတ်နိုင်သမျှ သူတို့စိတ်ချရအောင် ကြိုးစားကြည့်တယ်၊ ကြိုးစားရမှာ ကိုယ့်တာဝန်၊ ဒါကို ယုံတာ၊ မယုံတာက သူတို့ကိစ္စပေါ့လေ။

**မေး။ ။ UEHRD အနေနဲ့ မောင်တောဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ရာမှာ ရင်ဆိုင်ကြုံတွေ့ရတဲ့ အခက်အခဲရှိရင်လည်း သိချင်ပါတယ်။**

ဖြေ။ ။ အခက်အခဲလို့ မစဉ်းစားမိပါဘူး။ ကျွန်တော့်အနေနဲ့ အမြဲတမ်းဆင်ခြင်နိုင်အောင် စိန်ခေါ်မှုလို့ စဉ်းစားရင် လူတွေက လုပ်ချင်ကိုင်ချင်စိတ်ပျောက်သွားမယ်။ စိန်ခေါ်မှုမဟုတ်ဘူး။ စိန်ခေါ်မှုက အခွင့်အရေးပဲ။ အခက်အခဲတွေတော့ရှိတယ်။ ဥပမာဆိုပါတော့ ဆောက်လုပ်ရေးလုပ်ငန်းတွေ တကယ်ဆောက်တော့မယ်၊ လုပ်တော့မယ်ဆိုရင် လုပ်သားမရှိဘူး။ လုပ်သားမရှိတာ စိန်ခေါ်မှုပဲ။ ဒါက အခက်အခဲမဟုတ်ဘူး။ ရှိအောင်ဘယ်လိုလုပ်မလဲ ရန်ကုန်ကပဲဖြစ်ဖြစ်၊ စစ်တွေကပဲဖြစ်ဖြစ် ပြည်နယ်တွေမှာရှိတဲ့ ဝန်ထမ်းတွေ ခေါ်ရမှာပဲ။ ဒါမျိုးတွေတော့ရှိတယ်။ အလုပ်လုပ်တဲ့အခါမှာ အားလုံးချောမွေ့တယ်ဆိုတာ မရှိနိုင်ဘူး။ အားလုံး ပြီးပြည့်စုံတယ်ဆိုတာ မရှိနိုင်ဘူး။ တစ်ခုပဲ ။ ကျွန်တော့်စိတ်ထဲမှာတော့ ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေကို ကိုယ်က သင်ခန်းစာယူဖို့လိုတယ်။ ကျော်လွှားရမှာ ကိုယ့်မှာတာဝန်ရှိတယ်။ စိန်ခေါ်မှုတွေ စဉ်းစားနေရင်းနဲ့ လက်ပိုက်ကြည့်နေလို့မရဘူး။

### ဘာတွေလုပ်နေသလဲဆိုတာရှင်းပြဖို့လိုတယ်

ပိုပြီးလိုအပ်တာက မီဒီယာလိုတယ်။ ကိုယ်လုပ်တာတွေ လူတွေနားလည်အောင် ပြောတတ်ဖို့ ပိုပြီးအားထည့်ရမယ်။ ပြည်တွင်းကလည်း သိဖို့လိုတယ်။ နိုင်ငံတကာကလည်း သိဖို့လိုတယ်။ ကိုယ့်လူမျိုးတွေရဲ့အကျင့်က ကိုယ်လုပ်နိုင်သမျှ လုပ်မှာပဲ။ သူများသိစရာမလိုဘူးဆိုတဲ့ စိတ်က ကျွန်တော်တို့မှာရှိနေတယ်။ ကိုယ့်လူမျိုးစရိုက်ပေါ့။ အခုတော့ ပြောပြဖို့လိုတယ်။ ဘာတွေလုပ်နေသလဲဆိုတာ ရှင်းပြဖို့လိုတယ်။ နားလည်အောင် လုပ်ပေးဖို့လိုတယ်။

ရခိုင်တိုင်းရင်းသားတွေရဲ့ စိုးရိမ်စိတ်ကိုလည်း ရှင်းပြဖို့လိုတယ်။ ရှင်းပြဖို့ အားပိုထည့်ရမှာပေါ့။ လူထုဆက်သွယ်ရေးနည်းလမ်းက ဆက်သွယ်ရေးနဲ့ ဆက်ဆံရေးက နေရာတိုင်းလိုတယ်။ UEHRD မှာ ဒါကြောင့်လည်း နှစ်ဖွဲ့တောင် ထည့်ထားတယ်။ တစ်ဖွဲ့က ပြည်တွင်း ဆက်သွယ်ဆက်ဆံရေး၊ နောက်တစ်ဖွဲ့ နိုင်ငံတကာဆက်သွယ်ဆက်ဆံရေး ဖြစ်တယ်။



ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် (UEHRD ညှိနှိုင်းရေးမှူးချုပ်)

### ကိုယ်လုပ်နေတာတွေကို ချပြဖို့အရေးကြီးတယ်

ဘာကြောင့်လဲဆိုတော့ နိုင်ငံတကာမှာ ရေးနေတာတွေကိုလည်း တုံ့ပြန်မှုရမယ်။ သူတို့ရေးချင်တာ ရေးနေတာ ကိုယ်နဲ့ မသက်ဆိုင်ဘူးလို့ ပြောလို့မရဘူး။ ကျွန်တော်တို့ အနေနဲ့က နိုးနိုးကြားကြားရှိဖို့လိုတယ်။ အခုခေတ်မှာ ဆိုရှယ်မီဒီယာက အင်အားကြီးတဲ့အခါကျတော့ ကိုယ်လုပ်နေတာတွေကို ချပြဖို့ အရေးကြီးတယ်။ ဖေ့စ်ဘုတ်တွေကို အသုံးချပြီး အမုန်းတရားပွားတာတို့၊ လူ့အဖွဲ့အစည်းထဲမှာရှိတဲ့ အချင်းချင်း အမုန်းပွားတာ၊ ခိုက်ရန်ဒေါသဖြစ်တာ၊ ပဋိပက္ခဖြစ်အောင် အားပေးတာမျိုး မဖြစ်အောင် ကိုယ်က ဆင်ခြင်ဖို့လိုတယ်။ ဆက်သွယ်၊ ဆက်ဆံရေးက အရေးကြီးတယ်။ ဒါတွေကို မီဒီယာကတစ်ဆင့် ဖော်ပြဖို့လိုတယ်။

ရခိုင်ပြည်နယ်ကို နဂိုထက် ပိုကောင်းအောင်လုပ်ရမယ်။ နိုင်ငံ့ခေါင်းဆောင်ကလည်း ဒီလိုပဲပြောတယ်။ နဂိုပုံစံထက် ပိုကောင်းအောင်လုပ်ဖို့ ညွှန်ကြားထားတော့ ရအောင်တော့ လုပ်ရမှာပဲ။ ဖိအားတွေရှိတယ်။ ဖိအားရှိလည်း ဘာဖြစ်သလဲ၊ သူ့ဟာသူ ဖိအားပဲ။ စိန်ခေါ်မှုတွေရှိလည်း ကျော်လွှားရမှာပဲ။ စိန်ခေါ်မှုရှိတော့ ပိုပြီး အလေးအနက်ထားပြီး အလုပ်လုပ်တဲ့အခါ ဆင်ခြင်နိုင်ရမယ်။

နောက်တစ်ခုက အားလုံး ပွင့်လင်းမြင်သာမှုရှိရမယ်။ အရပ်ဘက်အဖွဲ့အစည်းတွေမှာ ဝမ်းသာစရာကောင်းတာက UEHRD မှာ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက လူကြီးတွေလည်း ပါတယ်။ သူတို့က ပညာရှင်တွေ ဖြစ်တာကြောင့် အဆောက်အအုံ ဆောက်လုပ်တဲ့ပုံစံကို စနစ်တကျ အရည်အသွေးလေးထိန်းပေးတဲ့ အနေအထားတွေရှိတယ်။ တစ်ဖက်ကလည်း မြန်မာနိုင်ငံ ဆရာဝန်အသင်းကလည်း ဆရာဝန်ကြီးတွေ၊ ပါမောက္ခကြီးတွေ ပါတယ်။ သူတို့နဲ့မဆိုင်ဘူးလို့ သဘောမထားဘဲ ကျန်းမာရေးနဲ့ဆိုင်တဲ့ စောင့်ရှောက်မှုတွေ ပေးနေတယ်။

### အားလုံးစုပေါင်းပြီးလုပ်မှရမယ်

နိုင်ငံမှာဖြစ်နေတဲ့ စိန်ခေါ်မှုတွေကို နိုင်ငံတော်အဆင့် အမျိုးသားတုံ့ပြန်မှု အနေနဲ့ ဆောင်ရွက်တဲ့အခါမှာ အားရစရာပါ။ လူငယ်တွေကလည်း လူသားချင်းစာနာမှု အထောက်အပံ့ပေးတဲ့နေရာမှာ ဦးစီးပြီးလုပ်နေတာတွေ့ရတယ်။ ဒါ အခွင့်အရေးတစ်ရပ်ပေါ့။ ကျွန်တော်ထင်တယ်၊ ဒါက အဆိုးထဲက အကောင်းပေါ့။ အခက်အခဲတွေဖြစ်လာရင် အားလုံးစည်းလုံး ဖို့လိုတယ်။ အားလုံး စုပေါင်းပြီးလုပ်မှရမယ်။ ကောင်းတဲ့အား လိုတယ်။

နောက်တစ်ခုက ပြည်ထောင်စုအဆင့်က အလုပ်တွေလုပ်တယ်။ ပြည်နယ်အစိုးရကလည်း သူ့နေရာနဲ့သူ တာဝန်ယူလုပ်နေတယ်။ တကယ်တော့ ပေါင်းစပ်ထားတာ။ နိုင်ငံတော်အဆင့် ဝန်ကြီးဌာနတွေ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနလုပ်ရှားမှုတွေ၊ ရခိုင်ပြည်နယ်အစိုးရ ဝန်ကြီးချုပ်အပါအဝင်၊ နောက်တစ်ခုက လွှတ်တော်၊ လွှတ်တော်ကိုလည်း UEHRD အနေနဲ့ ဘာတွေလုပ်နေတယ်ဆိုတာလည်း ရှင်းပြတယ်။ သူတို့လည်း ပါဝင်ပတ်သက်ပါရစေဆိုပြီး တောင်းဆိုတယ်။ သူတို့ တောင်းဆိုချက်အရ ကျွန်တော်တို့ ရှင်းပြတယ်။

ရခိုင်ပြည်နယ်နဲ့ပတ်သက်လို့ ပြောရရင် ကိုဖီအာနန် အစီရင်ခံစာ၊ အကြံပြုချက် ၈၈ ချက်ရှိတယ်။ အဲဒါကို အကောင်အထည်ဖော်တဲ့ကော်မတီကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တာဝန်ယူထားတယ်။ ကိုဖီအာနန်ရဲ့ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးကော်မတီရယ်၊ ရခိုင်ပြည်နယ်အစိုးရရယ်၊ ဝန်ကြီးဌာနတွေရယ် ဒီသုံးခုနဲ့ ကျွန်တော်တို့ တာဝန်ယူတဲ့ UEHRD က ရခိုင်ပြည်နယ်ရဲ့ အခြေအနေတစ်ရပ်ကို တုံ့ပြန်တဲ့နေရာမှာ နိုင်ငံတော်အစိုးရက ကိုဖီအာနန်ရဲ့ အစီရင်ခံစာပါ အကြံပြုချက်ကို အကောင်အထည်ဖော်တဲ့အဖွဲ့ရှိသလို ပြည်နယ်အစိုးရကလည်း သူ့နည်းသူ့ဟန်နဲ့ ဆောင်ရွက်နေတယ်။

ရခိုင်ပြည်နယ်အစိုးရက လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှု စီမံချက် ၅ နှစ်စာမှာ ဦးစားပေး ၆ ခု သတ်မှတ်ထားတယ်၊ UEHRD က ၁၀ ခုရှိတယ်၊ သူ့ ၆ ခုနဲ့ ကျွန်တော်တို့ ၁၀ ခုက သိပ်မကွာဘူး၊ ကျွန်တော်တို့မှာ ထူးခြားတာက ဆက်သွယ်၊ ဆက်ဆံရေးပါတယ်၊ သူ့ဆီမှာမပါဘူး။

ကျွန်တော်တို့အဖွဲ့မှာ လုပ်ငန်းရှင်တွေ၊ လူငယ်တွေ၊ အိုင်တီသမားတွေပါတော့ အလှူငွေကောက်ခံတဲ့နေရာမှာ အိုင်တီနည်းပညာနဲ့ ကောက်တယ်။ ကျွန်တော့်အိပ်မက်ကတော့ နိုင်ငံမှာရှိတဲ့ ၅၁ သန်းကျော် ပြည်သူတွေက တစ်လတစ်ထောင်ကျပ်လှူရင် နည်းတဲ့ငွေမဟုတ်ဘူး။ တစ်ထောင်ကျပ် လှူနိုင်အောင် ကြိုးစားရမှာပေါ့။ ချမ်းသာတဲ့သူဌေးတွေ၊ အဖွဲ့အစည်းတွေက လှူတာ တစ်ပိုင်းပေါ့၊ အားလုံး တစ်ပိုင်တစ်နိုင် တစ်လတစ်ထောင်နဲ့ စုလိုက်ရင် စုစည်းလို့ရတဲ့ငွေကို စနစ်တကျ ပွင့်ပွင့်လင်းလင်းသုံးနိုင်ရင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးဖို့အတွက်ပေါ့။



ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ အကြံပေးအဖွဲ့မှ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးရုံးဝန်ထမ်းများ၊ ပြည်တွင်း ပြည်ပ သတင်းဌာနမှ သတင်းထောက်များ ၂၄-၁-၂၀၁၈ ရက်က မောင်တောမြို့နယ်ရှိ လှဖိုးခေါင်ကြားစခန်းတွင် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံ၍ သိရှိလိုသည်များ မေးမြန်းစဉ်။ သတင်းစဉ်

**"ရခိုင်ပြည်နယ်ကိစ္စက ကိုယ့်နိုင်ငံအတွက် အင်မတန်အရေးပါတယ်။ အရေးပါတဲ့အပြင်ကို ဒီအခြေအနေက နိုင်ငံတကာ ဖိအားပေးမှုတွေ ရှိတယ်၊ ဒါကို ပြည်သူတွေ သိစေချင်တယ်။ ဒါကို ဂရုမစိုက်ဘူး၊ အရေးမပါဘူး၊ မလိုဘူးလို့ဆိုတာထက်ကို လူတွေအားလုံးအနေနဲ့ နိုးနိုးကြားကြား ရှိစေချင်တယ်။ ဒီမှာလည်း ကျွန်တော်တို့ တတ်နိုင်သမျှ ဖိအားတွေကြောင့် ဘာအကျိုးဆက်တွေ ရှိနိုင်တယ်ဆိုတာ ရှင်းပြတယ်"**

UEHRD ကို ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက်တင်မကဘူး။ နိုင်ငံရဲ့ အခြားဒေသတွေမှာလည်း ဒီပုံစံအတိုင်း လုပ်လို့မရဘူးလား။ UEHRD ဆိုတဲ့ အဓိပ္ပာယ်က နိုင်ငံတော်အစိုးရရယ်၊ ပြည်နယ်အစိုးရရယ်၊ ပြည်နယ်မှာရှိတဲ့ လုပ်ငန်းရှင်တွေရယ်၊ ရန်ကုန်မှာရှိတဲ့ လုပ်ငန်းရှင်တွေပေါင်းပြီး ပြန်လည်ထူထောင်ရေးပေါ့။ ငြိမ်းချမ်းရေးကော်မရှင်ဘက်က ကြိုးစားနေတာကတော့ ငြိမ်းချမ်းရေးလုပ်ငန်းအတွက် စီးပွားရေးလုပ်ငန်းရှင်တွေကို ဘယ်လိုပါလာမလဲဆိုတာပါ။

ဖြစ်နိုင်တာကတော့ မွန်၊ ကရင်၊ ကယားပြည်နယ်တွေနဲ့ တနင်္သာရီတိုင်းဒေသကြီးတို့မှာ ရခိုင်ပြည်နယ်ကရတဲ့ အတွေ့အကြုံ၊ သင်ခန်းစာတွေကို ဘယ်လို ပူးပေါင်းဆောင်ရွက်ရမလဲ။ ခုနကပြောတဲ့ စိန်ခေါ်မှုနေရာမှာ ပူးပေါင်းဆောင်ရွက်မှု

*စာမျက်နှာ ၇ သို့*

# အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်မှုရရှိအောင် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက် ၇ နာရီခွဲက နေပြည်တော် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံးရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အစည်းအဝေးသို့ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကကြီးများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များ မြှင့်တင်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသမီးရေးရာဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ခရိုင်အမျိုးသမီးရေးရာဥက္ကဋ္ဌများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ခိုင်ခိုင်မာမာရပ်တည်လျက်ရှိ

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က အဖွင့်အမှာစကားပြောကြားရာတွင် ၁၄ နှစ်ကျော်ကာလအတွင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်အင်အား ၅၇ သိန်းကျော် စုစည်းနိုင်ခဲ့ခြင်းကြောင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ် အင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာရပ်တည်လျက်ရှိပါကြောင်း၊ အမျိုးသမီးများအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အသိပညာတိုးတက်မြင့်မားရေးနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထွန်းကားပြန့်ပွားရေးအတွက် အဘက်ဘက်မှ စွမ်းဆောင်ရင်း အရည်အသွေးမြင့်မားသည့် အဖွဲ့ဝင်များဖြစ်လာအောင် သက်ဆိုင်ရာကဏ္ဍအလိုက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပါကြောင်း၊ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွား တိုးတက်ခိုင်မာရေးအတွက် ထိရောက်စွာ စွမ်းဆောင်ပေးလျက်ရှိပါကြောင်း။

နှစ်ပတ်လည်အစည်းအဝေးကြီးမှ ၂၀၁၇ ခုနှစ် တစ်နှစ်တာကာလ လုပ်ငန်းဆောင်ရွက်ချက်များ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆွေးနွေးကြစေလိုပါကြောင်း၊ "အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပါစို့" ဆောင်ပုဒ်အတိုင်း အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျရာအခန်းကဏ္ဍအသီးသီးမှနေပြီး အောင်မြင်မှုရရှိအောင် ဆက်လက်အားသွန်ခွန်စိုက် ပူးပေါင်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကကြီးများ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

### တင်ပြဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးက ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို တင်သွင်းပြီး နေပြည်တော်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ အမျိုးသမီးရေးရာအဖွဲ့များက တင်ပြဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြကွက်များကို လှည့်လည်ကြည့်ရှုသည်။

### ရှေ့လုပ်ငန်းစဉ်များချမှတ်

နှစ်ပတ်လည်အစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး အစည်းအဝေး ဒုတိယနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့မှ တင်ပြဆွေးနွေးကြမည်ဖြစ်ကာ အစီရင်ခံစာဇယားပါ လုပ်ငန်းများ ညှိနှိုင်းဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်းများကို ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၆ မှ*

မဟာဗျူဟာက အရေးကြီးတယ်။ လုပ်ပုံကိုင်ပုံက မတူဘူး။ တစ်ယောက်နဲ့ တစ်ယောက်နားလည်မှုရှိဖို့ အရေးကြီးတယ်။ သဘောသဘာဝချင်းက မတူဘူး။ အစိုးရလုပ်ပုံကိုင်ပုံနဲ့ ပုဂ္ဂလိက လုပ်ပုံကိုင်ပုံချင်းကမတူဘူး။ အစိုးရက အမြဲတမ်း စည်းစနစ် မူဘောင်နဲ့ လုပ်တယ်၊ ပုဂ္ဂလိကက မြန်တယ်၊ သွက်တယ်။ သွက်တာနဲ့ မြန်တာနဲ့ စနစ်ကျဖို့နဲ့က တော်တော်ချိန်ဆရတယ်။ သိပ်မြန်ရင်လည်း ဘောင်လွတ်သွားမယ်၊ ဘောင်ကြည့်ပြန်ရင်လည်း လိုချင်တဲ့အချိန်မပြီးဘူး၊ ချိန်ဆရတာပေါ့။

**မေး။ ။ရခိုင်ပြည်နယ်အရေးနဲ့ ပတ်သက်ပြီး ဖြည့်စွက်ပြောစရာရှိရင် ပြောပေးပါခင်ဗျား။**

ဖြေ ။ ။ပြောချင်တာကတော့ အခုဖြစ်တဲ့ ရခိုင်ပြည်နယ်ကိစ္စက ကိုယ့်နိုင်ငံအတွက် အင်မတန်အရေးပါတယ်။ အရေးပါတဲ့အပြင်ကို ဒီအခြေအနေက နိုင်ငံတကာ ဖိအားပေးမှုတွေ ရှိတယ်။ ဒါကို ပြည်သူတွေ သိစေချင်တယ်။ ဒါကို ဂရုမစိုက်ဘူး၊ အရေးမပါဘူး၊ မလိုဘူးလို့ဆိုတာထက်ကို လူတွေအားလုံးအနေနဲ့ နိုးနိုးကြားကြား ရှိစေချင်တယ်။ ဒီမှာလည်း ကျွန်တော်တို့ တတ်နိုင်သမျှ ဖိအားတွေကြောင့် ဘာအကျိုးဆက်တွေ ရှိနိုင်တယ်ဆိုတာ ရှင်းပြတယ်။ ရှင်းပြပေမယ့် ပိုပြီးအခုခေတ်မှာ ဆိုရှယ်မီဒီယာရှိတယ်။ ဘယ်လောက်ထိ အန္တရာယ်ရှိတယ်ဆိုတာ ထောက်ကြည့်ရင် ပွတ်ကြည့်ရင် သိတယ်။

တစ်ဖက်ကလည်း ဒီအန္တရာယ်ကို ရှိရုံတင်မဟုတ်ဘဲနဲ့ ကိုယ့်ဘက်က ကိုယ်ဘာလုပ်နိုင်တယ်၊ ဥပမာ အခုဆိုရင် UEHRD ဖွဲ့ထားတယ်၊ အောက်တိုဘာကနေစပြီး လုပ်လိုက်တဲ့အခါ အခုဆို ခြောက်လလောက်ရှိသွားပြီ။ အတော်အသင့် အောင်မြင်မှုရတယ်၊ အဆင်သင့်တော့ဖြစ်တယ်။ လူကြီးတွေ တာဝန်ပေးထားတဲ့ လူသားချင်းစာနာမှုနဲ့ ပတ်သက်လို့ကတော့ တော်တော်လေးလုပ်ဖြစ်တယ်။



**ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့ ၁၇-၃-၂၀၁၈ ရက်က မောင်တောမြို့ ခုံတိုင်ကျေးရွာ၌ ဒေသခံများအား တွေ့ဆုံ၍ သတင်းရယူနေစဉ်။** သတင်းစဉ်

### ပြန်လည်တည်ဆောက်ရတာခက်တယ်

နောက်တစ်ခုက လုပ်ဖြစ်တာက ပြန်လည်နေရာချထားရေးကိစ္စ၊ ဖွံ့ဖြိုးမှုကတော့ လုပ်ရဦးမယ်။ တကယ်က ဒါတွေက အမာတွေလို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်တယ်။ အမာတွေဆိုတာ လုပ်လို့လွယ်တယ်။ အပျော့က လုပ်ဖို့လိုသေးတယ်။ အပျော့ဆိုတာက တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုပျက်ပြားခဲ့တာ။ တစ်ယောက်နဲ့တစ်ယောက် စိုးရိမ်စိတ်တွေ၊ ကြောက်ရွံ့စိတ်တွေ အမျိုးမျိုးရှိတယ်။ လူ့ရဲ့စိတ်က ထိန်းလို့ သိပ်ရတာမဟုတ်ဘူး။ ယုံကြည်မှု တည်ဆောက်ဖို့ဆိုတာ ပျက်တာ လွယ်တယ်၊ ပြန်တည်ဆောက်ရတာခက်တယ်။

ရေရှည်သည်းခံမှ ရမယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့ လိုတယ်။ ဒီနေရာမှာ တိုက်တွန်းချင်တာက ကိုယ့်လူမျိုးရဲ့ ချစ်စရာကောင်းတဲ့၊ အမြဲတမ်း အလယ်အလတ် မဇ္ဈိမပဋိပဒါစိတ် ထားစေချင်တယ်။ အစွန်းမရောက်ဖို့ အရေးကြီးတယ်။ ကရုဏာထားဖို့၊ စာနာဖို့ လူတိုင်းမှာလိုတယ်။ ဒီကြားထဲမှာလည်း စိန်ခေါ်မှုတွေက အများကြီးရှိနေတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီထက်ကောင်းတဲ့ အခြေအနေတစ်ခု၊ အခွင့်အရေးပေးတယ်လို့ ယူဆတယ်။

### အချက်အချာကျတဲ့ဒေသဖြစ်

ဖြစ်စေချင်တာက ရခိုင်ပြည်နယ်က လက်ရှိအခြေအနေမှာ ပြည်ထောင်စုအတွင်းမှာ ဒုတိယအနိမ့်ကျဆုံးဒေသဖြစ်တယ်။ အခြေအနေတစ်ခုမှာ လုံးဝမဖြစ်သင့်ဘူး။ သူ့ရဲ့သဘာဝအနေအထား၊ သယံဇာတပစ္စည်းကြွယ်ဝမှု ပိုပြီးအရေးကြီးတာ သူ့ရဲ့တည်နေရာ။ ရခိုင်ကိုကြည့်ရင် ကမ်းရိုးတန်းဖြစ်တဲ့အတွက် နိုင်ငံရေးအနေနဲ့ကြည့်ရင် အင်မတန်မှ အချက်အချာကျတဲ့ဒေသဖြစ်တယ်။ အရှေ့တောင်အာရှဒေသနဲ့ တောင်အာရှဒေသချိတ်တဲ့ ဒေသဖြစ်တယ်။ သူ့မှာ အခွင့်အလမ်းတွေ အများကြီးရှိတယ်။ ဓာတ်ငွေ့တွေလည်း ရှာတွေ့တဲ့ အနေအထားရှိတယ်၊ ဘေးကပ်လျက်မှာလည်း အိန္ဒိယနိုင်ငံရှိတယ်၊ အိန္ဒိယနိုင်ငံဟာ အချက်အချာကျတဲ့ နိုင်ငံလည်းဖြစ်တယ်။

### ကိုယ့်ရဲ့ဖြစ်ရပ်မှန်တွေ များများဖော်ပြနိုင်ဖို့လို

ရခိုင်တိုင်းရင်းသားတွေကို အားပေးဖို့လိုတယ်။ သူတို့ရဲ့လိုအပ်ချက်တွေ၊ သူတို့ရဲ့ စိုးရိမ်စိတ်တွေ လျော့ပါးအောင် အားလုံးဝိုင်းလုပ်ရမှာ။ အဲဒီလိုလုပ်တဲ့အခါမှာ မီဒီယာက သိပ်အရေးကြီးတယ်။ သတင်းမှန်တွေ ထုတ်ဖော်ဖို့လိုတယ်။ အခုကျတော့ သိတဲ့အတိုင်း ဆိုရှယ်မီဒီယာကို မေ့လို့မရဘူး။ ကိုယ့်ရဲ့ဖြစ်ရပ်မှန်တွေ များများဖော်ပြနိုင်ဖို့လိုတယ်။ ကိုယ်နဲ့မဆိုင်ဘူး၊ အဝေးကြီးလို့ မတွေးကြစေချင်ဘူး။ နိုင်ငံတော်အတွက် အရေးကြီးတဲ့အတွက် ကိုယ်နဲ့ မိတ်ဖက်နိုင်ငံတွေရှိသလို ကိုယ့်ကို နားလည်မှုပေးတဲ့ နိုင်ငံတွေ၊ အကူအညီပေးဖို့ အဆင်သင့်ရှိတဲ့ နိုင်ငံတွေနဲ့ ပေါင်းစပ်ရမှာပါ။

ကိုယ့်ကို နားလည်မှုလွဲနေတဲ့ နိုင်ငံတွေကိုလည်း ရှင်းပြရမှာ ကျွန်တော်တို့ တာဝန်ပါ။ ပြည်သူတွေအားလုံးအနေနဲ့ ရခိုင်အရေးဟာ ကိုယ့်ရဲ့အရေးလို့ မြင်စေချင်တယ်။ ပြောတာဆိုတာ သတိထားစေချင်တယ်။ အခြေအနေကို ဒီထက် ပိုမဆိုးအောင် ပိုမကောင်းရင်တောင် ကိုယ့်တာဝန်ပဲလို့ ခံယူဖို့လိုတယ်။

အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

---

# ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင်ရထားအဖွဲ့ သထုံမြို့သို့ ရောက်ရှိ

**သထုံ မေ ၅**

ငြိမ်းချမ်းရေးလိုလားသူများ၏ အင်အားစုများကို စုစည်းနိုင်ရန် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့မှ စတင်ထွက်ခွာလာသည့် ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ် ကုလားထိုင်ရထားအဖွဲ့ သည် ကရင်ပြည်နယ်မှတစ်ဆင့် ယနေ့ နံနက် ၉ နာရီခွဲတွင် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အား ဆက်သွယ်သည့် ဒုံသမိတံတားအား ဖြတ်သန်းကာ သထုံမြို့နယ်အတွင်းသို့ ရောက်ရှိကြသည်။ အဆိုပါအဖွဲ့ကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မာမာခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဇော်လင်းထွဋ်၊ သထုံခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများက လှိုက်လှဲစွာဖြင့် ကြိုဆိုအားပေးခဲ့ကြသည်။

ငြိမ်းချမ်းရေးတွဲလက်များ ဘီးတပ်ကုလားထိုင်ရထားအဖွဲ့သည် သထုံခရိုင်အတွင်း သထုံမြို့နှင့် ကျိုက်ထိုမြို့တို့ကို ဖြတ်သန်း၍ မြို့များ၌ ညအိပ်ရပ်နားပြီး ငြိမ်းချမ်းရေးတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ ငြိမ်းချမ်းရေးကဗျာများ ရွတ်ဆိုခြင်း၊ ငြိမ်းချမ်းရေး တည်ဆောက်မှုအကြောင်းအရာများ ဟောပြောခြင်း၊ ငြိမ်းချမ်းရေး လိုလားသူများ၏ ဆန္ဒလက်မှတ်များ ကောက်ယူခြင်းနှင့် ငြိမ်းချမ်းရေး ပိုစတာစိုက်ထူခြင်းများကို ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ ဘီးတပ်ကုလားထိုင်ရထားအဖွဲ့တွင် အမြင်အာရုံမသန်စွမ်းသူ ၁၀ ဦး၊ ဘီးတပ်ကုလားထိုင်သမား ၁၀ ဦး၊ ကိုယ်အင်္ဂါချို့တဲ့သူ၊ အကြားအာရုံ မသန်စွမ်းသူ၊ အခြားမသန်စွမ်းသူများနှင့် ဝိုင်းဝန်းကူညီသူများ၊ အုပ်ချုပ်ရေးအဖွဲ့များ စုစုပေါင်း ၆၀ ကျော် ပါဝင်ပြီး ခရီးစဉ်အစမှအဆုံးထိ မိုင်ပေါင်း ၈၅၀ ကျော်ကို ဖြတ်သန်းကြမည်ဖြစ်သည်။ မေ ၈ ရက်တွင် ရန်ကုန်မြို့တော်ခန်းမရှေ့ ရောက်ပြီး ခရီးစဉ်ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်နှင့် အသိပညာဗဟုသုတတိုးပွားရေး ကြိုးပမ်းဆောင်ရွက်နေသည့် ပြန်/ဆက်ဦးစီးဌာန

**အောင်သူ(ရွှေတိုးမြေ)**

**ယနေ့ မိမိတို့နိုင်ငံအနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ဦးတည်ဖော်ဆောင်လျက်ရှိရာ နိုင်ငံ၏ ဒီမိုကရေစီရေချိန် မြင့်မားရေးအတွက် နိုင်ငံအတွင်းရှိ နိုင်ငံသူ နိုင်ငံသားများ၏ ပညာရေချိန် မြင့်မားမှုရှိရန်မှာ အရေးပါသော အချက်တစ်ချက်ဖြစ်သည်။**

**နိုင်ငံသူ နိုင်ငံသားများ၏ ပညာရေချိန် မြင့်မားလေလေ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်သူများက အမှား၊ အမှန် ခွဲခြားသိမြင်နိုင်သည့် အသိဉာဏ်ပညာဖြင့် ပိုမိုပေါင်းစပ်ပါဝင်ကာ အထောက်အပံ့ပြုနိုင်ခြင်းဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။**

နိုင်ငံသူ နိုင်ငံသားများ၏ အသိပညာမြင့်မားလာရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူလူထုအတွင်း နီးနီးကပ်ကပ်ဆက်ဆံကာ ပြည်သူလူထု၏ လိုအပ်ချက်များအား နိုင်ငံတော်အစိုးရ သိရှိရန်နှင့် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များအား ပြည်သူလူထုထံ အသိပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပါသည်။ ထို့အတူ အများပြည်သူအသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်မှုတွင် အရေးပါသည့် နိုင်ငံသူ နိုင်ငံသားများ၏ အသိပညာရေချိန်ကို တစ်ဖက်တစ်လမ်းက မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။



၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်က ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့၌ ကျင်းပသော လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ဖွင့်လှစ်ထားသည့် စာအုပ်ဆိုင်များ၌ စာပေချစ်မြတ်နိုးသူများ စာအုပ်များ ဝယ်ယူနေကြစဉ်။

**❖ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့ရွာ စာကြည့်တိုက်များတွင် နိုင်ငံသူ နိုင်ငံသားများ အသိပညာဗဟုသုတများကို အလွယ်တကူ ရှာမှီးနိုင်ရေးရည်ရွယ်၍ သုတ၊ ရသ စာအုပ်များ၊ မဂ္ဂဇင်း၊ ဂျာနယ်များကို ဝယ်ယူဖြည့်တင်းပေးလျက်ရှိ**

ထိုသို့ အသိပညာပေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရာတွင် ယခင်က စာကြည့်တိုက်လုပ်ငန်းများ၊ နံရံကပ်စာစောင်၊ လက်ကမ်းစာစောင်၊ ဟောပြောပွဲများ စသည်တို့ဖြင့်သာ ဆောင်ရွက်ခဲ့သော်လည်း အစိုးရသစ် နှစ်နှစ်တာကာလအတွင်း လူထုဆက်သွယ်ရေး နည်းလမ်းအသစ်များဖြင့် တိုးချဲ့ဆောင်ရွက်လျက် ရှိပါသည်။

### လူထုအခြေပြုလုပ်ငန်းများဆောင်ရွက်

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ရုံးစာကြည့်တိုက်များကို အများပြည်သူ အလွယ်တကူ ဝင်ထွက်သွားလာနိုင်သည့် နေရာ၊ အများပြည်သူအတွက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တိုင်ပင်နှီးနှောရာနေရာ၊ အသိပညာနှင့် အတတ်ပညာဆိုင်ရာ သင်တန်းများ လာရောက်လေ့လာနိုင်သည့် နေရာ၊ အနုပညာနှင့် အားကစားဆိုင်ရာ လှုပ်ရှားမှုများဖြင့် အပန်းဖြေနိုင်သည့် နေရာအဖြစ် ပြည်သူများ အသုံးပြုလာနိုင်စေရန် လူထုအခြေပြုဗဟိုဌာန (Community Centre) အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကော့မှူးမြို့နယ်၊ အင်းစိန်ခရိုင်၊ နတ်မောက်မြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ မြစ်ကြီးနားခရိုင်၊ မန္တလေးခရိုင်နှင့် ဘားအံခရိုင်ရုံးများကို ပြည့်စုံသည့် လူထုအခြေပြုဗဟိုဌာနများအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံအဝန်းရှိ ရုံးများတွင်လည်း လူထုအခြေပြု ဗဟိုဌာနလုပ်ငန်းများဖြစ်သည့် ပြပွဲများ၊ ပြိုင်ပွဲများ၊ သင်တန်းများ၊ စာဖတ်ဝိုင်းများ၊ စာပေနှီးနှောဖလှယ်ပွဲများ၊ အားကစားလှုပ်ရှားမှုများ စသည်တို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထုကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ တစ်နည်းအားဖြင့် ဒေသနေပြည်သူများအတွက် လူမှုရေးဆိုင်ရာ၊ ပညာရေးဆိုင်ရာနှင့် အပန်းဖြေမှုဆိုင်ရာ လှုပ်ရှားမှုများဖြင့် ပြည်သူများကို ဝန်ဆောင်မှုပေးကာ ဒေသဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုဝန်ဆောင်မှုပေးနေခြင်းပင် ဖြစ်ပါသည်။

ဖွင့်လှစ်ထားရှိသည့် လူထုအခြေပြု ဗဟိုဌာနများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် Community Activities များ အရှိန်အဟုန်မပြတ်လည်ပတ်ဆောင်ရွက်နိုင်ရေးအတွက် စာအုပ်စာစောင် ချစ်မြတ်နိုးသူအသင်း (Book Club)၊ အမျိုးသမီးအသင်း (Woman Club)နှင့် လူငယ်အသင်း (Youth Club) စသည့် အသင်း သုံးခုကို ခရိုင်အဆင့် ရုံး ၇၂ ရုံးတွင် ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါသည်။

ယင်းအသင်းများက စာပေစကားဝိုင်းများ၊ စာပေနှီးနှောဖလှယ်ပွဲများ၊ စာအုပ်စာစောင် ဝေဖန်သုံးသပ်ပွဲများ ပြုလုပ်ခြင်း၊ အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် အသိပညာဗဟုသုတမြင့်မားစေရေး၊ အမျိုးသမီးအခွင့်အရေးနှင့် ကာကွယ်ရေးလိုအပ်ချက်များ ကူညီဆောင်ရွက်ပေးခြင်း၊ လူငယ်များ အသိဉာဏ်ပညာမြင့်မားရေး၊ မိမိကိုယ်ကို ယုံကြည်မှုရှိစေရေး၊ ရပ်ရွာအရေးကိစ္စများတွင် ကူညီဆောင်ရွက်ပေးခြင်းများကို ဆောင်ရွက်နိုင်ရန် ဦးတည်ဖော်ဆောင် ဖွဲ့စည်းဆောင်ရွက်ခြင်းဖြစ်သည်။

### စာအုပ်စာစောင်များ ဝယ်ယူဖြည့်ဆည်း

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့ရွာစာကြည့်တိုက်များတွင် နိုင်ငံသူ နိုင်ငံသားများ အသိပညာဗဟုသုတများကို အလွယ်တကူ ရှာမှီးနိုင်ရေး ရည်ရွယ်၍ သုတ၊ ရသ စာအုပ်များ၊ မဂ္ဂဇင်း၊ ဂျာနယ်များကို ဝယ်ယူဖြည့်တင်းပေးလျက်ရှိပါသည်။ အစိုးရသက်တမ်း နှစ်နှစ်တာကာလ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း စာအုပ် ၁၆၆၆၆၄ အုပ်၊ တန်ဖိုးငွေကျပ် ၃၀၆၂၀၀၇၈၇ ကို လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စုစုပေါင်း စာအုပ် ၁၈၅၂၃၇ အုပ်၊ တန်ဖိုးငွေကျပ် ၃၅၇၀၁၆၄၀၄ ကို လည်းကောင်း ဦးစီးဌာနရုံးများရှိ ပြည်သူ့စာကြည့်တိုက်များသို့ ဝယ်ယူဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

စာကြည့်တိုက်သို့ လာရောက်ရန် အချိန်မပေးနိုင်သူများအတွက် စာပေရေချမ်းစင်များကို ခရိုင်အဆင့် မြို့ကြီးများရှိ လူစည်ကားရာနေရာများဖြစ်သည့် လေဆိပ်၊ ဘူတာရုံ၊ ကားဂိတ်၊ သင်္ဘောဆိပ်၊ ဈေးစသည့်နေရာများတွင် စာပေရေချမ်းစင် ၁၁၈ ခုကို စင်ဖွင့်ထားရှိ ပေးခဲ့ပါသည်။

ယင်းစာပေရေချမ်းစင်များတွင် နေ့စဉ်ထုတ်သတင်းစာ လေးစောင်၊ လစဉ်ထုတ်မဂ္ဂဇင်းငါးအုပ်၊ နောက်ဆုံးထွက်ရှိသည့် ဝတ္ထုစာအုပ်သုံးအုပ်၊ ရုပ်ပြစာအုပ် သုံးအုပ်၊ သုတရသစာအုပ် ၁၀ အုပ်၊ ရက်အလိုက်ထုတ်ဝေသည့် ဂျာနယ်သုံးစောင်တို့အား ဝယ်ယူထားရှိပေးထားပါသည်။ ပညာရပ် ၁၂ မျိုး၊ တစ်မျိုးလျှင် သုံးအုပ်နှုန်းဖြင့် လစဉ် ထည့်သွင်းထားသည့် နံရံကပ်စာပေရေချမ်းစင် အိတ် ၃၀၀၀ ကိုလည်း မြို့ပြလူစည်ကားရာနေရာများတွင် ထားရှိကာ နိုင်ငံသူ နိုင်ငံသားများအတွက် အသိပညာဗဟုသုတများ အလွယ်တကူ ရှာဖွေနိုင်ခွင့်ရရှိစေရန် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

### ပြည်သူ့စကားဝိုင်းများ ကျင်းပ

ဒီမိုကရေစီအင်္ဂါရပ်များနှင့်အညီ အစိုးရနှင့် ပြည်သူအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးနိုင်ရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာစေရန်နှင့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပြည်သူ့စကားဝိုင်း (Public Talk) များကို စီစဉ်ကျင်းပပေးလျက်ရှိပါသည်။

လူငယ်နှင့် လူမှုမီဒီယာ၊ လူငယ်ထုကို ပိုမိုခြိမ်းခြောက်လာနေသော မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း၊ လူငယ်နှင့် စာကြည့်တိုက် စသည်ဖြင့် ဒေသအခြေအနေနှင့် ကိုက်ညီမည့် ခေါင်းစဉ်များဖြင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်သူများဖြင့် ပြည်သူ့စကားဝိုင်းများကို ကျင်းပပေးလျက်ရှိပါသည်။

### နံရံကပ်စာစောင်များပြသ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများရှိ နံရံကပ်ဘုတ်များတွင် နိုင်ငံတော်အစိုးရ၏ ထူးခြားသော ဆောင်ရွက်ချက်များ၊ နိုင်ငံတော်အကြီးအကဲများ၏ ဆောင်ရွက်ချက်များကို ရုံးချုပ်ရှိ မှတ်တမ်းဓာတ်ပုံများမှ နယ်ရုံးများသို့ ပေးပို့ခြင်းဖြင့် တစ်လနှစ်ကြိမ် အသစ်လဲလှယ်ပြသနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အပြင် နံရံကပ်ဘုတ်များတွင် အသိပညာဗဟုသုတနှင့် သတင်းအချက်အလက်များ၊ အထိမ်းအမှတ်နေ့များနှင့်သက်ဆိုင်သည့် မှတ်တမ်းဓာတ်ပုံများ၊ အလုပ်အကိုင်အခွင့်အလမ်းများအား ပြည်သူများ သိရှိနိုင်စေရေး လစဉ်လဲလှယ်ပြသ ဆောင်ရွက်လျက်ရှိပါသည်။

### လက်ကမ်းစာစောင်များ ထုတ်ဝေဖြန့်ချိ

နိုင်ငံတော်၏ အထိမ်းအမှတ်နေ့များ၊ နေ့ထူး/နေ့မြတ်များနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ပြည်သူများ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ လက်ကမ်းစာစောင်များ ထုတ်ဝေဖြန့်ချိလျက် ရှိပါသည်။ နှစ်စဉ် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၊ အမျိုးသားနေ့၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့နှင့် အာဇာနည်နေ့ စသည့် အထိမ်းအမှတ်နေ့များတွင် လက်ကမ်းစာစောင် စောင်ရေနှစ်သိန်းစီ ထုတ်ဝေဖြန့်ချိနိုင်ခဲ့ပါသည်။

### ဒို့ကျေးရွာဂျာနယ်ထုတ်ဝေဖြန့်ချိ

ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ပြည်သူများ အကျိုးဖြစ်ထွန်းစေမည့် အကြောင်းအရာများ၊ သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်၍ ဒို့ကျေးရွာဂျာနယ်ကို တစ်လလျှင် နှစ်ကြိမ်နှုန်းဖြင့် တစ်ကြိမ်လျှင် စောင်ရေ ၃၄၀၀၀ ခန့်ဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိရာ နှစ်နှစ်တာကာလအတွင်း ဒို့ကျေးရွာဂျာနယ် စောင်ရေ စုစုပေါင်း ၁၆၅၉၉၃၀ ထုတ်ဝေ ဖြန့်ချိနိုင်ခဲ့ပါသည်။ လက်ရှိတွင် ဒို့ကျေးရွာဂျာနယ်အား ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ စာမျက်နှာအားလုံး ရောင်စုံစာမျက်နှာများဖြင့် ပြောင်းလဲထုတ်ဝေလျက်ရှိပါသည်။

### ပညာပေးဇာတ်လမ်းများ ရိုက်ကူး

ပြည်သူလူထုအသိပညာပေး ဇာတ်လမ်းများအဖြစ် လူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနိုင်မည့် "သူငယ်ချင်း သုံးယောက်ရှိလေသည်" ဇာတ်လမ်းအား လည်းကောင်း၊ လောကနီတိနှင့် ပတ်သက်၍ ပြည်သူများအား အသိပညာပေးနိုင်မည့် "အမှိုက်ကစ" ဇာတ်လမ်းအား လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကို ချစ်ခင်မြတ်နိုးတတ်စေရန် ပညာပေးနိုင်မည့် "စူပါမင်းလည်း မကယ်နိုင်" ဇာတ်လမ်းအား လည်းကောင်း ၂၀၁၆ ခုနှစ်အတွင်း ရိုက်ကူးထုတ်လွှင့် ပြသနိုင်ခဲ့ပါသည်။

ဒီမိုကရေစီကျင့်စဉ်နှင့် စံနှုန်းများအား ပြည်သူလူထု လက်ခံကျင့်သုံးလာစေရန် ပညာပေးနိုင်မည့် "ဟိုဘက်အိမ်က မီးထိန်ထိန်" ဇာတ်လမ်းကို ၂၀၁၇ ခုနှစ်တွင် လည်းကောင်း၊ ပြည်သူများ စာဖတ်သည့် အလေ့အထနှင့် စာဖတ်ခြင်းဖြင့် လူမှုဘဝများ တိုးတက်ပြောင်းလဲသွားနိုင်သည့် ပညာပေးဇာတ်လမ်းဖြစ်သည့် "ပြောင်းလဲပါ" ဇာတ်လမ်းကို ၂၀၁၈ ခုနှစ်တွင် လည်းကောင်း ရိုက်ကူးပြသနိုင်ခဲ့ပါသည်။

### စာပေပွဲတော်များကျင်းပ

စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ ပညာဗဟုသုတရော လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက် ပြုနိုင်သူများ ဖြစ်လာစေရန် ရည်ရွယ်ချက်များဖြင့် ကလေးစာပေပွဲတော်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့ကြီးများတွင် နိုင်ငံတော်အဆင့် ကလေးစာပေပွဲတော် ခြောက်ကြိမ်နှင့် ခရိုင်အဆင့် ၂၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာလူငယ်များအချင်းချင်း အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ အချင်းချင်းမျှဝေပေးနိုင်ရန်နှင့် အနာဂတ် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော်တည်ဆောက်နိုင်ရန်ရည်ရွယ်၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်မြို့တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလအတွင်းက ကျင်းပပေးနိုင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း မန္တလေးမြို့တွင် ဆက်လက်ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ရမည်ဟူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းရင်းသားတို့၏ စာပေနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

တိုင်းရင်းသားလူမျိုးစုများ၏ စာပေနှင့် ယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်ကို ၂၀၁၈ ခုနှစ် မတ်လအတွင်းက ရှမ်းပြည်နယ်တွင် ကျင်းပပေးနိုင်ခဲ့ပါသည်။

မိမိတို့နိုင်ငံအနေဖြင့် မတူကွဲပြားသည့် ဘာသာစကားအသီးသီးရှိကြသော တိုင်းရင်းသားလူမျိုးများစွာ အတူတကွ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည့်အလျောက် အသီးသီးသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းမြှင့်တင်ခြင်းများ ဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု ခံယူလျက် ယင်းသို့သော ပွဲတော်များ ကျင်းပပေးခြင်းပင် ဖြစ်ပါသည်။ ဆက်လက်ပြီး ယင်းပွဲတော်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျင်းပပြီး နိုင်ငံတော်အဆင့် ပွဲတော်ကြီးတစ်ခုကိုလည်း ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။

**သုတေသနစာတမ်းများပြုစု**

သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ (ရန်ကုန်)ရုံးကို မြန်မာရေးရာ လေ့လာရေးစင်တာ (Center for Myanmar Affairs Studies) အဖြစ် ၂၀၁၆ ခုနှစ် ဇွန်လတွင် ပညာရှင်များဖြင့် ဖွဲ့စည်းကာ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ စာတမ်းများ ပြုစုခြင်း၊ မြန်မာရေးရာ စာစောင်ကို သုံးလတစ်ကြိမ် ပုံမှန်ထုတ်ဝေခြင်း၊ Myanmar Bulletin English နှင့် Myanmar တို့ကို ထုတ်ဝေခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံတွင် တင်သွင်းခဲ့သောစာတမ်း ၇၂ စောင်အပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာချက်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လေ့လာချက်စာတမ်းနှင့် တရုတ်ပြည်ဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေး လေ့လာသုံးသပ်ချက် စာတမ်းတို့အား သုတေသနပြုစု ထုတ်ဝေနိုင်ခဲ့ပါသည်။

**သတင်းပြန်ကြားရေးလုပ်ငန်းများ**

ပြည်သူများကို အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ ပေးပို့နိုင်ရန်အတွက် နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများမှသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများမှလည်း သက်ဆိုင်ရာအစိုးရအဖွဲ့များ၏ သတင်းများ၊ ဒေသတွင်းသတင်းများ၊ ထူးခြားဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်သတင်းများကို ဝန်ကြီးဌာန Web-portal တွင် အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

> **“စာနယ်ဇင်းကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် သတင်းမီဒီယာ ဥပဒေပြင်ဆင်ရေးလုပ်ငန်းများ၊ စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်း ရေးဆွဲရေးလုပ်ငန်းများ၊ နိုင်ငံသားများ သတင်းအချက်အလက် သိပိုင်ခွင့်နှင့်ပတ်သက်၍ သတင်းအချက်အလက်ရပိုင်ခွင့် ဥပဒေမူကြမ်း ရေးဆွဲရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိ”**

ပြည်သူများအတွက် သဘာဝဘေးအန္တရာယ်ကြိုတင်အသိပေးကြေညာချက်များ၊ ကူညီကယ်ဆယ်ရေးဆိုင်ရာ သတင်းများကို သိရှိနိုင်စေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ Myanmar Rehabilitation News Facebook Page အား လည်းကောင်း၊ ပြည်တွင်းသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများ၊ မိုးလေဝသသတင်းများ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သော အချက်အလက်များကို ပြည်သူများ နားဆင်နိုင်ရန်နှင့် မေးမြန်းနိုင်ရန် Blue Ocean Operating Management Co.,Ltd နှင့် ပူးပေါင်း၍ Call Center Hotline အားလည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ ပြုပြင်ပြောင်းလဲမှုများကို ပြည်တွင်းသာမက နိုင်ငံတကာမှ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် Media နည်းလမ်းပေါင်းစုံမှ သတင်းအချက်အလက်များပေးနိုင်ရေးအတွက် myanmarinformation 1883 အမည်ဖြင့် Twitter အကောင့်တစ်ခု ဖွင့်လှစ်၍ လည်းကောင်း၊ MOI Myanmar အမည်ဖြင့် Viber Public Chat တစ်ခုအား ဖွင့်လှစ်၍လည်းကောင်း သတင်းပြန်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

**စာနယ်ဇင်းကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ**

ယခင်က ပုံနှိပ်သူ၊ ထုတ်ဝေသူလုပ်ငန်းရှင်များအနေဖြင့် မိမိထုတ်ဝေသော စာအုပ်၊ စာစောင်လေးစောင်နှင့် Electronic Document တို့အား ဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်လျက်ရှိရာမှ ယခုအခါ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို ပြင်ဆင်ထုတ်ပြန်နိုင်ခဲ့ပြီး Electronic Document ကို ပေးအပ်ရန် မလိုတော့ဘဲ စာအုပ်၊ စာစောင် ခြောက်အုပ်သာ ပေးအပ်ရတော့သည်။ အစိုးရနှစ်နှစ်တာကာလအတွင်း ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၉၇ ခု၊ သတင်းစာထုတ်ဝေခြင်း လုပ်ငန်း ၄၅ ခု၊ ဂျာနယ်ထုတ်ဝေခြင်းလုပ်ငန်း ၈၂၅ ခု၊ မဂ္ဂဇင်းထုတ်ဝေခြင်းလုပ်ငန်း ၄၃၂ ခု၊ အထွေထွေထုတ်ဝေခွင့်လုပ်ငန်း ၁၃၂၃ ခုနှင့် သတင်းအေဂျင်စီလုပ်ငန်း ၉၈ ခုတို့ကို ခွင့်ပြုပေးနိုင်ခဲ့ပါသည်။

စာနယ်ဇင်းကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် သတင်းမီဒီယာဥပဒေပြင်ဆင်ရေး လုပ်ငန်းများ၊ စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်း ရေးဆွဲရေးလုပ်ငန်းများ၊ နိုင်ငံသားများ သတင်းအချက်အလက် သိပိုင်ခွင့်နှင့်ပတ်သက်၍ သတင်းအချက်အလက်ရပိုင်ခွင့် ဥပဒေမူကြမ်း ရေးဆွဲရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

**ရုပ်ရှင်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်**

ရုပ်ရှင်ရုံများအား Digital စနစ်ဖြင့် ပြသသည့် အဆင့်မြင့်ရုပ်ရှင်ရုံများအဖြစ် ပြောင်းလဲရေးအားပေးဆောင်ရွက်မှုအနေဖြင့် အစိုးရနှစ်နှစ်သက်တမ်းအတွင်း Digital စနစ်ဖြင့် ပြသသည့် ရုပ်ရှင်ရုံ ၅၉ ရုံတိုးတက် ဆောင်ရွက်နိုင်ခဲ့ပြီး ယနေ့အချိန်အထိ စုစုပေါင်း ၉၉ ရုံ ရှိပြီဖြစ်သည်။

နိုင်ငံတကာရုပ်ရှင်ပွဲတော်များသို့ မြန်မာရုပ်ရှင်ဇာတ်ကားများ ပေးပို့ပြသနိုင်မှု ရှစ်ကြိမ်၊ မြန်မာနိုင်ငံတွင်လာရောက် ကျင်းပသည့် နိုင်ငံတကာရုပ်ရှင်ပွဲတော် ကိုးကြိမ်၊ ဇာတ်ကားပေါင်း ၁၂၈ ကားကို ပြသနိုင်ခဲ့ပါသည်။ ထို့အတူ ရှေးဟောင်းမြန်မာရုပ်ရှင် ဇာတ်ကားကြီးများ၊ သတင်းမှတ်တမ်းကားများ ရေရှည်တည်တံ့စေရန် ဖလင်ပိဋကတ်အား အဆင့်မြှင့်တင် ဆောင်ရွက်ရေးအတွက် ပြည်ပအကူအညီများဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အချိန်သည် ရုပ်ရှင်ကဏ္ဍ၏ ရွှေခေတ်အဖြစ် တင်စားနိုင်လောက်အောင် ရုပ်ရှင်ဇာတ်ကားများ ထုတ်လုပ်မှုမြင့်မားသည့် ကာလတစ်ခုဖြစ်လာခဲ့ပြီး အစိုးရနှစ်နှစ်တာကာလအတွင်း မြန်မာရုပ်ရှင်ဇာတ်လမ်း ၃၇၃ ပုဒ်၊ မြန်မာရုပ်ရှင်ဇာတ်ကား ၂၆၁ ကား၊ နိုင်ငံခြားရုပ်ရှင်ဇာတ်ကား ၂၁၄ ကား၊ မြန်မာဗီဒီယိုဇာတ်ကား ၁၆၄၃ ကား စစ်ဆေးခွင့်ပြုပေးနိုင်ခဲ့ပါသည်။

ရုပ်ရှင် အနုပညာ၊ အတတ်ပညာနားလည်တတ်ကျွမ်းသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာရေး သင်တန်းများစေလွှတ်ခြင်း၊ နိုင်ငံခြားရိုက်ကူးရေး ခရီးစဉ်များတွင် ဆက်သွယ်ရေးအရာရှိ၊ တာဝန်ခံများ လိုက်ပါ၍ ကူညီဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ရိုက်ကူးရေးစတူဒီယို ငှားရမ်းပေးခြင်း၊ ရိုက်ကူးရေးသုံး ကင်မရာနှင့် ဆက်စပ်ပစ္စည်းများ ငှားရမ်းပေးခြင်း၊ ရုပ်ရှင်စတူဒီယို အဆောက်အအုံ တည်ဆောက်မွမ်းမံဆောင်ရွက်ခြင်း၊ ဆင်ဆာမူဝါဒ လျှော့ချရေး၊ ရုပ်ရှင်ဥပဒေရေးဆွဲရေး၊ နည်းဥပဒေပြင်ဆင်ရေး၊ ခိုးကူးခွေပပျောက်ရေးအတွက် ပြစ်မှုပြစ်ဒဏ်များ ပြင်ဆင်သတ်မှတ်ရေး၊ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**အသိပညာရေချိန်မြင့်မားတိုးတက်လာ**

နိုင်ငံသူ နိုင်ငံသားတို့၏ အသိပညာ ရေချိန်မြင့်မားစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား အပြန်အလှန် ပြန်ကြားဆက်ဆံပေးခြင်း၊ အသိပညာဗဟုသုတများကို ပြည်သူ့ဆက်ဆံရေး နည်းလမ်းများဖြင့် ဖြန့်ဝေပေးခြင်း၊ ဖျော်ဖြေရေးလုပ်ငန်းများအဖြစ် အသိပညာပေးဇာတ်လမ်းများ ရိုက်ကူးထုတ်လွှင့်ပြသခြင်း၊ ရုပ်ရှင်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

**ပိုမိုဖြစ်ထွန်းအောင်မြင်လာမည်**

နိုင်ငံသူ နိုင်ငံသားများ၏ အသိပညာရေချိန်မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ခြင်းဖြင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းများအပေါ် နိုင်ငံသူ နိုင်ငံသားများ၏ အထောက်အပံ့ ပိုမိုရရှိလာမည် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံသူ နိုင်ငံသားတို့၏ အသိပညာ ရေချိန်မြင့်မားလာမှုနှင့်အတူ နိုင်ငံသူ နိုင်ငံသားများက အသိပညာနှင့် ယှဉ်သော ပေါင်းစပ်ကူညီမှုများဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းအောင်မြင်လာမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# အနုပညာလုပ်အားနဲ့ ပြည်သူကို ပြန်ပြီးတော့ ကူညီထောက်ပံ့ချင်တယ်

**သရုပ်ဆောင်အကယ်ဒမီ နေတိုး**

**ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှင်းဆီရင်ခွင် လူမှုကူညီရေးဖောင်ဒေးရှင်းက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်းကော်မတီထံ အလှူငွေများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဧပြီ ၅ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပရာ အဆိုပါဖောင်ဒေးရှင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။**

**ဒါရိုက်တာ မောင်မျိုးမင်း**

ကျွန်တော်ကတော့ မြန်မာနိုင်ငံရဲ့ဘယ်လိုအခြေအနေပဲဖြစ်ဖြစ်ပေါ့။ နာဂစ်ဖြစ်တယ်၊ ရေကြီးတယ် စသည်ဖြင့် အဲဒီလိုအခြေအနေမျိုးတွေမှာ နှင်းဆီအဖွဲ့ ပွဲကပြီး ရရှိတဲ့ ရန်ပုံငွေတွေကို အမြဲတမ်းလှူဒါန်းပါတယ်။ အဲဒီလိုပဲ ပညာရေး၊ ကျန်းမာရေး စတဲ့ လိုအပ်တဲ့နေရာတွေမှာလည်း လိုအပ်သလို လှူဒါန်းပါတယ်။ ကျွန်တော်တို့ ဒီနှင်းဆီကို တည်ထောင်တာ ၁၀ နှစ်ရှိပါပြီ။ အခုဆိုရင် ၁၀ နှစ်ကျော်တဲ့ကာလကို ရောက်လာပါပြီ။ အဲဒီလောက်ထိ ကျွန်တော်တို့ ရှည်ကြာလာခဲ့ခြင်းဟာ ကျွန်တော်တို့ရဲ့ ညီညွတ်ခြင်း တစ်ခုလို့ပြောလို့ရပါတယ်။ အခု ဒီအလှူဟာလည်း ကျွန်တော်တို့ကို ဘယ်သူမှ တိုက်တွန်းတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကိုယ်တိုင် ဒါကိုလှူသင့်တယ်လို့ ထင်လို့ လှူဒါန်းခြင်းဖြစ်ပါတယ်။

တကယ်တော့ ကျွန်တော်တို့က ရခိုင်ပြည်နယ်အရေးမှာတင် မဟုတ်ပါဘူး။ မြန်မာပြည်ရဲ့ ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ကျွန်တော်တို့တိုင်းရင်းသားတွေကို ကူညီဖို့ တာဝန်ရှိတယ်လို့ ခံယူထားပါတယ်။ ဒီအတွက်ကြောင့် အတတ်နိုင်ဆုံး ကျွန်တော်တို့ လုပ်နိုင်တာကို လုပ်သွားရမှာပါ။ ဘယ်သူရဲ့တိုက်တွန်းမှု၊ ဘယ်သူရဲ့ဆော်ဩမှုမှမပါဘဲ လုပ်ရတဲ့အခါမျိုးတွေလည်း ရှိပါတယ်။ မဖြစ်မနေ အကူအညီတောင်းလို့ လုပ်ရတဲ့အခါလည်း ရှိပါတယ်၊ ကျွန်တော်တို့ လုပ်တဲ့အခါမှာ နောက်ကနေ ကူညီပေးတာကတော့ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးပါပဲ။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကနေ ကျွန်တော်တို့ကို ကူညီပေးတယ်။ ဒီနှစ်ဆိုရင် အကယ်ဒမီအတွက် မအားမလပ်ဖြစ်နေတဲ့အချိန်မှာ ကျွန်တော်တို့က အမျိုးသမီးရေးရာအတွက် မကြာသေးခင်က ရင်ခွင်မဲ့ကလေးတွေအတွက် အမေစုရဲ့ပန်းချီကားကို လေလံတင်ခဲ့ပါတယ်။ ကျွန်တော်တို့ပဲ လေလံတင်ပေးခဲ့တာပါ။ အခုလည်း အမေစုကို ပန်းချီဦးမျိုးမြင့်ရေးတဲ့ ပန်းချီကားတစ်ကားကို လက်ဆောင်ပေးဖြစ်တယ်။ အားချင်း၊ ညတွင်းချင်း ပူဆာပြီးတော့ ရေးဆွဲခိုင်းခဲ့ပါတယ်။ အဲဒီပန်းချီကားလေး အမေစုကို လက်ဆောင်ပေးဖြစ်တဲ့အတွက် ဝမ်းသာပါတယ်။

အဲဒီပန်းချီကားလေးက အမေ့ကို သံမဏိနှင်းဆီလို့ အားလုံးကတင်စားကြသလို နှင်းဆီဆိုတာကလည်း ကျွန်တော်တို့ရဲ့ အမှတ်တံဆိပ်တစ်ခုပါပဲ။ အဲဒီတော့ အမေ့ရဲ့ ခေါင်းမှာ နှင်းဆီပန်းလေး သုံးပွင့်ပန်ထားပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ရဲ့ ပြည်သူရယ်၊ နိုင်ငံတော်ရယ်၊ တရားဥပဒေရယ် အဲဒီသုံးခုကို အမေက အမြဲတမ်းပန်ဆင်ထားတယ်လို့ အဓိပ္ပာယ်ဖွင့်ဆိုချင်ပါတယ်။ အဲဒီထဲမှာ မျက်နှာဘေးစောင်းလေး ဆွဲထားတယ်။ ဆွဲထားတဲ့အချိန်မှာ အမေမှန်းသိရုံပါပဲ။ ဒါပေမယ့် အမေ့ရဲ့အပြုံးမှာ မျှော်လင့်ချက်တွေ ရှိနေတယ်။ အမေ့ရဲ့ နှုတ်ခမ်းမှာ တိကျပြတ်သားမှုတွေ မြင်နေရတယ်။ နှုတ်ခမ်းတစ်စွန်းတစ်စနဲ့ မျက်လုံးတစ်စွန်းတစ်စလေးပဲ ပေါ်ပါတယ်။ အမေမှန်းသိပါတယ်။ အဓိကက ပန်ထားတဲ့နှင်းဆီပါပဲ။ ဘာပဲပြောပြော နှင်းဆီဆိုပြီး အမေက ချစ်သလို နှင်းဆီကလည်း အမေ့ကို ကျွန်တော်တို့ကချစ်တဲ့ အထိမ်းအမှတ်လို့ အဓိပ္ပာယ်



ဒါရိုက်တာ မောင်မျိုးမင်း



သရုပ်ဆောင်အကယ်ဒမီ နေတိုး



သရုပ်ဆောင် ဖူးစုံ



သရုပ်ဆောင် မင်းမော်ကွန်း

ရပါတယ်။ အဲဒီပန်းချီကားလေးကို အမေ့ကို လက်ဆောင်အဖြစ် ပေးလိုက်ရတာ တော်တော်လေး ကြည်နူးပါတယ်။ နောက်နောင်လည်း ကျွန်တော်တို့ ဒီနိုင်ငံရဲ့ဘယ်လို အခြေအနေမျိုးပဲ ကြုံလာကြုံလာ လိုအပ်တဲ့နေရာကနေ ကျွန်တော်တို့ ပံ့ပိုးသွားဖို့ အဆင်သင့်ပါပဲ။ အခုလို ပံ့ပိုးလှူဒါန်းသွားတဲ့ဟာက ကျွန်တော်တို့ရဲ့ အလှူတွေတင် မဟုတ်ပါဘူး။ ကျွန်တော်တို့နဲ့အတူ အနုပညာရှင်တွေ၊ ဒီနှင်းဆီအဖွဲ့မှာပါဝင်တဲ့ အနုပညာရှင်တွေရော၊ ပြီးရင် ဒီအနုပညာရှင်တွေကို အားပေးတဲ့ပရိသတ်တွေရဲ့အလှူပါ။ ကျွန်တော်တို့ကို အားပေးတဲ့ ပရိသတ်တွေဟာ ပွဲကြည့်ပြီး ကျေနပ်ရုံတင် မဟုတ်ပါဘူး။ သူတို့အတွက် နောင်ဘဝအတွက်ပါမယ့် ကုသိုလ်တွေ ကျွန်တော်တို့ အတူတကွ ယူပေးလိုက်နိုင်တာပါ။ ကျွန်တော်တို့ချစ်တဲ့ ပရိသတ်တွေနဲ့ နောင်သံသရာမှာ ရေစက်ဆုံပြီး ပြန်တွေ့ကြရမှာပါ။ အားလုံးကိုလည်း ကျွန်တော်တို့ ပြုသမျှ ကုသိုလ်တွေအတွက် အမျှပေးဝေပါတယ်။ သာဓုခေါ်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။

**သရုပ်ဆောင်အကယ်ဒမီ နေတိုး**

ဒီနေ့အခမ်းအနားက နှင်းဆီရင်ခွင်ဖောင်ဒေးရှင်းကနေ ရခိုင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်နိမိတ်နှင်းဆီဆိုတဲ့အငြိမ့်ကို ကပြဖျော်ဖြေခဲ့တဲ့ ရန်ပုံငွေ ဖျော်ဖြေပွဲကနေ ရရှိတဲ့ ငွေကျပ် သိန်း ၆၅၀ ကို ကျွန်တော်တို့အမေစုဆီမှာ လာရောက်ပြီး လှူဒါန်းတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အနုပညာရှင်တွေရဲ့ဒီနိုင်ငံအပေါ်မှာ ကျွန်တော်တို့ဟာ လိုအပ်ရင်လိုအပ်သလို ကျွန်တော်တို့ရဲ့အနုပညာ လုပ်အားနဲ့ပါဝင်ပြီး လှူဒါန်းတဲ့သဘောဖြစ်ပါတယ်။ ကျွန်တော်တို့က ဒီနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ အနုပညာရှင်တွေဖြစ်ပါတယ်။ အဲဒါကြောင့် အနုပညာလုပ်အားနဲ့ ပြည်သူကို ပြန်ပြီးတော့ ကူညီထောက်ပံ့ချင်တယ်။ နောက်ပြီးတော့ ပြည်သူတွေပူးပေါင်းပါဝင်တဲ့ ဒီလိုမျိုး အလှူပွဲလေးတွေနဲ့ ကျွန်တော်တို့ အနုပညာရှင်တွေ ပေါင်းစုတဲ့ ဒီလိုဖျော်ဖြေပွဲလေးတွေ ပြုလုပ်ခြင်းအားဖြင့်လည်း ပရိသတ်တွေရဲ့ ပျော်ရွှင်မှုအခိုက်အတန့်လေးတွေ ရစေတယ်။

ရခိုင်ပြည်နယ်အတွက် လှူဒါန်းဖြစ်တာပါ။ တခြားသောအချိန်တွေမှာလည်း ပွဲတွေကပြီး လှူဒါန်းခဲ့တာမျိုးတွေရှိပါတယ်။ အခု ဒီဟာကတော့ နှင်းဆီကို အားပေးခဲ့ကြတဲ့ ပရိသတ်တွေရဲ့အလှူလို့ပဲ ပြောလို့ရပါတယ်။

**သရုပ်ဆောင် ဖူးစုံ**

နှင်းဆီအဖွဲ့လေးဖွဲ့ဖြစ်တာ ဒီနှစ်နဲ့ဆို ၁၀ နှစ်ရှိပါပြီ၊ ၂၀၁၈ ဆိုရင်တော့ ၁၁ နှစ်ဖြစ်သွားတာပေါ့။ နှင်းဆီရင်ခွင်ဖောင်ဒေးရှင်းကို ရေဘေးဖြစ်တုန်းကစပြီးတော့ ဖွဲ့လိုက်တယ်။ ဖွဲ့လိုက်ပြီးတော့ ကိုနေတိုးတို့ ဦးဆောင်ပြီးတော့ ဖောင်ဒေးရှင်းတစ်ခု လုပ်မယ်ဆိုပြီးတော့ စပြီးတော့ဖွဲ့ဖြစ်တယ်။ ရေဘေးတုန်းကလည်း အငြိမ့်ကို နိုဗိုတယ်ဟိုတယ်မှာကတယ်၊ ရတဲ့ပိုက်ဆံတွေကို ရေဘေးအတွက်လှူတယ်၊ အဲဒီလိုပဲ အခု ရခိုင်ပြည်နယ်အတွက်လည်း လှူတယ်။ ဒါက ဒုတိယအကြိမ်ပေါ့။ ပထမအကြိမ်ကလည်း လှူဖူးတယ်။ တောက်လျှောက် အလှူတွေလုပ်ဖြစ်တယ်။ ဒီကြားထဲမှာလည်း ဖူးစုံတို့ ဩစတြေးလျကိုသွား ကဖြစ်တယ်။

*စာမျက်နှာ ၁၀ သို့*

# မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ အချက်အလက်စီမံခန့်ခွဲမှုစနစ် အဆင့်မြှင့်တင်ရေးဆွေးနွေး



**နေပြည်တော် မေ ၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပလျက်ရှိသည့် 2nd Asian and Pacific Energy Forum သို့တက်ရောက်ရန် ဗန်ကောက်မြို့၌ ရောက်ရှိနေသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP ကုမ္ပဏီရုံးချုပ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက PTTEP ကုမ္ပဏီ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား Sub Surface Data Management System အား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ Data Management System အား အဆင့်မြှင့်တင်ဆောင်ရွက်ရေးအစီအစဉ်များကို ပြန်လည်ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် PTTEP Core Research Centre သို့ ရောက်ရှိခဲ့ရာ တာဝန်ရှိသူများက Core Research Centre တွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ Core Laboratory အား အဆင့်မြှင့်တင်ဆောင်ရွက်ရန် အခြေအနေများအား ပြန်လည်ဆွေးနွေးပြီး Core Research Centre အတွင်း လှည့်လည်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မေ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်တက္ကသိုလ် ပထဝီဝင်ဌာနမှ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပထဝီဝင်အထူးပြု စတုတ္ထနှစ်နှင့် ဒုတိယနှစ်ဂုဏ်ထူးတန်းမှ အုပ်ချုပ်သူဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၀၄ ဦးတို့သည် ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာသည်။

အဆိုပါလေ့လာရေးအဖွဲ့အား ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များအား ရှင်းလင်းပြောကြား၍ လွှတ်တော်အဆောက်အအုံများသို့ လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးရှိ ကျေးရွာ ၁၈ ရွာ ဆိုလာစနစ်ဖြင့် မီးလင်းတော့မည်

**မုံရွာ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်းနှင့်ဝေးကွာသော ကျေးရွာများအား ၂၀၁၈ ခုနှစ် မေလမှ စက်တင်ဘာလအတွင်း တိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၁၈ ရွာသို့ တစ်အိမ်ထောင် သုံးဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ၁၀၀ ဝပ်အားရှိ ဆိုလာမီးလင်းရေးစနစ်များကို ကသာခရိုင်အတွင်းရှိ ကျေးရွာခြောက်ရွာမှ အိမ်ခြေ ၄၃၆ အိမ်သို့ လည်းကောင်း၊ ခန္တီးခရိုင်အတွင်းရှိ ကျေးရွာကိုးရွာမှ အိမ်ခြေ ၈၃၄ အိမ်သို့လည်းကောင်း၊ မော်လိုက်ခရိုင်အတွင်းရှိ ကျေးရွာနှစ်ရွာမှ အိမ်ခြေ ၁၅၀ သို့လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်းရှိ ကျေးရွာတစ်ရွာမှ အိမ်ခြေ ၁၀၇ အိမ်သို့လည်းကောင်း စုစုပေါင်း အိမ်ခြေ ၁၂၅၇ အိမ်သို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေကျပ်သန်း ၃၄၄ ဒသမ ၄၉ သန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းဦး(ဇေယျာတိုင်း)**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၅**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသ ကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်း ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၉ မှ*

သွားကဖြစ်တဲ့အခါ ပြည်ပကနေတဲ့သူတွေအနေနဲ့ နှင်းဆီရင်ခွင်ဖေါင်ဒေးရှင်းလုပ်ထားတယ်ဆိုတာ သိတဲ့အတွက် လှူဒါန်းတဲ့လူတွေရှိတယ်၊ ကျောင်းတွေမှာ လှူဖြစ်တယ်။ ကြားထဲမှာလည်း ကြိုးကြားကြိုးကြား လှူဖြစ်တယ်။ မကွေးတိုင်းမှာဆိုရင် ရေမရတဲ့နေရာတွေမှာ ရေတွင်းရေကန်ဆောက်ချင်တယ်ဆိုတော့ ကိုခင်လှိုင်က အဲဒီရွာကို ရောက်သွားတယ်။ အခက်အခဲတွေရှိတယ်ဆိုတဲ့အတွက် နှင်းဆီရင်ခွင်ဖေါင်ဒေးရှင်းကနေပြီး နိုင်သလောက် လှူဖြစ်တယ်။ ပြီးတော့ ကိုယ်ကိုယ်တိုင်ဦးဆောင်ပြီးတော့ စာသင်ကျောင်းတွေလည်း လုပ်ဖြစ်တယ်။ အမြဲတမ်းအလှူတွေ မပြတ်အောင်လုပ်ပါတယ်။ ဒါကတော့ ဖူးစုံတို့က ပြည်သူတွေနဲ့ ဆက်စပ်ပြီးတော့ လုပ်နေရတယ်ဆိုတဲ့အတွက်ကြောင့်မို့လို့ ပြန်ပြီးတော့ကျေးဇူးဆပ်တဲ့ သဘောမျိုးလည်း ပါပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အနုပညာလုပ်နေရတဲ့အတွက်ပဲပျော်ပါတယ်။ ဝမ်းသာပါတယ်။ အဲဒီလိုမျိုး ဆက်ပြီးတော့ ကိုယ်ပျော်တဲ့အနုပညာလုပ်ငန်းနဲ့ပဲ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို တတ်နိုင်တဲ့ဘက်က ကူညီပေးဖို့အဆင်သင့်ပါပဲ။ ဘာတွေဆက်လုပ်သွားဖို့ အစီအစဉ်ရှိလဲဆိုတော့ အနုပညာနဲ့ ရန်ပုံငွေရှာချင်ပါတယ်။ ပြည်သူတွေအတွက် လိုအပ်တဲ့နေရာကနေ ပံ့ပိုးကူညီနေရရင် ကျေနပ်ပါတယ်။

**သရုပ်ဆောင် မင်းမော်ကွန်း**

ကျွန်တော်တို့ မူလရည်ရွယ်စဉ်ကတည်းက ရခိုင်ဒေသမှာ ခြံစည်းရိုး ဆောက်လုပ်နေတဲ့အတွက်ကို လှူဒါန်းချင်တာပါ၊ ရခိုင်မှ မဟုတ်ပါဘူး၊ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးကို ထိပါးတဲ့အရာမှန်သမျှကို ကျွန်တော်တို့ အပါအဝင် တိုင်းသူပြည်သားတွေအကုန်လုံးမှာ တာဝန်ရှိတယ်လို့ ခံစားပြီးတော့ ဒီရည်ရွယ်ချက်နဲ့ ပွဲကို ကဖြစ်တာပါ။ ပွဲကတဲ့အချိန်မှာလည်း အလှူငွေကျပ်သိန်း ၆၅၀ ရပါတယ်။ ဒီနေ့လှူဒါန်းနိုင်ပါတယ်။ ကျွန်တော်တို့ကိုလိုအပ်ရင် ကျွန်တော်တို့ အမြဲတမ်းကိုယ်တတ်နိုင်တဲ့အနုပညာနဲ့ ပါဝင်ကူညီလှူဒါန်းနေကြမှာပါပဲ။ အဲဒီအတွက်ကိုလည်း ကျွန်တော်တို့ အမြဲတမ်းရှိပါတယ်။

**မင်းမင်းဇော်(ကလေး)**

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် နေ့စဉ်ထုတ်သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် မေ ၅**

မြန်မာ့နှစ်သစ်ကူး ရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်သည်။

မေ ၁၃၊ ၁၄၊ ၁၅ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာများ ခေတ္တရပ်နားသွားမည်ဖြစ်သည်။

မေ ၁၆၊ ၁၇ ရက်တို့တွင် ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့ကို ထုတ်ဝေသွားမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်သည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ ထုတ်ဝေလျက်ရှိသည့် မန္တလေးကဏ္ဍစာမျက်နှာကို သင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မေ ၁၄ ရက်တွင် လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ ထုတ်ဝေလျက်ရှိသည့် တိုင်းရင်းသားဘာသာအချပ်ပိုကို မေ ၁၅ ရက်တွင် လည်းကောင်း၊ ကြေးမုံသတင်းစာမှ စနေနေ့တိုင်းထုတ်ဝေသည့် တိုင်းရင်းသားရေးရာအချပ်ပိုကို မေ ၁၄ ရက်တွင် လည်းကောင်း၊ တနင်္ဂနွေနေ့တိုင်း ထုတ်ဝေသည့် မျိုးဆက်သစ်ရင်ပြင်အချပ်ပိုကို မေ ၁၅ ရက်တွင် လည်းကောင်း၊ မြန်မာ့အလင်းသတင်းစာမှ ဗုဒ္ဓဟူးနေ့တိုင်းထုတ်ဝေသည့် ယနေ့ရန်ကုန်အချပ်ပိုကို မေ ၁၈ ရက်တွင် လည်းကောင်း ရပ်နားမည်ဖြစ်ပြီး ရုံးပိတ်ရက်ကျော်လွန်ပါက ပြန်လည်ထုတ်ဝေသွားမည်ဖြစ်သည်။

သတင်းစာ ကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက်ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး မေ ၁၈ ရက်မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်သည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

# OCHA ၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးနှင့်အဖွဲ့ မောင်တောဒေသသို့ ကွင်းဆင်းလေ့လာ



**မောင်တော မေ ၅**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးအပ်နိုင်ရေးအတွက် မောင်တောမြို့၌ ရောက်ရှိနေသည့် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရေးရာညှိနှိုင်းရေးရုံး (OCHA) ၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူး Ms.Ursula Mueller ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် မြိုတိုင်းရင်းသားများနေထိုင်သည့် ကိုင်းကြီးကျေးရွာသို့ ရောက်ရှိပြီး မြိုတိုင်းရင်းသားများ၊ ရခိုင်တိုင်းရင်းသားများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာညှိနှိုင်းရေးရုံး(OCHA) ၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးက အကြမ်းဖက်ဖြစ်စဉ်တွင် တိုင်းရင်းသားများ ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများ၊ ယခုလက်ရှိ လုပ်ဆောင်နေသည့် အခြေအနေများ၊ ဒေသခံများ၏ လိုအပ်ချက်များကို မေးမြန်းပြီး မြိုတိုင်းရင်းသားများအတွက် နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသည့်နေအိမ်များကို လိုက်လံကြည့်ရှုသည်။

ထို့နောက် အကြမ်းဖက်မှုဖြစ်စဉ်တွင် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးသွားခြင်းမရှိဘဲ ကျန်ရှိနေသည့် အစ္စလာမ်ဘာသာဝင် အိမ်ထောင်စု ၂၂ စုအတွက် နေအိမ်အဆောက်အအုံသစ်များ တည်ဆောက်ထားသည့် ပန်းတောပြင်ကျေးရွာသို့ ရောက်ရှိပြီး အကြမ်းဖက်မှုဖြစ်စဉ်တွင် နေရပ်မစွန့်ခွာဘဲ ကျန်ရှိနေသည့် အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေအနေများအား မေးမြန်းသည်။ **(အပေါ်ပုံ)**

ယင်းနောက် အဆိုပါအဖွဲ့သည် ရွှေဇားကျေးရွာအုပ်စု အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များအား တွေ့ဆုံ၍ ဘာသာပေါင်းစုံ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေး၊ ပြဿနာတစ်စုံတစ်ရာမရှိအောင် ဘာသာရေးခေါင်းဆောင်များက ညှိနှိုင်းဆောင်ရွက်ရေး၊ နိုင်ငံတကာအကူအညီများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေး စသည်တို့ကို ရှင်းလင်းပြောကြားပြီး ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြသည်။

ရွှေဇားကျေးရွာအုပ်စုသည် ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များ အတူယှဉ်တွဲနေထိုင်ကြပြီး အကြမ်းဖက်မှုဖြစ်စဉ်တွင် ပါဝင်ခြင်းမရှိဘဲ ငြိမ်းချမ်းစွာအတူနေထိုင်ကြသော ကျေးရွာအုပ်စုတစ်စုဖြစ်သည်။

ဆက်လက်၍ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရေးရာညှိနှိုင်းရေးရုံး (OCHA)၏ လက်ထောက်အတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ဒုတိယညှိနှိုင်းရေးမှူးနှင့်အဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာမည့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူများအတွက် ယာယီတည်ဆောက်ထားသည့် လှုဖိုးခေါင်ယာယီပြန်လည်လက်ခံရေးစခန်းသို့ သွားရောက်ကြည့်ရှုရာ စခန်းတာဝန်ရှိသူများက နေရပ်စွန့်ခွာသူများအတွက် ပြန်လည်လက်ခံရန် တည်ဆောက်ထားသည့် နေအိမ်အဆောက်အအုံများ၊ ရေရှိရေးဆောင်ရွက်ထားမှု လျှပ်စစ်မီးသွယ်တန်းထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လှုဖိုးခေါင်ယာယီပြန်လည်လက်ခံရေးစခန်း တည်ဆောက်ထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုသည်။

လှုဖိုးခေါင်ယာယီပြန်လည်လက်ခံရေးစခန်းသည် ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ရောက်ရှိလာမည့် နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်သူများအတွက် ကြားစခန်းအနေဖြင့် တည်ဆောက်ထားခြင်းဖြစ်ကာ အဆောက်အအုံအရေအတွက် ၆၂၅ လုံး တည်ဆောက်ထားကာ နေအိမ်တစ်လုံးလျှင် ရှစ်ခန်းတွဲဖြင့် တစ်ခန်းလျှင် မိသားစုခြောက်ဦး နေထိုင်နိုင်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ကျော်သူဝင်း၊ အေးမင်းသူ**

# MRTV မှ ဝန်ထမ်းများနှင့် ငြိမ်းချမ်းရေးဂီတပွဲတော် ဆုရတေးသံရှင်များ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ၌ ဖျော်ဖြေတင်ဆက်မည်

**နေပြည်တော် ဧပြီ ၅**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ ဧပြီ ၈ ရက်တွင် ကျင်းပမည့် ဖျော်ဖြေပွဲ၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ငြိမ်းချမ်းရေးဂီတပွဲတော်တွင် ဆုရတေးသံရှင်များက ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း အမျိုးသားအထိမ်းအမှတ်ဥယျာဉ်မှ အထွေထွေမန်နေဂျာ ဦးစိုးနိုင်က ပြောကြားသည်။

ဖျော်ဖြေပွဲကို နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီအထိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ညွှံ့ကြိုဆောင်၌ ကျင်းပသွားမည်ဖြစ်ပြီး လက်ရှိတွင် စတိတ်စင်များပြင်ဆင်ခြင်းနှင့် ဖျော်ဖြေပွဲအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကပြောသည်။

"ဖျော်ဖြေပွဲအစီအစဉ်တွေကို ကြော်ငြာဆိုင်းဘုတ်တွေ ထောင်ပြီး ပြည်သူတွေသိရှိနိုင်အောင် ဆောင်ရွက်ထားပါတယ်၊ ဥယျာဉ်ထဲမှာတော့ ရေကူးဖို့နဲ့ လှည့်လည်အပန်းဖြေနိုင်ဖို့ အဆင့်မြှင့်တင်ဆောင်ရွက်ထားပါတယ်"ဟု ၎င်းက ဆိုသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)အား ပြည်တွင်း၊ ပြည်ပ ခရီးသွားများ ပိုမိုစိတ်ဝင်စားမှုရှိစေရေးအတွက် တိုးမြှင့်ဆောင်ရွက်ရန်နှင့် ယဉ်ကျေးမှုပဒေသာ က ပွဲကဲ့သို့ အစီအစဉ်များ ကျင်းပနိုင်သည်အထိ ဆောင်ရွက်သွားရန် အထက်အကြီးအကဲများ၏ ညွှန်ကြားချက်အရ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဇန်နဝါရီ ၂၀ ရက်က အဆိုပါဥယျာဉ်၌ တိုင်းရင်းသားရိုးရာအကများ၊ တေးသံသာများ၊ အငြိမ့်များဖြင့် ပြည်သူများအား အခမဲ့ဖျော်ဖြေတင်ဆက်ခဲ့သည်။



ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့သည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ချင်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေတင်ဆက်မှုကို တွေ့ရစဉ်။

"ဇန်နဝါရီလမှာ သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ဦးဆောင်ပြီး ဖျော်ဖြေပွဲတွေ စတင်ပြုလုပ်ပေးခဲ့တဲ့အတွက် ဥယျာဉ်ကို တစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေ တော်တော်များများ သိသွားတဲ့အတွက် ဝင်ရောက်လေ့လာမှု များပြားလာခဲ့ပါတယ်"ဟု ဦးစိုးနိုင်က ပြောသည်။

ထို့ပြင် ဖေဖော်ဝါရီ ၁၁ ရက်က အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၏ (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ကျင်းပခဲ့ရာ အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများနှင့်အတူ (၇၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များမှ တိုင်းရင်းသားများက ရိုးရာအကအလှ တေးသံသာများဖြင့် ပြည်သူများအား အခမဲ့ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

"ဒုတိယအကြိမ် ဖေဖော်ဝါရီလမှာ ကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲမှာလည်း တိုင်းရင်းသား ၆၀၀ နီးပါး လာရောက်ဖျော်ဖြေခဲ့ပါတယ်၊ ဒီလိုဖျော်ဖြေပေးခဲ့တဲ့အတွက် ဖေဖော်ဝါရီ တစ်လအတွင်း လူဦးရေ ၂၀၀၀၀ ကျော်လောက် ဥယျာဉ်အတွင်းကို ဝင်ရောက်လေ့လာခဲ့ကြပါတယ်"ဟု ၎င်းကဆက်လက် ပြောကြားသည်။

ထိုသို့ ဖျော်ဖြေရေးအစီအစဉ်များကြောင့် ပရိသတ်များ လေ့လာအပန်းဖြေရန် ပိုမိုစိတ်ဝင်စားလာပြီး ဥယျာဉ်အတွက် တစ်လထက်တစ်လ ပိုမိုစည်ကားလာနိုင်စေရန်အတွက် လစဉ်ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်လျက်ရှိရာ မတ်လအတွင်း ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး လက်အောက်ခံ မြဝတီဖျော်ဖြေရေးအဖွဲ့များက ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဆက်လက်၍ မေလတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနက ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မတ်လမှာ မြဝတီအဖွဲ့တွေလာပြီး ဖျော်ဖြေပေးခဲ့တဲ့အတွက် လူဦးရေ ၃၀၀၀၀ ကျော်အထိ တိုးတက်ဝင်ရောက်လာခဲ့ပါတယ်"ဟု ဦးစိုးနိုင်က ပြောသည်။

ဖျော်ဖြေပွဲသို့ လာရောက်ကြည့်ရှုသူပရိသတ်များ သွားလာရေးအဆင်ပြေစေရန်အတွက် နေပြည်တော်ကောင်စီမှ မော်တော်ယာဉ်များ စီစဉ်ပေးထားမည်ဖြစ်ပြီး မြို့မဈေးမှ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) သို့ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**အောင်ရဲသွင်**

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ ဖျော်ဖြေတင်ဆက်မည့် အခမ်းအနားနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၅**

အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)၌ ဖျော်ဖြေတင်ဆက်မည့်အခမ်းအနားနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ ကျင်းပမည့်ဖျော်ဖြေပွဲအား ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် သတင်းထုတ်ပြန်သွားမည့်အခြေအနေ၊ ဖျော်ဖြေပွဲအတွက် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေမှု၊ စတိတ်စင်နှင့် ဥယျာဉ်အတွင်း အဆင့်မြှင့်တင်ဆောင်ရွက်ထားမှု၊ ဖျော်ဖြေပွဲသို့ ပြည်သူများ လွယ်ကူချောမွေ့စွာသွားလာနိုင်ရန်အတွက် ယာဉ်လိုင်းများ တိုးချဲ့ပြေးဆွဲပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး အမြဲတမ်းအတွင်းဝန် ဦးရည်မွန်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

## အမျိုးသားအထိမ်းအမှတ်ဥယျာဉ်( နေပြည်တော်)၌ တေးဂီတဖျော်ဖြေပွဲ ကျင်းပမည်

**နေပြည်တော် ဧပြီ ၅**

အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)၌ ဧပြီ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှစ၍ ညနေ ၃ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတတီးဝိုင်းနှင့်အတူ အနုပညာရှင် ဝန်ထမ်းများ၊ ငြိမ်းချမ်းရေးဂီတပွဲတော် ဆုရအဆိုရှင်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-နေပြည်တော်- မန္တလေးလမ်းပိုင်း၌ ဝန်ထမ်းအထူးရထားများနှင့် သင်္ကြန်အထူးရထားများ ပြေးဆွဲမည့် အစီအစဉ် အသိပေးကြေညာ

**နေပြည်တော် ဧပြီ ၅**

မြန်မာ့မီးရထားမှ သင်္ကြန်ကာလအတွင်း ဝန်ထမ်းများအပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် ရန်ကုန်-နေပြည်တော်-မန္တလေးလမ်းပိုင်း၌ လက်ရှိ ပြေးဆွဲပေးနေသော ပုံမှန်ရထားများအပြင် ဝန်ထမ်းအထူးရထားများနှင့် သင်္ကြန်အထူးရထားများကို ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်။

နေပြည်တော်မှဝန်ထမ်းများနှင့် မိသားစုများအပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် လက်ရှိပြေးဆွဲနေသော အမှတ် ၃၁ အဆန် ၊ အမှတ် ၃၂ အစုန်၊ အမှတ် ၇ အဆန်၊ အမှတ်၈ အစုန်ရထားများအပြင် ဝန်ထမ်းအထူးရထားများအား အောက်ဖော်ပြပါ အချိန်စာရင်းအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်ပါသည်-

| စဉ် | ရက်စွဲ | ရထားအမှတ် | ခရီးစဉ် | | ခရီးစ ထွက်ချိန် | ခရီးဆုံး ရောက်ချိန် |
|---|---|---|---|---|---|---|
| | | | မှ | သို့ | | |
| ၁ | ၁၂.၄.၂၀၁၈ | အစုန်ဝန်ထမ်း အထူးရထား | နေပြည်တော် | ရန်ကုန် | ၂၀း၀၀ | ၀၄း၅၀ |
| ၂ | ၁၇.၄.၂၀၁၈ | အဆန်ဝန်ထမ်း အထူးရထား | ရန်ကုန် | မန္တလေး | ၂၀း၃၀ | ၁၀း၅၅ |

အထက်ပါ ဝန်ထမ်းအထူးရထားများအား နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင် လမ်းခရီး၌ ပျဉ်းမနား၊ တောင်ငူ၊ ပဲခူး၊ တိုးကြောင်ကလေးဘူတာများ၌ ရပ်တန့်ပေးမည်ဖြစ်ပြီး မန္တလေး-နေပြည်တော်ခရီးစဉ်တွင် လမ်းခရီး၌ ကျောက်ဆည်၊ မြစ်သား၊ သဲတော၊ သာစည်၊ ညောင်ရမ်း၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း ဘူတာတို့၌ ရပ်တန့်ပေးမည် ဖြစ်ပါသည်။

ထို့ပြင် ရန်ကုန်-မန္တလေးလမ်းပိုင်း၌လည်း လက်ရှိပြေးဆွဲပေးနေသော အမှတ် ၁၁ အဆန်၊ အမှတ် ၁၂ အစုန်၊ အမှတ် ၃ အဆန်၊ အမှတ် ၄ အစုန်၊ အမှတ် ၅ အဆန်၊ အမှတ် ၆ အစုန်ရထားများအပြင် သင်္ကြန်အထူးရထားများအား အောက်ဖော်ပြပါ အချိန်စာရင်းအတိုင်း ပြေးဆွဲပေးသွားမည် ဖြစ်ပါသည်-

| စဉ် | ရက်စွဲ | ခရီးစဉ် | | ခရီးစထွက်ချိန် | ခရီးဆုံးရောက်ချိန် |
|---|---|---|---|---|---|
| | | မှ | သို့ | | |
| ၁ | ၁၀.၄.၂၀၁၈ | ရန်ကုန် | မန္တလေး | ၁၆း၀၀ | ၀၆း၀၀ |
| ၂ | ၁၀.၄.၂၀၁၈ | မန္တလေး | ရန်ကုန် | ၁၈း၁၅ | ၀၈း၂၀ |
| ၃ | ၁၁.၄.၂၀၁၈ | မန္တလေး | နေပြည်တော် | ၁၄း၀၀ | ၁၉း၅၀ |
| ၄ | ၁၁.၄.၂၀၁၈ | ရန်ကုန် | မန္တလေး | ၁၆း၀၀ | ၀၆း၀၀ |
| ၅ | ၁၂.၄.၂၀၁၈ | ရန်ကုန် | မန္တလေး | ၁၆း၀၀ | ၀၆း၀၀ |
| ၆ | ၁၂.၄.၂၀၁၈ | မန္တလေး | ရန်ကုန် | ၁၈း၁၅ | ၀၈း၂၀ |
| ၇ | ၁၇.၄.၂၀၁၈ | ရန်ကုန် | မန္တလေး | ၁၆း၀၀ | ၀၆း၀၀ |
| ၈ | ၁၇.၄.၂၀၁၈ | မန္တလေး | ရန်ကုန် | ၁၈း၁၅ | ၀၈း၂၀ |
| ၉ | ၁၈.၄.၂၀၁၈ | ရန်ကုန် | မန္တလေး | ၁၆း၀၀ | ၀၆း၀၀ |
| ၁၀ | ၁၈.၄.၂၀၁၈ | မန္တလေး | ရန်ကုန် | ၁၈း၁၅ | ၀၈း၂၀ |
| ၁၁ | ၁၈.၄.၂၀၁၈ | မန္တလေး | ရန်ကုန် | ၁၉း၀၀ | ၀၉း၀၅ |
| ၁၂ | ၁၉.၄.၂၀၁၈ | မန္တလေး | ရန်ကုန် | ၁၈း၁၅ | ၀၈း၂၀ |
| ၁၃ | ၂၀.၄.၂၀၁၈ | ရန်ကုန် | မန္တလေး | ၁၆း၀၀ | ၀၆း၀၀ |
| ၁၄ | ၂၀.၄.၂၀၁၈ | မန္တလေး | ရန်ကုန် | ၁၈း၁၅ | ၀၈း၂၀ |

သင်္ကြန်အထူးရထားများအား လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ သာစည်ဘူတာများ၌ ရပ်တန့်ပေးမည်ဖြစ်ပါသည်။

သင်္ကြန်ကာလအတွင်း ၁၄.၄.၂၀၁၈ နေ့မှ ၁၆.၄.၂၀၁၈ နေ့အထိ အဆိုပါအထူးရထားများအပြင် နေ့စဉ် ပုံမှန်ပြေးဆွဲနေသော အမြန်ရထားများအနက်မှ ပြေးဆွဲခြင်း ရပ်နားထားမည့် ခရီးစဉ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ခရီးစဉ် | ရထားအမှတ် |
|---|---|---|
| ၁ | ရန်ကုန်-မန္တလေး | အမှတ် ၅ အဆန်၊ ၆ အစုန် |
| ၂ | ရန်ကုန်-မော်လမြိုင် | အမှတ် ၃၅ အဆန်၊ ၃၆ အစုန် |
| ၃ | ရန်ကုန်-နေပြည်တော် | အမှတ် ၇ အဆန်၊ ၈ အစုန် |
| ၄ | ရန်ကုန်-ပုဂံ | အမှတ် ၆၁ အဆန်၊ ၆၂ အစုန် |
| ၅ | ရန်ကုန်-ပြည် | အမှတ် ၇၁ အဆန်၊ ၇၂ အစုန် |
| ၆ | မန္တလေး-မြစ်ကြီးနား | အမှတ် ၃၇ အဆန်၊ ၃၈ အစုန်<br>အမှတ် ၅၇ အဆန်၊ ၅၈ အစုန် |

အထက်ဖော်ပြပါ မြန်မာ့မီးရထားမှ စီစဉ်ဆောင်ရွက်ပေးမည့် ရထားပြေးဆွဲမှုများအပေါ် ဝန်ထမ်းများနှင့် ခရီးသွားပြည်သူများ သိရှိနိုင်ရန် မြန်မာ့မီးရထားမှ အသိပေးကြေညာထားသည်။

**မြန်မာ့အလင်း**

# ဖားကန့်နှင့် တနိုင်းမြို့နယ်တို့၌ မိုင်းနင်းမိပေါက်ကွဲမှုကြောင့် အရပ်သားသုံးဦး ဒဏ်ရာရ

**နေပြည်တော် မေ ၅**

ဖားကန့်မြို့နယ် အောင်ရာကျေးရွာနေ ဦးလဂျမ်တူးဂျာ(၄၆)နှစ်သည် ဇနီးဖြစ်သူနှင့်အတူ ဝါးခုတ်သွားရာမှ ဖားကန့်မြို့နယ် ဘန်ကောက်ကျေးရွာ၏ အနောက်ဘက် လေးမိုင်ခန့်အကွာ ဘန်လိုကွင်းတောင်ခြေအနီး၌ KIA အဖွဲ့မှ ထောင်ထားသည့် မိုင်းအားနင်းမိပေါက်ကွဲခဲ့သဖြင့် ဦးလဂျမ်တူးဂျာတွင် မိုင်းစထိမှန်ဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့၍ ဘန်ကောက်တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

အလားတူ မေ ၃ ရက် နံနက် ၁၀ နာရီက တနိုင်းမြို့နယ် မိုင်းခွန်ကျေးရွာနေ ကိုရဲနိုင် (၃၂)နှစ်သည် ပယင်းရှာဖွေရန် သွားရောက်စဉ် မိုင်းခွန်ပယင်းမှော်၏ အရှေ့တောင်ဘက်လေးမိုင်ခန့် အကွာအရောက်၌ လက်နက်ကိုင်အဖွဲ့များ ထောင်ထားသည့် မိုင်းအားနင်းမိပေါက်ကွဲခဲ့ပြီး ကိုရဲနိုင်တွင် မိုင်းစထိမှန်ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် တနိုင်းဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**ဆေးကုသမှုခံယူ**

ယင်းနေ့နံနက် ၁၁ နာရီကလည်း အောင်စိုးမိုးကျေးရွာအနီး လီဒိုလမ်းမကြီး အရှေ့ဘက် ခြောက်ဖာလုံခန့် အကွာဒေသအခေါ် သံယောဇဉ်လမ်း၌ တနိုင်းမြို့ကင်ဆားရာရပ်ကွက်နေဇော်ဂျာ (၄၀ နှစ်)သည် ခလွန်နားလယ်တောမှ ထွန်စက်အား မောင်းနှင်လာစဉ် လက်နက်ကိုင်အဖွဲ့များ ထောင်ထားသည့် မိုင်းအားထွန်စက်ဘီးဖြင့် နင်းမိပေါက်ကွဲခဲ့သဖြင့် နောက်ဘီးပြုတ်ထွက်ပြီး ဇော်ဂျာတွင် မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သဖြင့် တနိုင်းဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်း သိရသည်။

**ကိုရဲ**

# ကမ်းနားလမ်း ညဈေးတန်းအတွင်းသို့ ကုန်တင်ယာဉ်ဝင်တိုက်မိ၍ တစ်ဦးဒဏ်ရာရ

**ရန်ကုန် မေ ၅**

ရန်ကုန်မြို့ ကမ်းနားလမ်း၌ မေ ၅ ရက် ည ၈ နာရီခန့်က ကုန်တင်ယာဉ်တစ်စီး အရှိန်လွန်ကာ ရပ်တန့်ထားသော ယာဉ်တစ်စီးနှင့် လူတစ်ဦးကို ဝင်ရောက်တိုက်မိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၅ရက် ည ၈ နာရီ ၁၀ မိနစ်က ကမ်းနားလမ်းအတိုင်း မောင်းနှင်လာသော ယာဉ်မောင်း တင်မောင်ရီ၏ ကင်တာကုန်တင်ယာဉ် ၂၈/---- သည် ၆ လမ်း ကမ်းနားထိပ် ကမ်းနားလမ်း ညဈေးတန်းဘေးကားတန်းနှင့် ရပ်ထားသော 7D/---- ဟွန်ဒါယာဉ်တို့ကို အရှိန်လွန်တိုက်မိခဲ့သည်။



ရပ်တန့်ထားသည့် ယာဉ်တစ်စီးကို တိုက်မိပြီးနောက် ညဈေးတန်းအတွင်း ရှိဈေးသည်တစ်ဦးအား ထပ်မံဝင်ရောက်တိုက်မိသည့် ကုန်တင်ယာဉ်ကို တွေ့ရစဉ်။

ထို့နောက် ညဈေးတန်းဆိုင်ခန်းအမှတ် ၆၁၀ (ခ) တွင် အကြော်ရောင်းချနေသော အသက် (၄၀ နှစ်)ခန့်ရှိ ဒေါ်ရွှေလုံးကိုပါ ထပ်မံတိုက်မိခဲ့ပြီး ရေမြောင်းအတွင်း ပြုတ်ကျသွားကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သည့် ဒေါ်ရွှေလုံးကိုအနီးရှိလူများက ရန်ကုန်ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

အခင်းဖြစ်ပွားချိန်တွင် အဆိုပါကုန်တင်ယာဉ်မောင်းနှင်သူမှာ အရက်မူးနေကြောင်း အနီးရှိ မြင်တွေ့သူတစ်ဦးက ပြောသည်။

ရန်ကုန်ကမ်းနားလမ်း ညဈေးတန်း ဖွင့်လှစ်ခဲ့သည်မှာ နှစ်နှစ်နီးပါးရှိလာသည့် ယခုအချိန်တွင် ယနေ့ ယာဉ်တိုက်မှုဖြစ်စဉ်မှာ အဆိုးရွားဆုံးဖြစ်သည်ဟု ယင်းဈေးတန်းတွင် ရောင်းချသူ ကိုစိုင်းက ဆိုသည်။

**ခင်ဆိုင်**

# တာလေ၌ တရုတ်နိုင်ငံသားမောင်းနှင်သောယာဉ် လျှိုထဲထိုးကျ၍ ယာဉ်မောင်းသေဆုံး


**တာလေ မေ ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့ နားယောင်းအုပ်စု နားအွန်ရွာအနီး၌ တရုတ်နိုင်ငံသားတစ်ဦးမောင်းနှင်သော မော်တော်ယာဉ်တစ်စီး လမ်းဘေးပေ ၁၀၀ ခန့်ရှိ လျှိုအတွင်းထိုးကျပြီး သေဆုံးမှုဖြစ်ခဲ့သည်။

ဖြစ်စဉ်မှာ မေ ၄ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ခန့်က တာလေမြို့နားယောင်းအုပ်စုနားအွန်ရွာအနီး တာချီလိတ်မြို့ ဝေတယ်ကုမ္ပဏီမှ တရုတ်နိုင်ငံသား Mr.Liang Yi Weng(၅၀ နှစ်)သည် Vigo ယာဉ်ဖြင့် ဝေတယ်ကုမ္ပဏီမှ တာချီလိတ်မြို့သို့ မောင်းနှင်လာစဉ် လမ်း၏ ယာဘက်ဘေး ပေ ၁၀၀ ခန့်ရှိ လျှိုထဲသို့ ထိုးကျသွားကြောင်း သတင်းအရ တာလေနယ်မြေရဲစခန်းမှူး ရဲအုပ်စန်းဦး ဦးစီးတပ်ဖွဲ့ဝင်များသည် သွားရောက်စစ်ဆေးရာ တရုတ်နိုင်ငံသား Mr. Liang Yi Weng သည် ဒဏ်ရာများ ရရှိပြီးသေဆုံးနေကြောင်း တွေ့ရှိရ၍ ဆေးစာဖြင့် တာလေပြည်သူ့ ဆေးရုံသို့ ပို့အပ်ခဲ့သည်။

အမှုမှ တရုတ်နိုင်ငံသား ဝန်းဆုံးရပ်ကွက် သုတောင်းမြို့နေသူ သေဆုံးမှုနှင့် ပတ်သက်၍ တာလေနယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



**ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာစိတ်ချမ်းသာ**

# ကျောက်ပန်းတောင်းမြို့နယ်၌ ကျောက်လိုဏ်ဂူမှ ကျောက်နှင့် မြေသားများပြိုကျ၍ နှစ်ဦးသေဆုံး

**နေပြည်တော် မေ ၅**

ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲကျေးရွာအနီးရှိ ဦးကျော်ဇင်(၄၈)နှစ်ပိုင်ဆိုင်သည့် လမ်းခင်းကျောက်ကျင်းရှိ အမြင့်ပေ ၃၀ ခန့် ကျောက်လိုဏ်ဂူတွင် မေ ၄ ရက် နံနက် ၁၁ နာရီခွဲက ကျောက်နှင့်မြေသားများ ရုတ်တရက်ပြိုကျခဲ့၍ ကျောက်ခဲနှင့်မြေသားများ ထိမှန်မှုကြောင့် ကျောက်တူးနေသည့် ညောင်ဦးမြို့နယ် တည်ပင်တဲကျေးရွာနေ မဝေဝေထွန်း(၁၇ နှစ်)ပါ အမျိုးသမီးနှစ်ဦးတို့တွင် ဒဏ်ရာများရရှိပြီး သေဆုံးမှု ဖြစ်ပွားခဲ့သည်။

အလားတူ ယင်းဖြစ်စဉ်ကြောင့် မိတ္ထီလာမြို့နယ် ရေငံကျေးရွာနေ ဇော်ဇော် (၂၇ နှစ်) ပါ အမျိုးသားသုံးဦးတွင် ဒဏ်ရာများ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် လက်ပံချောင်းတိုက်နယ်ဆေးရုံသို့ တင်ပို့ခဲ့ပြီး လက်ပံချောင်းနယ်မြေရဲစခန်းက သေမှုသေခင်း ဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# အိမ်ခေါင်မိုး ပြုပြင်စဉ် လျှပ်စစ်မီးကြိုးနှင့်တိုက်မိ၍ ဓာတ်လိုက်သေဆုံး

**နေပြည်တော် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်မီးရထားရပ်ကွက်၌ မေ၄ ရက် ညနေပိုင်းက ခေါင်မိုးသွပ်ပြားလန်နေ၍ ပြုပြင်စဉ် လျှပ်စစ်မီးကြိုးနှင့် တိုက်မိသဖြင့် လူတစ်ဦးဓာတ်လိုက်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၄ ရက် ညနေ ၆ နာရီခွဲက မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်မီးရထားရပ်ကွက်၌ မီးရထားဝန်ထမ်းလိုင်းနေ ဖြိုးမောင်မောင်(၃၁ နှစ်) သည် ၎င်း၏ နေအိမ်လိုင်းခန်း ခေါင်မိုးသွပ်ပြားလန်နေ၍ တက်ရောက်ပြုပြင်စဉ် ခေါင်မိုးအမြင့် ငါးပေခန့်၌ ပုဇွန်တောင်ဘူတာနှင့် မင်္ဂလာတောင်ညွန့်မီးရထားရပ်ကွက်သို့ သွယ်တန်းထားသော လျှပ်စစ်မီးကြိုးနှင့် တိုက်မိရာမှ ဓာတ်လိုက်သေဆုံးခဲ့သဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ပုလဲမြို့၌ တရားမဝင်သစ်များ သယ်ဆောင်လာသောယာဉ်တစ်စီး ဖမ်းဆီးရမိ

**ပုလဲ မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်၌ မေ ၄ ရက်က တရားမဝင် ပိတောက်ခွဲသား ၈၇ တုံးနှင့်တမလန်းခွဲသား နှစ်တုံး သယ်ဆောင်လာသော ၁၂ ဘီးယာဉ်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလဲမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းနှင့်ဝန်ထမ်းများ၊ ပုလဲမြို့မရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်လင်းလင်းထွန်းနှင့်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၄ ရက် နံနက် ၃ နာရီခွဲက ပုလဲမြို့အဝင် မုံရွာ-ပုလဲ-ဂန့်ဂေါကားလမ်းမိုင်တိုင်အမှတ် ၂၇/၄ အနီး၌ မြောက်မှတောင်သို့ မောင်းနှင်လာသော ယာဉ်အမှတ် MDY 8J---- ယူဒီနစ်ဆန်း ၁၂ ဘီးယာဉ်ကို ရပ်တန့် စစ်ဆေးရာ ပိတောက်ခွဲသားဆိုက်စုံ ၈၇တုံး(၁၀ဒသမ၅၉၈၂တန်)နှင့် တမလန်းခွဲသားနှစ်တုံး ဝဒသမ ၂၃၂၈ တန်ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ပြီး ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်တို့မှာ ထွက်ပြေးတိမ်းရှောင်သွားသည်။

အဆိုပါ သိမ်းဆည်းရမိသော တရားမဝင်သစ်များကိုမြို့နယ် သစ်တောဦးစီးဌာနရုံးဝင်းသို့ သယ်ဆောင်ထိန်းသိမ်းထားရှိပြီး ပုလဲမြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကင်းမြို့နယ်၌ ဓာတ်ငွေ့ယိုစိမ့်ရာမှ အသေးစားပေါက်ကွဲမှုဖြစ်

**နေပြည်တော် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ၈ ရပ်ကွက် နှင်းဆီလမ်းရှိ ဆိုင်ပိုင်ရှင် ဒေါ်အေးအေးမော် ၏ HEIN THAI FOOD စားသောက်ဆိုင် မီးဖိုချောင်အတွင်း မေ ၄ ရက် နံနက် ၅ နာရီ ၄၅ မိနစ်က ဓာတ်ငွေ့မီးဖို၏ အဖွင့်ပိတ်ခလုတ်မှ ဓာတ်ငွေ့ယိုစိမ့်မှု ဖြစ်ပွား၍ အသေးစားပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။

ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် အခန်းတွင်း ဓာတ်ငွေ့များပြည့်လျှံနေစဉ် အဆိုပါဆိုင်တွင် နေထိုင်သော အကြော်ဆရာ တင်ဝင်းလှိုင်(၄၀ နှစ်)က ဓာတ်ငွေ့နံ့ရ၍ မီးဖိုခန်းရှိ ဓာတ်ငွေ့အိုးအဖွင့်အပိတ်ခလုတ်အား နှိပ်လိုက်စဉ် အသေးစားပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ ပေါက်ကွဲမှုကြောင့် အိမ်ရှေ့ဝင်ထွက်မှန် တံခါးမကြီး၊ နောက် ဖေးသစ်သားတံခါးမကြီး ပျက်စီးဆုံးရှုံးခဲ့ပြီး တင်ဝင်းလှိုင်တွင် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သဖြင့် ရန်ကင်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မကွေးတိုင်းဒေသကြီးအတွင်း ၂၀၁၈ခုနှစ် ပထမသုံးလအတွင်း၌ တရားမဝင်ခိုးဝင်လာသူ ၁၀၀ နီးပါးရှိ

**မကွေး မေ ၅**

မကွေးတိုင်းဒေသကြီး၌ ၂၀၁၈ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မှ တရားမဝင်ဝင်ရောက်လာသူများ တားဆီးရေးစီမံချက်ဖြင့် ဌာနပေါင်းစုံပါဝင်သော ပူးပေါင်းအဖွဲ့မှ ပိတ်ဆို့ရှာဖွေမှုများ ပြုလုပ်ခဲ့ရာတွင် ဇန်နဝါရီ ၁ ရက်မှ မေ ၄ ရက်အထိ ဖမ်းဆီးရမိသည့် တရားမဝင်ဝင်ရောက်လာသူ ၉၁ ဦးရှိခဲ့ကြောင်း သိရသည်။

မင်းဘူးခရိုင် ငဖဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းလွင် ဦးဆောင်သောအဖွဲ့သည် မေ ၃ရက် နံနက် ၇ နာရီခွဲက ငဖဲမြို့နယ်အတွင်း တောလမ်းတစ်လျှောက် ပိတ်ဆို့ရှာဖွေစစ်ဆေးခဲ့ရာ သစ်ဆိမ့်ပင်ကျေးရွာ၏ အရှေ့မြောက်ဘက် နှစ်ဖာလုံခန့်အကွာရှိ လျှိုအတွင်း၌ ရခိုင်ပြည်နယ်မှ တရားမဝင်ခိုးဝင်လာသူ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီးနှစ်ဦးစုစုပေါင်း တရားမဝင် ခိုးဝင်လာသူ ၁၃ ဦး ဖမ်းဆီးရမိခဲ့သဖြင့် ၂၀၁၈ ခုနှစ် ပထမသုံးလအတွင်း မင်းလှမြို့နယ်နှင့် ငဖဲမြို့နယ်တို့မှ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ခိုးဝင်လာသူ ၉၁ ဦးရှိကြောင်း သိရသည်။

**ပိတ်ဆို့ရှာဖွေစစ်ဆေး**

တရားမဝင်ခိုးဝင်လာသူများ တားဆီးရေးအတွက် မင်းဘူးခရိုင် ပုသိမ်-မုံရွာကားလမ်းတစ်လျှောက် ဂုတ်ကြီး၊ ငဖဲ၊ ပဒါန်းစသည့် မြို့နယ်စခန်းများတွင် လည်းကောင်း သရက်ခရိုင် မင်းလှမြို့နယ်ရှိစခန်းများတွင် လည်းကောင်း ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ခိုးဝင်လာတဲ့သူတွေတော်တော်များများက ကျောက်တော်နဲ့ မြောက်ဦးမြို့နယ်တွေကဖြစ်ပြီးတော့ မြောက်ဦးက စက်လှေနဲ့ နှစ်ရက်လောက်တက်လာ၊ နောက်ပြီးတော့ တောလမ်းရခိုင်ရိုးမကိုဖြတ်ပြီး ပုသိမ်-မုံရွာကားလမ်းကိုလာကြတာ၊ ပုသိမ်- မုံရွာကားလမ်းကတစ်ဆင့်ရန်ကုန်ကို သွားကြမှာပါ၊ ဖမ်းဆီးရမိသူအများစုက အမျိုးသားတွေ၊ မြန်မာနိုင်ငံအတွင်း အဆင်ပြေတဲ့ မြို့တွေမှာလူစုပြီး မလေးရှားကို ကုန်းလမ်းဒါမှမဟုတ်ရေလမ်းသင့်တဲ့နည်းနဲ့ သွားမယ်လို့ သိရတယ်”ဟု တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ဦးစီးအရာရှိ( ပထမတန်း) ဒုတိယရဲမှူးကြီး တင်မိုးက ပြောသည်။

**အမှုဖွင့်အရေးယူ**

၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်နှင့် သရက်ခရိုင်အတွင်းသို့ ခိုးဝင်လာသူ ၁၇ ဦး ဖမ်းဆီးရမိခဲ့ကာ အဆိုပါဖမ်းဆီးရမိမှုများတွင် မင်းဘူးခရိုင်တွင် ငါးမှု၊ သရက်ခရိုင်တွင် နှစ်မှုဖြစ်ကြောင်း သိရှိရပြီး အဆိုပါ ခိုးဝင်လာသူ ၁၇ ဦးဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ လိုက်ပါပို့ဆောင်သူ ၁၅ ဦးကိုလည်း အမှုဖွင့် အရေးယူခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

## မြန်မာ့ရုပ်မြင်သံကြား

၆-၄-၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၈း၃၅ - **နိုင်ငံတော်အစိုးရ၏ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန)
- ၉း၁၀ - မျက်မှောက်ရေးရာ အဖြာဖြာ
- ၁၁း၂၅ - အလုပ်သမားရေးရာအစီအစဉ်
- ၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ **ကြမ္မာနွံ** (အပိုင်း-၉)

**ညပိုင်း**

- ၁၆း၄၅ - ကျန်းမာရေးမဂ္ဂဇင်း **သွေးအိတ်ရောဂါနှင့် အသားလုံးရောဂါ အကြောင်းသိကောင်းစရာ**
- ၁၇း၃၅ - **အေးချမ်းပျော်ရွှင်မဟာ သင်္ကြန်တွင်** (အပိုင်း-၅)
- ၁၇း၅၅ - **နိုင်ငံတော်သမ္မတရာထူးတာဝန်စတင်ထမ်းဆောင်သည့် အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယတစ်နှစ်တာ** (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၀ တွင် ရန်ကုန်နှင့် ရတနာပုံထိပ်တိုက်တွေ့ဆုံ

**ရန်ကုန် မေ ၅**

၂၀၁၈ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် ၁၀ ကို ယခုတစ်ပတ် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲစတင်ကတည်းက အဓိကပြိုင်ဘက်များအဖြစ် ရပ်တည်ခဲ့သည့် ရန်ကုန်အသင်းနှင့် ရတနာပုံအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

ပွဲစဉ် ၁၀ အဖြစ် မေ ၆ ရက်တွင် မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ မေ ၇ ရက်တွင် သုဝဏ္ဏကွင်း၌ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်း၊ ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် GFA အသင်း၊ မေ ၈ ရက်တွင် ဝေသာလီကွင်း၌ ရခိုင် အသင်းနှင့် မြဝတီအသင်း၊ ပုသိမ်ကွင်း၌ ရောဝတီအသင်းနှင့် စစ်ကိုင်း အသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ဇွဲကပင် အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

ပွဲစဉ် ၉ အပြီးတွင် ရန်ကုန်အသင်းက ၂၂ မှတ်၊ မကွေးနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်စီ၊ ရတနာပုံနှင့် ဟံသာဝတီအသင်းက ၁၅ မှတ်စီ၊ ဇွဲကပင်အသင်းက ၁၃ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ Southern အသင်းက ၁၀ မှတ်၊ ရောဝတီနှင့် စစ်ကိုင်းအသင်းက ကိုးမှတ်စီ၊ GFA အသင်းက ခုနစ်မှတ်၊ မြဝတီအသင်းက နှစ်မှတ်ရထားသည်။ ရန်ကုန်အသင်းနှင့် ရတနာပုံအသင်း ပွဲမှာ နှစ်သင်းစလုံးအတွက် အရေးပါလျက်ရှိပြီး ရန်ကုန်အသင်းသည် နိုင်ပွဲရပါက ပွဲမကုန်မီ ရာသီ ဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပြီး ရတနာပုံအသင်းမှာမူ အမှတ်ကွာဟမှု ကျဉ်းမြောင်းနိုင်ရန် မဖြစ်မနေ အနိုင်ရရန် လိုအပ်နေသည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းမှာမူ ရန်ကုန်နှင့် ရတနာပုံအသင်း ထိပ်တိုက်တွေ့ဆုံမှုကို အခွင့်ကောင်းယူရန် လိုအပ်သော်လည်း အိမ်ကွင်းကစားပုံမှာကျော့သည့် Southern အသင်းနှင့် ကစားရမည်ဖြစ်ရာ အနိုင်ရရန် ရုန်းကန်ရဖွယ်ရှိနေသည်။

ရှမ်းယူနိုက်တက်အသင်းသည် ယာယီနည်းပြ ဦးအောင်ကျော်ထွန်း လက်ထက်တွင် နိုင်ပွဲစရထားပြီး အဝေးကွင်း၌ နိုင်ပွဲထပ်မံရယူနိုင်ခြင်းရှိ၊ မရှိ စောင့်ကြည့်ရမည်ဖြစ်သည်။ ရတနာပုံအသင်းမှာလည်း နောက်ဆုံးခြောက်ပွဲတွင် နိုင်ပွဲတစ်ပွဲ သာရသေးသည့် ရလဒ်ဆိုးကို ချေဖျက်ရမည်ဖြစ်ပြီး ရန်ကုန်အသင်း မှာလည်း AFC Cup ပြိုင်ပွဲ နောက်တစ်ဆင့်တက်ရောက်ရေး အဆုံးအဖြတ်ပွဲမတိုင်မီ ပွဲကစားရမည်ဖြစ်ရာ ရုန်းကန်ရဖွယ်ရှိနေသည်။

**ညီမြတ်သော်တာ**

# ကမ္ဘာ့ဖလားပွဲမတိုင်မီကျင်းပမည့် လူငယ်ဘောလုံးပြိုင်ပွဲသို့ မြန်မာလူငယ်ဘောလုံးသမား မင်းခန့်သူ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၅**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)၊ ဥရောပဘောလုံးအဖွဲ့ချုပ် (UEFA)တို့နှင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် Gazprom မှဦးစီးကျင်းပမည့် Football for Friendship လူငယ်ဘောလုံးပြိုင်ပွဲသို့ မြန်မာအမျိုးသား ဘောလုံးအကယ်ဒမီမှ ကျောင်းသားတစ်ဦးဖြစ်သည့် မင်းခန့်သူ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မင်းခန့်သူသည် ရုရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့လည်း တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်သည် လူငယ်ကစားသမားများ၏ အရည်အသွေး တိုးတက်လာရန်နှင့် ပြိုင်ပွဲဝင်နိုင်ငံများအချင်းချင်း ပိုမိုရင်းနှီးကာ ဘောလုံးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် က ၆၄ နိုင်ငံဖြင့်သာ ကျင်းပခဲ့ပြီး ယခု ၂၀၁၈ ခုနှစ်တွင် နိုင်ငံဒေသပေါင်း ၂၁၁ ခုဖြင့် ရုရှားနိုင်ငံ မော်စကိုမြို့တွင် ဇွန်လ ၈ ရက်မှ ၁၅ ရက်အထိ ကျင်းပမည် ဖြစ်သည်။

အဆိုပါ Football for Friendship World Championship ပြိုင်ပွဲတွင် အသက် ၁၂ နှစ်အရွယ် ကစားသမားခြောက်ဦးစီဖြင့် ဖွဲ့စည်းထားသော အသင်းပေါင်း ၃၂ သင်းပါဝင်ပြီး မြန်မာကစားသမား မင်းခန့်သူမှာ Gharial အသင်းတွင်နောက်ခံကစားသမားအဖြစ် မော်ဒိုဗာ၊ ဆာမိုအာ၊ ပါကစ္စတန်၊ စပိန်၊ ပီရူးနိုင်ငံများမှ ကစားသမားများဖြင့် အတူတကွ ပူးပေါင်းကစားရမည် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်တွင် ပထမဆုံးအကြိမ် ဖိတ်ကြားခံရခြင်းဖြစ်ကာ မြန်မာဘောလုံး အကယ်ဒမီများအနက် ကျောင်းစာအတော်ဆုံး ကစားသမားအား စိစစ်ရွေးချယ်စေလွှတ်ခြင်းဖြစ်သည်။

မြန်မာလူငယ် ဘောလုံးသမား မင်းခန့်သူသည် F4F ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ပြီးပါက ခြောက်ကြိမ်မြောက် နိုင်ငံတကာကလေးများ ဖိုရမ် The Sixth International Football for Friendship Children's Forum နှင့် ရုရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလား ဖွင့်ပွဲအခမ်းအနားသို့လည်း တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# KBZ Bank Women' League ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် မေ ၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် ၉ တတိယနေ့ကို ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ဆက်လက်ကျင်းပရာ ဇွဲကပင်အသင်းက တက္ကသိုလ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဇွဲကပင်အသင်းသည် ဒုတိယအကျော့တွင် ပုံမှန်ခြေစွမ်းရနေပြီး နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းသည် ဂိုးပြတ်အနိုင်ရခဲ့သော်လည်း တက္ကသိုလ်အသင်း၏ ရုန်းကန်မှုကြောင့် မိနစ် ၇၀ နောက်ပိုင်းမှသာ အနိုင်ဂိုးများရခဲ့ခြင်းဖြစ်သည်။ ဇွဲကပင်အသင်းအတွက် အနိုင်ဂိုးများကို လဲ့လဲ့လှိုင်က ၇၀၊ ၈၁ မိနစ်တွင် နှစ်ဂိုးသွင်းယူခဲ့ပြီး နောက်ဆုံးဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဝါရင့်ကွင်းလယ်လူ သန်းသန်းထွေးက သွင်းယူပေးခဲ့သည်။

ယင်းပွဲ၏အကောင်းဆုံးဆုကို နှစ်ဂိုးသွင်းယူပေးခဲ့သည့် လဲ့လဲ့လှိုင် (ဇွဲကပင်) က ရရှိခဲ့သည်။ ဇွဲကပင်အသင်းသည် ယခုပွဲအနိုင် ရလဒ်ကြောင့် ကိုးပွဲကစား ၁၄ မှတ်ဖြင့်အဆင့် ၄ နေရာတွင် ဆက်လက်ရပ်တည်နေပြီး တက္ကသိုလ်အသင်းမှာမူ ရမှတ်တစ်မှတ်ဖြင့်ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။ ပွဲစဉ် ၉ နောက်ဆုံးနေ့ကို မေ ၆ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဂန္ဓမာအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4I/4037၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## အမည်နှင့် မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့၊ အနောက်ပိုင်းရပ်ကွက်၊ စဥ့်အိုးဖိုအောက်ကျေးရွာနေ ဦးပြုံးနောင်၏သား ဦးသိန်းလွင် ၁၄/ငပတ(နိုင်)၁၃၇၈၂၀ နှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၃၃၃ ခုနှစ်၊ ပြာသိုလဆုတ် ၈ ရက် ဖြစ်ပါသည်။

**ဦးသိန်းလွင်**

## အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အထက်ပိုင်းရပ်ကွက်၊ အမက၊ မြို့မ(၂)မှ အထွေထွေလုပ်သား ဦးစန်းအောင် ၁၄/အမန (နိုင်) ၁၀၁၆၆၂ ၏ အမည်မှန်မှာ ဦးထွန်းဝေဖြစ်ပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးလှဝင်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ (၇)ရပ်ကွက်၊ အကွက်အမှတ်၁၀၄၊ မာတမြောက်အကွက်၊ ဦးပိုင်အမှတ် ၁၀၊ ဧရိယာ ၀ဒသမ၀၃၀ ဧကရှိ ဂရန်မြေကို ဒေါ်ငုံကြာနွဲ့ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် ထုတ်ပေးပါရန် လျှောက်ထားလာသည့်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပုသိမ်မြို့နယ်**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ ဝဇီရာလမ်းနေ (ဦးမြင့်ဆွေ)-ဒေါ်ခင်ငွေးတို့၏သမီး မလွင်လွင်ငွေး ၁၂/ဒဂတ(နိုင်)၁၀၇၆၅၁သည် မိခင်၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၇-၄-၂၀၁၈ ရက်မှစ၍ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**
**မိခင် ဒေါ်ခင်ငွေး**

## ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများထံသို့ ကြားသိစေသည့် အကြောင်းကြားစာ

## ကရင်ပြည်နယ်တရားလွှတ်တော်၌ ၂၀၁၈ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁

| | | |
|---|---|---|
| ဒေါ်ခင်မျိုးဝေ | နှင့် | (၁) ဦးတင်အောင်ထွန်း<br>(၂) ဦးခင်မောင်ထူး<br>(၃) ဦးအောင်မျိုးထက်<br>(၄) ဒေါ်နေလာမြင့် |
| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူများ** |

မြဝတီမြို့၊ သုခမိန်လမ်း၊ (၄)ရပ်ကွက်နေ လျှောက်ထားခံရသူအမှတ်(၃) ဦးအောင်မျိုးထက်၊ အမှတ်(၄)ဒေါ်နေလာမြင့် (ယခုနေရပ်လိပ်စာမသိ) သူတို့သိစေရမည်။

၂၀၁၇ခုနှစ် ဒီဇင်ဘာ(၂၀ရက်စွဲပါ မြဝတီခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၈/၂၀၁၇အမှုတွင်ချမှတ်သည့်အမိန့်ကို ပြင်ဆင်မှု၊ ယခုအမှုတွင် မြဝတီ ခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကိုလျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၈ခုနှစ် မေ ၁၂ရက် (၁၃၇၉ ခုနှစ် တန်ခူးလဆုတ် ၁၂ရက်) နံနက် ၁၀နာရီအချိန်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုပြီးကြောင်း၊ အကြောင်းကြားပါသည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားသင်၏တရားလွှတ်တော် ရှေ့နေကဖြစ်စေ၊ ပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရခွင့်ပြုထားသော ကိုယ်စားလှယ်ကဖြစ်စေ ဤရုံးသို့မလာရောက်ခဲ့လျှင် ၎င်း၏ပြင်ဆင်မှုကို သင်၏မျက်ကွယ်ရာတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၁၈ခုနှစ် မတ် ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**
**(ခင်သီတာထွန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ကရင်ပြည်နယ်တရားလွှတ်တော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မဖြူသီဝင်း ၃/ကကရ(နိုင်)၁၃၉၉၆၀ ဘားအံအဝေးသင်တက္ကသိုလ် ပထဝီဝင်နောက်ဆုံးနှစ်၏ဖခင် ဦးစမောင်ဝင်းနှင့် ဦးမန်းဝင်းစံသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစမောင်ဝင်း(ခ)ဦးမန်းဝင်းစံ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး(၈)၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇၊ ဦးပိုင်အမှတ် ၁၃၊ ၁၄၊ အကျယ်အဝန်းစုစုပေါင်းဧရိယာ ၁ ဒသမ ၀၃၃ ဧက ကျယ်ဝန်းသည့် မြေကွက်(၂)ကွက်နှင့် မြေကွက်အမှတ် ၁၉၊ ၂၀၊ အကျယ်အဝန်းစုစုပေါင်းဧရိယာ ၁ ဒသမ ၀၃၃ဧကရှိ မြေကွက်(၂)ကွက်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှလှမူ ၇/သနပ(နိုင်)၀၆၄၂၇၂ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရွှေဇင်အိ**
**အထက်တန်းရှေ့နေ(စဉ်-၄၁၀၆၄)**
**တိုက်(ဘီ)၊ အခန်း ၃၀၁၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊**
**တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၀၀၂၀၆၅**

## ဖိတ်ကြားလွှာ

၉-၄-၂၀၁၈ရက်တွင် ကျရောက်သော စစ်တက္ကသိုလ်အမှတ်စဉ်(၃၄) ဗိုလ်လောင်းသင်တန်းကျောင်းဆင်းငွေရတုနှစ်ပတ်လည်နေ့ အခမ်းအနားကို ၈-၄-၂၀၁၈ရက် နှင့် ၉-၄-၂၀၁၈ရက်များတွင် ပြင်ဦးလွင်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အနယ်နယ်အရပ်ရပ်မှ သူငယ်ချင်းများနှင့် မိသားစုဝင်များစုံညီစွာ တက်ရောက်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန် - ဖုန်း-၀၉-၅၃၂၁၉၂၁၊ ၀၉-၃၄၉၀၀၃၆၅၁၊**
**၀၉-၂၀၄၆၀၁၅**

**ငွေရတုကျင်းပရေးကော်မတီ**
**စတသ(၃၄)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဧယျာသုခလမ်း၊ အမှတ် ၄၃ဟုခေါ်တွင်သည့် နှစ်ခန်းတွဲငါးထပ်တိုက်၏ပထမထပ်(ခြေရင်းခန်း)တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့အား တရားဝင်လက်ရှိ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးယဉ်အောင် ၁၂/ဥကတ(နိုင်)၀၅၀၅၆၄ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလဲ့ဝင်း(LL.B)အထက်တန်းရှေ့နေ**
**အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၁၈၃၃**

## လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ ငန်းတေးလမ်း၊ ဖက်ခင်းရပ်၊ အမှတ် ၉၆နေ ကျွန်မဒေါ်အေးဝင်း ၁၀/ကမရ(နိုင်)၀၆၂၉၇၉နှင့် ဦးသန်းဦး(ခ)ပန်းဦး ၃/ဘအန(နိုင်)၂၀၈၉၇၃တို့သည် ၁၃-၃- ၂၀၁၈ရက်စွဲပါ တရားရုံး၏အမိန့်ဒီကရီဖြင့် လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းနှင့် ဦးသန်းဦး(ခ)ပန်းဦးမှာ ကျွန်မနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (မှတ်ချက်- ၅-၄-၂၀၁၈ ရက်နေ့ စာမျက်နှာ ၁၃တွင်ပါရှိသော လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြီးဖြစ်ကြောင်း ကြော်ငြာတွင် ၁၀-၇-၂၀၁၇ရက်စွဲပါ တရားရုံး၏ အမိန့်ဒီကရီအစား ၁၃-၃-၂၀၁၈ရက်စွဲပါ တရားရုံး၏ အမိန့်ဒီကရီဖြင့်ဟု ပြင်ဆင်ဖတ်ရှုပါရန်။)

**ဒေါ်အေးဝင်း**
**၁၀/ကမရ(နိုင်)၀၆၂၉၇၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၂)မုံရွာမှ ၂၀၁၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် တာဝန်ယူတည်ဆောက်မည့် သက္ကယ်ကျင်း-ဖောင်းပြင် -ဟုမ္မလင်း-ခန္တီးလမ်း မိုင်တိုင်အမှတ် (၂၅၃/၄-၂၅၃/၅)အတွင်းရှိ တံတားအမှတ် ၂/၂၅၄ နမ့်စပိတံတား၊ သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း မိုင်တိုင်အမှတ် (၂၅၈/၀-၂၅၈/၁) အတွင်းရှိ နမ့်ပဂွန်တံတားနှင့် ပခုက္ကူ-မုံရွာလမ်း ကီလိုမီတာ(76.64-76.84) အတွင်းရှိ တောင်ယမားချောင်းတံတားများတွင် အသုံးပြုရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်(သိုလှောင်ရုံ)အရောက် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | မှတ်ချက် |
|---|---|---|---|
| (က) | သံချောင်းလုံးရှယ်စုံ | တန် | |
| (ခ) | ဘိလပ်မြေ | တန် | |

၂။ ဝယ်ယူလိုသည့်ပစ္စည်းများ၏ အရည်အသွေး အသေးစိတ်သတ်မှတ်ချက်စာရင်း Specification၊ အရေအတွက်နှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ဒု-ညွှန်ကြားရေးမှူး(မြို့ပြ) ရုံး၊ တံတားအထူးအဖွဲ့(၂)မုံရွာမြို့တွင် သတ်မှတ်ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၆-၄-၂၀၁၈ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

| | | |
|---|---|---|
| (က) | **တင်ဒါလျှောက်လွှာပိတ်ရက်** | - ၇-၅-၂၀၁၈ရက်ညနေ ၄နာရီတိတိ |
| (ခ) | **တင်ဒါဖွင့်မည့်ရက်** | - ၈-၅-၂၀၁၈ရက် မွန်းလွဲ ၁နာရီတိတိ |
| (ဂ) | **တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** | - စစ်ကိုင်းတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မုံရွာမြို့။ |
| (ဃ) | **တင်ဒါလျှောက်လွှာ ဝယ်ယူနိုင်သည့်နေရာ** | - ဒုညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တံတားအထူးအဖွဲ့(၂)၊မုံရွာမြို့၊ ဖုန်း-၀၉-၄၀၀၅၀၄၇၀၀၊ ၀၉-၅၄၀၇၃၇၀ |

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၂)၊ မုံရွာမြို့**

## ဝန်ထမ်းအလိုရှိသည်

1. Project Engineer(Civil) (၈)သိန်း -(၃)ဦး
2. Site Engineer(Civil)(inspector)(၃)သိန်း-(၈)ဦး

စဉ် (၁)အတွက် လုပ်ငန်းအတွေ့အကြုံ (၈)နှစ်
စဉ် (၂) အတွက် လုပ်ငန်းအတွေ့အကြုံ (၄)နှစ်
စဉ် (၁)၊(၂)အတွက် ID လုပ်ငန်းကျွမ်းကျင်သူဦးစားပေးမည်။

အခန်းပေါင်း ၄၀၀အထပ်မြင့် ၁၂ ထပ်ကွန်ဒိုတွင် တာဝန်ထမ်းဆောင်ရန်။

စမ်းချောင်းတွင် အလုပ်ဆင်းရမည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၇၆၂၁၆၈၄၄၂၊**
**၀၉-၃၂၄၆၃၆၅**

# ယခုနှစ်သင်္ကြန်ကာလ ခရီးသွားပြည်သူများ အခက်အခဲမဖြစ်စေရေး ယာဉ်လိုင်းထိန်းသိမ်းရေးကော်မတီရုံးမှ ကြပ်မတ်ဆောင်ရွက်ထား လက်မှတ်ခ ပိုတောင်းပြီး စည်းကမ်းမဲ့ရောင်းချမှုမရှိစေရေး လိုက်လံစစ်ဆေး

ရန်ကုန် မေ ၅

**ရန်ကုန်မြို့ အောင်မင်္ဂလာအဝေးပြေးကားဝင်း ဝန်းကျင်တွင် သင်္ကြန်ကာလ ရုံးပိတ်ရက်ပြန်ကြမည့် ဝန်ထမ်းများနှင့် ပြည်သူများ ခရီးသွားလက်မှတ်ဝယ်ယူသူများဖြင့် တိုးဝှေ့စည်ကားလျက်ရှိသည်။ ခရီးသွားပြည်သူများ နှစ်စဉ်ကြုံတွေ့နေရသည့် လက်မှတ်ဝယ်ယူရန် ခက်ခဲခြင်းနှင့် လက်မှတ်ခ ပုံမှန်ထက် ပိုပေး၍ စီးနင်းနေရခြင်းတို့ပင်ဖြစ်သည်။ ယခုနှစ် သင်္ကြန်ကာလတွင်မူ ထိုအခက်အခဲများ မဖြစ်စေရန် အောင်မင်္ဂလာအဝေးပြေးကားဝင်းရှိ မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်းဒေသကြီးအခြေပြု)က အထူးကြပ်မတ်ဆောင်ရွက်ထားသည်ဟု သိရသည်။**



သင်္ကြန်ကာလ နေရပ်ပြန်မည့်ခရီးသည်များအား အောင်မင်္ဂလာအဝေးပြေးဝင်း၌ တွေ့ရစဉ်။ ဓာတ်ပုံ-သန်းစိုး

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီရုံးမှ တာဝန်ခံ ဦးဘမြင့်က "သင်္ကြန်ကာလမှာဖြစ်လာနိုင်တဲ့ အရာနှစ်ခုက လက်မှတ်ခပိုရောင်းတာရယ်၊ လက်မှတ်တွေကို စနစ်တကျမရောင်းဘဲ ကုန်ပြီလို့ ပြောပြီး နောက်မှရောင်းတာတွေရယ် ဖြစ်လာနိုင်တယ်ဆိုတာ ကြိုတင်စဉ်းစားထားတာကြောင့် ဖေဖော်ဝါရီ ၂၃ ရက်မှာ ယာဉ်လိုင်းတာဝန်ခံတွေကို ခေါ်ယူအသိပေးတယ်၊ တရားဝင်စာလည်း ထုတ်ပြန်ထားပါတယ်၊ ဒါ့အပြင် မတ် ၂၀ ရက်နဲ့ ဧပြီ ၄ ရက်မှာလည်း ထပ်မံခေါ်ယူအသိပေး ပြောကြားထားဖြစ်ပါတယ်။

"မနှစ်က အပြင်မှာ ဂိတ်မရှိ၊ ကားမရှိဘဲ ဆိုင်းဘုတ်ကိုင်ပြီး လက်မှတ်ရောင်းခဲ့တယ်၊ ခရီးသွားမယ့် အချိန်ကျတော့ ကားမရှိဘူး၊ ထွက်ပြေးတယ်၊ ဒီနှစ် ဒါမျိုးမဖြစ်အောင် ဆောင်ရွက်ထားတယ်၊ ဒီအချိန် ခရီးသွားများတာကို အခွင့်ကောင်းယူပြီး မတန်တဆ လက်မှတ်ခတောင်းပြီးတော့ ကြားကားပြေးဆွဲတာတွေလည်း မရှိအောင် ကားဝင်းထဲမှာ လုံခြုံရေးနဲ့ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ညနေပိုင်း နေ့တိုင်း စစ်ဆေးဆောင်ရွက်နေပါတယ်။

"YRTA ရဲ့အစီအမံနဲ့ YBS ယာဉ်လိုင်း၊ ကုမ္ပဏီအချို့က ယာဉ်ကူညီဖို့လည်း ရှိပါတယ်၊ ဧရာဝတီတိုင်းအတွက် ကုမ္ပဏီတစ်ခုက ယာဉ် ၁၀ စီး၊ မြောက်ပိုင်းတိုက်ကြီးသားကုမ္ပဏီကလည်း ဧပြီ ၁၁ ရက်၊ ၁၂ ရက်တွေမှာ ပြေးဆွဲပေးဖို့လည်းရှိပါတယ်၊ ကုမ္ပဏီတစ်ခုကလည်း ယာဉ်သုံးစီးနဲ့ ကူညီဖို့အသင့် ရှိနေပါတယ်၊ သင်္ကြန်မတိုင်မီ ခရီးသွားပြည်သူတွေ သွားလာရေးအဆင်ပြေအောင် စီမံဆောင်ရွက်ထားပါတယ်" ဟု ပြောသည်။

အောင်မင်္ဂလာ အဝေးပြေးဂိတ်တွင် ရန်ကုန်တိုင်းဒေသကြီးအခြေပြု ပြေးဆွဲနေသော ယာဉ်လိုင်း ၁၁၆ လိုင်းရှိပြီး အခြားဒေသမှ ရန်ကုန်သို့ ပြေးဆွဲနေသော ယာဉ်လိုင်း ၁၃၄ လိုင်း စုစုပေါင်း ယာဉ်လိုင်း ၂၅၀ ရှိကြောင်း၊ မတ်လစာရင်းအရ ယာဉ်အစီးရေ ၃၀၂၇ စီးဖြင့် ပြေးဆွဲလျက်ရှိကြောင်း၊ ဒဂုံ-ဧရာအဝေးပြေးမှ ဧရာဝတီတိုင်းဒေသကြီးသို့ ပြေးဆွဲနေသော ရန်ကုန်အခြေပြုယာဉ်လိုင်း ၄၃ လိုင်းနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အတွက် ၇၆ လိုင်းတို့ဖြင့် ယာဉ်အစီး ရေ ၁၀၃၂ စီးဖြင့် ပြေးဆွဲလျက်ရှိကြောင်း၊ ဂိတ်များအားလုံးချမှတ်ထားသော စည်းကမ်းကို လိုက်နာကြရန် ညွှန်ကြားထားပြီးဖြစ်၍ လိုက်နာမှုမရှိကြောင်း တိုင်ကြားလာပါက YRTA ကို တင်ပြပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားပြည်သူများ ရောင်းမှား ဝယ်မှားမဖြစ်စေရန် ယာဉ်လိုင်းများကို ဗီနိုင်းများထောင်ရန် ညွှန်ကြားထားမှုနှင့်အတူ ရုပ်သံများကလည်း ပြည်သူများသိရှိစေရန် နှိုးဆော်ပေးရန် လိုအပ်ကြောင်းလည်း ဖြည့်စွက်ပြောကြားသည်။

ကားဝင်းအတွင်း သင်္ကြန်ကာလ အကြိုခရီးသွားလာနိုင်ရန် လက်မှတ်များကို ခရီးသွားများကိုယ်တိုင် လက်မှတ်ဂိတ်များတွင် ဝယ်ယူနေကြပြီး အချို့ယာဉ်လိုင်းများက Online မှ ရောင်းချသောကြောင့် ဧပြီ ၅ ရက်မှ ဧပြီ ၁၂ ရက်အထိ လက်မှတ်ကုန်နေပြီဟု ဆိုသည်။

"မနေ့ကလုမ်းမေးတော့ ပြင်ဦးလွင်ကို ကြိုတင်လက်မှတ်ရောင်းပြီဆိုလို့ ဒီနေ့လာတာ ၁၂ ရက်အထိ ကုန်ပြီလို့ပြောတယ်၊ ဝန်ထမ်းတွေလေ ၁၂ ရက်ထိ အလုပ်ဝင်ရဦးမှာ အဲ့ဒီညပိုင်းတောင် လက်မှတ်ကုန်ပြီဆိုတော့ ဘယ်လို သွားရမှန်း မသိတော့ဘူး၊ တိုင်မယ်ဆိုရင်လည်း ဘယ်တိုင်ရမှန်းမသိဘူး ဖြစ်နေတယ်၊ နှစ်ဆန်း ၂ ရက်နေ့ အလုပ်ဝင်ရမယ်ဆိုတော့ တစ်ရက်နေ့အတွက်လည်းလက်မှတ်မရဘူးလို့ ပြောတယ်၊ သင်္ကြန်ပြီးမှ လက်မှတ်ရမယ်ဆိုတော့ အဆင်မပြေဘူး၊ ကြိုတင်လက်မှတ်ကို ဂိတ်ခွဲတွေမှာ မရောင်းဘူး၊ ဂိတ်ကြီးတွေမှာပဲ ရောင်းတယ်ပြောလို့ ဒီနေ့ လာဝယ်တာ ၁၂ ရက်အထိ ကုန်ပြီဆိုတော့ ဝန်ထမ်းတစ်ယောက်အနေနဲ့ အခက်အခဲတော့ ကြုံနေရပြီ"ဟု ဧပြီ ၁၂ ရက်တွင် ပြင်ဦးလွင်သို့ သွားမည့်ဝန်ထမ်းတစ်ဦး နာမည်ကြီးယာဉ်လိုင်း လက်မှတ်ကောင်တာမှ ထွက်လာစဉ် အဆင်မပြေမှုခဲ့မှုတို့ကို ရင်ဖွင့်ပြောကြားသည်။

နေပြည်တော်၊ မန္တလေး၊ တောင်ကြီး အပါအဝင် မြို့ကြီး ရှစ်မြို့သို့ ပြေးဆွဲနေသော အဆင့်မြင့် မှန်လုံယာဉ်လိုင်းတစ်ခုကလည်း သင်္ကြန်ကာလ အကြို ၉ ရက်၊ ၁၀ ရက်အတွက် ခရီးသွားနိုင်ရန် ဧပြီ ၇ ရက်တွင် လည်းကောင်း၊ ၁၁ ရက်၊ ၁၂ ရက်တို့တွင် ခရီးသွားလာနိုင်ရန် ဧပြီ ၈ ရက်တွင် လည်းကောင်း နံနက် ၉ နာရီတွင် မှတ်ပုံတင်ဖြင့် တန်းစီ၍ ရောင်းချပေးခဲ့ရာ နှစ်နှစ်ရှိပြီဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း ထိုသို့ရောင်းချပေးမည်ဖြစ်ပြီး ဧပြီ ၅ ရက်မှ ၈ ရက်အထိ လက်မှတ်များ ပြည့်နေပြီဖြစ်ကြောင်း သိရသည်။

ကားဝင်းအတွင်း ညှော်ကြိုပွဲစားများနှင့် တက္ကစီပွဲစားများကိုလည်း တွေ့ရပြီး ခြေချင်းထပ်လျက်ရှိကြောင်း တွေ့ရသည်။

"ကျွန်တော့်ညီမအတွက် ကားလက်မှတ်လာဝယ်တာ၊ ပုံမှန်ဈေးက နှစ်သောင်းနဲ့ ငါးရာပဲ ရှိတယ်၊ ဒီနေ့ နှစ်သောင်းငါးထောင် ပေးခဲ့ရတယ်၊ ဘာကြောင့်လဲမေးတော့ သင်္ကြန်မို့လို့တဲ့၊ ဒါတွေ မဖြစ်သင့်တော့ဘူး၊ ရှိလည်း မရှိသင့်တော့ဘူး၊ ကျွန်တော်လည်း ကားသမားပဲ၊ တန်ရာတန်ကြေးပဲ တောင်းတယ်၊ လိုအပ်ရင် ကုသိုလ်တောင် ယူရသေးတာပါ၊ ခေါက်ရိုးကျိုးနေတာတွေ ပြောင်းလဲသင့်နေပြီ" ဟု မကွေးမချမ်းဖြစ်လာသော တက္ကစီယာဉ်မောင်း ကိုသက်ဦးက ပြောသည်။

သင်္ကြန်ကာလ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စေရန် ကားဝင်းအတွင်းရှိ ယာဉ်လိုင်းတို့မှာ ပုံမှန်ရောင်းချမှုများရှိသကဲ့သို့ ပေါ်ပေါ်ထင်ထင် ဈေးမြှင့်ရောင်းချသူများလည်း ရှိနေသောကြောင့် ကြိုတင်လက်မှတ်များ ဝယ်ယူရာတွင် ရဟန်းရှင်လူ ပြည်သူများနှင့်ဝန်ထမ်းများ အခက်အခဲရှိနေဆဲဖြစ်ကြောင်း သိရသည်။

အောင်မင်္ဂလာ အဝေးပြေးကားဝင်းမှ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းအရှေ့ခြမ်း၊ အနောက်ခြမ်း၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်များသို့ ခရီးသွားမှန်လုံယာဉ်များပြေးဆွဲပေးလျက်ရှိသည်။

**သတင်း-သန်းထိုက် (လှိုင်သာယာ)**

## နိုင်ငံတကာသတင်းများ




### သုံးနိုင်ငံခေါင်းဆောင်များ ဆီးရီးယားငြိမ်းချမ်းရေးတည်ဆောက်ရန် သဘောတူ

**အန်ကာရာ ဧပြီ ၅**

ရုရှား၊ တူရကီနှင့် အီရန်ခေါင်းဆောင်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို အခြေခိုင်မာအောင် ပြုလုပ်ရေးအပါအဝင် ဆီးရီးယားငြိမ်းချမ်းရေးအတွက် ကြိုးစားရန် သဘောတူခဲ့ကြသည်။

တူရကီသမ္မတရီဆက် တေရစ် အာဒိုဂန်၊ ရုရှားသမ္မတ ဗလာဒီမာပူတင် နှင့် အီရန်သမ္မတ ဟက်ဆန်ရူဟာနီတို့သည် တူရကီမြို့တော် အန်ကာရာတွင် ဧပြီ ၄ ရက်က တွေ့ဆုံခဲ့ကြသည်။

အီရန်နှင့် ရုရှားနိုင်ငံတို့သည် ဆီးရီးယားသမ္မတ ဘတ်ရှာအယ်လ် အာဆတ်အစိုးရကို ထောက်ပံ့ခဲ့ပြီး တူရကီနိုင်ငံက အစိုးရဆန့်ကျင်တပ်ဖွဲ့များကို ထောက်ခံခဲ့သည်။

ခေါင်းဆောင်သုံးဦး ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ဖွဲ့စည်းပုံသစ်တစ်ရပ်ကို ရေးဆွဲရန်အတွက် ကော်မတီတစ်ခု တည်ထောင်ရာတွင် ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောခဲ့သည်။ ဇန်နဝါရီလက ကျင်းပခဲ့သော ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ဆီးရီးယားအစိုးရနှင့် အစိုးရဆန့်ကျင်အုပ်စုများမှ ကိုယ်စားလှယ်များက ကော်မတီတစ်ရပ်ကို တည်ထောင်ရန် သဘောတူခဲ့ကြောင်း သိရသည်။

ပြည်တွင်းစစ်အတွင်း ပျက်စီးသွားသော မြို့များကို ပြန်လည်တည်ဆောက်နိုင်ခြင်းသည် ၎င်းတို့၏ မျှော်လင့်ချက်ဖြစ်ကြောင်း တူရကီသမ္မတရီဆက် တေရစ်အာဒိုဂန်က ပြောခဲ့သည်။

သုံးနိုင်ငံခေါင်းဆောင်များသည် ဆီးရီးယားနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ခု ပေါ်ပေါက်လာရေး ဆန္ဒရှိကာ တိုင်းပြည်ကို ပြန်လည်တည်ဆောက်ချင်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### အမေရိကန်-မက္ကဆီကိုနယ်စပ်သို့ လုံခြုံရေးတပ်ဖွဲ့စေလွှတ်ရန် ဒေါ်နယ်ထရန့် လက်မှတ်ရေးထိုး

**ဝါရှင်တန် ဧပြီ ၅**

အမေရိကန်နိုင်ငံ သမ္မတဒေါ်နယ်ထရန့်သည် မကြာသေးမီက အမေရိကန်-မက္ကဆီကို နှစ်နိုင်ငံနယ်စပ်သို့ လုံခြုံရေးတပ်ဖွဲ့စေလွှတ်ရန် လက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။

ထိုသို့ အမေရိကန်-မက္ကဆီကိုနှစ်နိုင်ငံ နယ်စပ်သို့ လုံခြုံရေးတပ်ဖွဲ့စေလွှတ်ရန် လက်မှတ်ရေးထိုးလိုက်ခြင်းနှင့် ပတ်သက်ပြီး အမေရိကန်သမ္မတ ထရန့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာဖြစ်သော တွစ်တာပေါ်တွင် "မက္ကဆီကိုနဲ့ ကနေဒါနိုင်ငံများရဲ့ လူဝင်မှု ဥပဒေအလွန်ခိုင်မာစွာ တည်ရှိနေချိန်မှာ ကျွန်တော်တို့ရဲ့လူဝင်မှုဥပဒေက အားနည်းချက်တွေ ရှိနေပါတယ်" ဟု ရေးသားခဲ့သည်။

အမေရိကန်ကွန်ဂရက်အနေဖြင့် သမ္မတ အိုဘားမားလက်ထက်က ပြဋ္ဌာန်းခဲ့သော ဥပဒေများနှင့် အခြားပြဋ္ဌာန်းချက်များကို ယခုအခါ ပြင်ဆင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။

ဒီမိုကရက်တစ်ပါတီသည် ကျွန်ုပ်တို့လျှောက်လှမ်းမည့် လမ်းပေါ်တွင် ပိတ်ရပ်နေကြောင်း၊ ၎င်းတို့သည် နိုင်ငံအတွင်းသို့ လူများ စစ်ဆေးမေးမြန်းမှုမရှိဝင်လာအောင် လုပ်ဆောင်နေကြောင်း၊ ယင်းမှာ ရာဇဝတ်မှုဖြစ်ကြောင်း ထရန့်က တွစ်တာတွင် ရေးသားဖော်ပြခဲ့သည်။

ယခုအခါ ခိုင်မာသော အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်သွားရမည်ဖြစ်ကြောင်းနှင့် အမေရိကန်၏ တောင်ဘက်အခြမ်း နယ်စပ်ကို ကာကွယ်သွားရမည်ဖြစ်ကြောင်း ၎င်းက တွစ်တာတွင် ဆက်လက်ရေးသားခဲ့သည်။ **ဆင်ဟွာ**

### လန်ဒန်မြို့၌ အကြမ်းဖက်ရာဇဝတ်မှုကြောင့် သေဆုံးသူ ၅၀ အထိရှိလာ

**လန်ဒန် ဧပြီ ၅**

လွန်ခဲ့သော ဧပြီ ၃ ရက်က သေနတ်မှန်ပြီး အသက် ၁၆နှစ်အရွယ် ဆယ်ကျော်သက် တစ်ဦးသေဆုံးမှုအပါအဝင် ယခုနှစ်အတွင်း လန်ဒန်မြို့၌ အကြမ်းဖက်ရာဇဝတ်မှုကြောင့် သေဆုံးရသူ ၅၀ ရှိပြီဖြစ်ကြောင်း လန်ဒန်ရဲတပ်ဖွဲ့က ဧပြီ ၄ ရက်တွင် ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း လန်ဒန်တွင် အကြမ်းဖက်ရာဇဝတ်မှုများမကြာခဏဖြစ်ပွားခဲ့ရာ သုံးလကျော်အတွင်း သေဆုံးသူ ၅၀ ရှိပြီဖြစ်ကြောင်း၊ ၎င်းတို့အနက် ၃၄ ဦးမှာ ဓားဒဏ်ရာ၊ ခုနစ်ဦးမှာ သေနတ်ဒဏ်ရာဖြင့် သေဆုံးခြင်းဖြစ်ပြီး ၁၀ ဦးမှာ အရွယ်မရောက်သေးသူများဖြစ်ကြောင်း သိရသည်။

ရာဇဝတ်မှုများအား ထိရောက်စွာ ကာကွယ်တားဆီးမှုများမပြုလုပ်ပါက ယခုနှစ်တွင် လူသတ်မှု ၁၈၀ ကျော်အထိ ရောက်ရှိသွားနိုင်ကြောင်း ဒေသခံသတင်းမီဒီယာများက ရေးသားဖော်ပြခဲ့သည်။

မကြာသေးမီနှစ်များအတွင်း လန်ဒန်မြို့လမ်းများပေါ်၌ ဓားကိုင်သတ်ဖြတ်မှု၊ အက်စစ်ဖြင့်တိုက်ခိုက်မှုနှင့် မော်တော်ဆိုင်ကယ်စီးလုယက်မှုစသည့် အကြမ်းဖက် ရာဇဝတ်မှုဖြစ်ပွားနှုန်းမှာ ယမန်နှစ်ကထက် ပိုမိုများပြားလာကြောင်း သိရသည်။ ယမန်နှစ်က ရာဇဝတ်မှု ၁၁၆ မှုသာရှိခဲ့သည်။

အကြမ်းဖက်ရာဇဝတ်မှုကျူးလွန်မှုများကို ကြိုတင်ကာကွယ်ရန် လန်ဒန်မြို့တွင်း လမ်းများ၌ လုံခြုံရေးစစ်ဆေးမှုများ တိုးမြှင့်ဆောင်ရွက်သွားရန် လန်ဒန်မြို့တော်ဝန် ဆာဒစ်ခန်က တိုက်တွန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အကြမ်းဖက်ရန်ကြံစည်မှုဖြင့် လူနှစ်ဦးကို ဖမ်းဆီး

**လန်ဒန် ဧပြီ ၅**

အကြမ်းဖက်ရန်ကြံစည်မှုဖြင့် သံသယရှိသူနှစ်ဦးကို ဗြိတိသျှအကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးရဲတပ်ဖွဲ့က အနောက်ယောက်ရှိုင်းယားဒေသ ဒွဲဘာရီ၌ ဖမ်းဆီးရမိခဲ့ကြောင်း ဗြိတိသျှမီဒီယာများမှ မကြာသေးမီက ဖော်ပြခဲ့သည်။

အသက် ၅၂ နှစ်နှင့် ၂၀ နှစ်ရှိ လူနှစ်ဦးကို အကြမ်းဖက်မှုပြုလုပ်ရန်ကြံစည်ခြင်း သို့မဟုတ် သွေးထိုးလှုံ့ဆော်ခြင်းတို့ဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးပုဒ်မ ၂၀၀၀ အပိုဒ်ခွဲ ၄၁ အရ ဖမ်းဆီးခဲ့ကြောင်း မီဒီယာက ဆက်လက်ဖော်ပြထားသည်။

အဆိုပါ အမှုနှင့်ပတ်သက်ပြီး ဆက်လက်စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပြောခဲ့သည်။ **ဆင်ဟွာ**

### ဥရောပသမဂ္ဂလေကြောင်းလိုင်း အချို့နည်းပညာပြဿနာကြောင့် နှောင့်နှေးကြန့်ကြာမှုများဖြစ်

**ဘရပ်ဆဲလ် ဧပြီ ၅**

ဥရောပသမဂ္ဂလေကြောင်းလိုင်းထက်ဝက်ခန့် နည်းပညာပြဿနာကြောင့် နှောင့်နှေးကြန့်ကြာခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

လေကြောင်းလိုင်း ၂၉၅၀၀ မှာ နည်းပညာပြဿနာကြောင့် နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ကြောင်း Euro-control က ထုတ်ပြန်ဖော်ပြချက်တွင် ပြောခဲ့သည်။ နည်းပညာချွတ်ယွင်းချက်ကြောင့် လေယာဉ်အစီအစဉ်များ ကမောက်ကမ ဖြစ်ခဲ့ရသောကြောင့် ၎င်းတို့ကို အစီအစဉ်တကျ ပြန်လည်လုပ်ဆောင်နေရကြောင်း သိရသည်။

Eurocontrol စနစ် မှားယွင်းမှုကြောင့် ဘရပ်ဆဲလ်အပြည်ပြည်ဆိုင်ရာလေဆိပ်အပါအဝင် ဒေသတွင်း လေကြောင်းလိုင်းများလည်း နှောင့်နှေးကြန့်ကြာနိုင်ကြောင်း သိရသည်။ **ဆင်ဟွာ**

### ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲအတွက် အလုပ်သဘောညှိနှိုင်းမှုပြုလုပ်

**ဆိုးလ် ဧပြီ ၅**

ယခုလနှောင်းပိုင်းတွင် ကျင်းပမည့် ကိုရီးယားနှစ်နိုင်ငံ ဆွေးနွေးပွဲအတွက် သံတမန်ရေးရာနှင့် လုံခြုံရေးဆိုင်ရာများအတွက် သက်ဆိုင်ရာ မြောက်ကိုရီးယားအာဏာပိုင်များနှင့် အလုပ်သဘောဆွေးနွေးညှိနှိုင်းမှု ပြုလုပ်နိုင်ရန် တောင်ကိုရီးယားက ခုနစ်ဦးပါ အဖွဲ့တစ်ဖွဲ့အား စေလွှတ်မည်ဖြစ်ကြောင်း တောင်ကိုရီးယားပြန်လည် ပေါင်းစည်းရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူက ပြောခဲ့သည်။

အိမ်ပြာတော် သံတမန်ရေးရာအကြီးအကဲ ချိုဟန်ကီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အမည်စာရင်းအား မြောက်ကိုရီးယားသို့ အကြောင်းကြားထားကြောင်း သိရသည်။ ၎င်းတို့သည် ငြိမ်းချမ်းရေးထိန်းသိမ်းသည့် တောင်ကိုရီးယား ပန်းမွန်ဂျုံရွာ၌တွေ့ဆုံဆွေးနွေးမည်ဟု သတင်းရရှိသည်။ **ဆင်ဟွာ**

# ယဉ်ကျေးမှုမှသည် နှစ်ပြည်ထောင်အေးချမ်းခြင်းဆီသို့

**တင်လင်းအောင်**



မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဟာ ဧပြီ ၁ ရက်က ပြုံယမ်းမှာ ဆယ်စုနှစ်ကျော်ကြာမှ ကျင်းပတဲ့ ပထမဆုံး တောင်ကိုရီးယား တေးဂီတဖျော်ဖြေပွဲကို တက်ရောက်အားပေးခဲ့တယ်လို့ သတင်းတွေမှာ ဖတ်လိုက်ရပါတယ်။ ကိုရီးယားတေးဂီတဖျော်ဖြေပွဲမှာ ကေပေါ့အဆိုတော်မိန်းကလေး တေးဂီတအဖွဲ့မှ နာမည်ကြီးအဆိုတော်လည်း ပါဝင်ဖျော်ဖြေခဲ့သလို ထိပ်တန်းဂီတအကျော်အမော်တစ်ဦးလည်း ပါဝင်ဖျော်ဖြေခဲ့တယ်လို့ ဆိုပါတယ်။ အခုလို တောင်ကိုရီးယား ဂီတဖျော်ဖြေပွဲကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း တက်ရောက်ခဲ့တာဟာ ဘာကိုပြသလဲဆိုရင် ရှားရှားပါးပါး ကိုရီးယားနှစ်ပြည်ထောင်ဆွေးနွေးပွဲ မတိုင်ခင်မှာ ပြန်လည်ပေါင်းစည်းမှု လက္ခဏာကို ဖော်ပြလိုက်တဲ့သဘောလို့ ဆိုနိုင်ပါတယ်။

### ယဉ်ကျေးမှုအစီအစဉ်များ ထပ်မံလုပ်ဖို့ ကင်အကြံပြု

တောင်ကိုရီးယား တေးဂီတအဖွဲ့ရဲ့ မြောက်ကိုရီးယားနိုင်ငံသို့ ဖျော်ဖြေရေးသွားရောက်တဲ့ခရီးစဉ်ကို ကြည့်မယ်ဆိုရင် ယခင်က ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ရေးကိစ္စ တင်းမာနေတဲ့အခြေအနေဟာ အခုအခါမှာတော့ ပျော့ပြောင်းလာပြီလို့ ဆိုရမှာပဲ ဖြစ်ပါတယ်။ မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းကို ထွက်ခွာသွားတဲ့ အနုပညာအုပ်စုမှာ အဖွဲ့ဝင်ပေါင်း ၁၂၀ ခန့်ပါဝင်တယ်လို့ သိရပါတယ်။ သူတို့ဟာ ပြုံယမ်းမှာ နှစ်ခါဖျော်ဖြေဖို့ စီစဉ်ထားပါတယ်။ ပထမတစ်ကြိမ်မှာတော့ ဧပြီ ၁ ရက်မှာ ဖျော်ဖြေရန်ဖြစ်ပြီး ဒုတိယနေ့အဖြစ် ဧပြီ ၃ ရက်မှာ ဖျော်ဖြေဖို့ စီစဉ်ထားတယ်လို့ သိရပါတယ်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်နဲ့ ယခင်က အဆိုတော်ဖြစ်ခဲ့ဖူးသူ သူ့ရဲ့ ကြင်ရာတော်တို့ဟာ ဧပြီ ၁ ရက်က ကျင်းပတဲ့ ဂီတဖျော်ဖြေပွဲကို ကြည့်ရှုအားပေးဖို့ လာရောက်ခဲ့ပါတယ်။ မြောက်ကိုရီးယားခေါင်းဆောင်အနေနဲ့ ကင်ဟာ ပထမဆုံးအနေနဲ့ အခုလို တောင်ကိုရီးယား တေးဂီတဖျော်ဖြေပွဲကို တက်ရောက်ခဲ့တယ်လို့ ဆိုရမှာပဲဖြစ်ပါတယ်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဟာ အနုပညာရှင်တွေနဲ့ လက်ဆွဲနှုတ်ဆက်ပြီး ဓာတ်ပုံတွေတောင် အတူတကွ ရိုက်ခဲ့ပါသေးတယ်။ ကိုရီးယားနှစ်နိုင်ငံ ယဉ်ကျေးမှုအစီအစဉ်ကို မကြာခဏကျင်းပသင့်ကြောင်းနဲ့ နောက်ထပ် ယဉ်ကျေးမှုအစီအစဉ်တစ်ခုကို တောင်ကိုရီးယားမြို့တော်မှာ အခုနှစ် ဆောင်းဦးရာသီမှာ ကျင်းပဖို့တောင် သူက အကြံပြုခဲ့ပါသေးတယ်။

### ကျေးဇူးပါ မွန်ဂျယ်အင်း

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ ဇနီးမောင်နှံဟာ နှစ်နာရီကြာကျင်းပတဲ့ ဂီတဖျော်ဖြေပွဲကို သူ့ရဲ့ ညီမဖြစ်သူ ကင်ယိုဂျုန်နဲ့ အတူတကွ ပျော်ပျော်ရွှင်ရွှင် အားပေးခဲ့တာဖြစ်ပါတယ်။

ဘယ်လောက်တောင် ကြီးကျယ်ခမ်းနား ရင်သပ်ရှုမောတဲ့ ဂီတဖျော်ဖြေပွဲလဲဆိုတာ တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းကို ကျေးဇူးပြုပြီး ပြောလိုက်ပါလို့ ကင်ဂျုံအန်းက ပြောခဲ့ပါတယ်။ အခုလို ဂီတဖျော်ဖြေပွဲမျိုးကို ပြုံယမ်းအတွက် ကျင်းပပေးလို့ ကျေးဇူးတင်ပါတယ်လို့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက မြောက်ကိုရီးယားကို လာရောက်တဲ့ ဧည့်သည်တော် တောင်ကိုရီးယားကိုယ်စားလှယ်အရာရှိတွေကို ပြောခဲ့ပါတယ်။

ဂီတဖျော်ဖြေပွဲ ကျင်းပနေစဉ်အတွင်း ကင်အနေနဲ့ တောင်ကိုရီးယားအဆိုတော်တွေ သီဆိုဖျော်ဖြေသွားတဲ့ သီချင်းစာသားတွေကို အလွန်တစ်ရာ စိတ်ဝင်စားကြောင်း တောင်ကိုရီးယားယဉ်ကျေးမှုအဖွဲ့ရဲ့ ကိုယ်စားလှယ်အကြီးအကဲ ဒိုဂျုန်ဟွမ်က ပြောခဲ့ပါတယ်။ ထို့အတူ တောင်ကိုရီးယား တိုက်ကွမ်ဒိုအားကစားသမားများ၊ မြောက်ကိုရီးယားအားကစားအဖွဲ့နဲ့ ပေါင်းစပ်ဖျော်ဖြေတဲ့ ကိုရီးယားရိုးရာ သိုင်းပြကွက်များကိုလည်း တင်ဆက်ပြသခဲ့တယ်လို့ သိရပါတယ်။

### အခွင့်အခါသင့်ရင် လာလည်ပါ

ဆောင်းရာသီ အိုလံပစ်အားကစားပွဲတုန်းကလည်း မြောက်ကိုရီးယားခေါင်းဆောင်ဟာ အားကစားသမားများ၊ ချီးကျူးအားပေးအဖွဲ့များ၊ သံတမန်အနေနဲ့ သူ့ညီမပါမကျန် စေလွှတ်ခဲ့ပါတယ်။ ထိုအချိန်ကတည်းက တောင်-မြောက်နှစ်နိုင်ငံဆက်ဆံရေးဟာ အေးခဲနေတဲ့ အနေအထားကနေ တဖြည်းဖြည်း ပျော့ပြောင်းလာတဲ့ အနေအထားဘက်ကို ရောက်လာခဲ့တာပါ။ အဲ့ဒီအချိန်တုန်းက သူ့ညီမက သူ့အစ်ကိုမှာတဲ့အတိုင်း တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းကို အခါအခွင့်သင့်ရင် လာလည်ပါဆိုပြီး ကမ်းလှမ်းခဲ့ပါသေးတယ်။ လွန်ခဲ့တဲ့ ဖေဖော်ဝါရီလ အိုလံပစ်အားကစားကျင်းပစဉ်ကလည်း မြောက်ကိုရီးယား အနုပညာအဖွဲ့ဟာ အိုလံပစ် အားကစားပွဲတော်ကြီးမှာ ဖျော်ဖြေခဲ့ပါသေးတယ်။

အဲဒီနောက်မှာတော့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဟာ တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနဲ့ တွေ့ဆုံဖို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နဲ့ မျက်နှာချင်းဆိုင်တွေ့ဆုံဖို့ အကြောင်းတွေ ဖန်တီးလာပါတော့တယ်။ အမေရိကန်-မြောက်ကိုရီးယား တွေ့ဆုံဆွေးနွေးပွဲရဲ့ အလားအလာဟာ နှစ်နိုင်ငံကြား အေးခဲနေတဲ့ အခြေအနေတွေကို ကောင်းမွန်တဲ့ဘက်ကို စတင်ရောက်ရှိစေမယ့် အနေအထားကို ဖြစ်ပေါ်စေမယ်လို့ ယူဆရပါတယ်။

### ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့

အဲဒီလို အကြောင်းဖန်လာတာကလည်း တစ်ဖက်ကကြည့်မယ်ဆိုရင် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းစင်ဖို့ ကောင်းတဲ့အချက်လို့ပဲ ပြောရမှာဖြစ်ပါတယ်။ နှစ်နိုင်ငံ တကယ့်တွေ့ဆုံညှိနှိုင်းမယ့်ရလဒ်ဟာ ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းစင်ဖို့၊ နောက်ထပ် နျူကလီးယားထိပ်ဖူးတပ် တာဝေးပစ်ဒုံးကျည်လက်နက်ဆိုင်ရာ နည်းပညာဟာ စမ်းသပ်လုပ်ဆောင်မှုတွေကို အဆုံးသတ်ဖို့၊ အမေရိကန်ပြည်ထောင်စု၊ ကမ္ဘာ့နိုင်ငံတွေနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ကြား ရန်လိုတင်းမာမှုတွေအပေါ် နိဂုံးချုပ်ဖို့ကို အဓိက ဦးစားပေးဆွေးနွေးသွားရမှာပဲဖြစ်တယ်လို့ ၁၉၉၄ ခုနှစ် နျူကလီးယားပဋိပက္ခအတွင်း မြောက်ကိုရီးယားနဲ့ ဆွေးနွေးညှိနှိုင်းမှုလုပ်ခဲ့တဲ့ အမေရိကန်ညှိနှိုင်းဆွေးနွေးရေးအကြီးအကဲဖြစ်သူ ရောဘတ်ကလေ့စီက ပြောခဲ့ပါတယ်။

### ဖြေရှင်းလို့ရတဲ့ ကိစ္စ

ထို့အတူ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းဟာ သူ့ရဲ့ ပထမဆုံး ပြည်ပခရီးစဉ်အနေနဲ့ လွန်ခဲ့တဲ့ အပတ်က တရုတ်သမ္မတ ရှီကျင့်ဖျင်နဲ့ သွားရောက်တွေ့ဆုံခဲ့ပါသေးတယ်။

တရုတ်နိုင်ငံသို့ မြောက်ကိုရီးယားခေါင်းဆောင်သွားရောက်ပြီး ပြန်လာခါနီး ထုတ်ပြန်ကြေညာချက်မှာ ကိုရီးယားကျွန်းဆွယ် နျူကလီးယား ကင်းစင်ရေးကိစ္စဟာ ဖြေရှင်းလို့ရတဲ့ ကိစ္စဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

၂၀၀၀ ပြည့်နှစ်နဲ့ ၂၀၀၇ ခုနှစ် ကိုရီးယားနှစ်ပြည်ထောင်တွေ့ဆုံမှုအပြီး ယခုတတိယအကြိမ်မြောက် တွေ့ဆုံဖို့ အကြောင်းတွေ ထပ်ပြီး ဖန်လာပြီဖြစ်ပါတယ်။ ကိုရီးယားနှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမှုကို ဧပြီ ၂၇ ရက်မှာ ပြုလုပ်ဖို့ စီစဉ်ထားသော်လည်း မြောက်ကိုရီးယားနဲ့ အမေရိကန်တို့ တွေ့ဆုံမှုကိုတော့ မေလကုန်မှာ ခန့်မှန်းထားပေမယ့် ဘယ်နေ့ ဘယ်အချိန်လဲဆိုတာတော့ အတိအကျ မသိရသေးပါဘူး။

### အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်

နောက်တစ်ခါ တောင်ကိုရီးယားနဲ့ အမေရိကန်တို့ရဲ့ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပုံမှန်လေ့ကျင့်နေကျထက် တိုတောင်းတဲ့ ကာလအထိ လျှော့ချလိုက်တာပါပဲ။ ယခင်နှစ်တွေက နှစ်လလောက်ကြာပေမယ့် အခုတစ်ခါမှာတော့ တစ်လလောက်သာ ကြာပါတော့တယ်။ ဒါဟာလည်း အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်လို့ ရှုမြင်ရမှာဖြစ်ပါတယ်။ ယခင်က မြောက်ကိုရီးယားကို စစ်ရေးပြချင်လို့ ပြုလုပ်တဲ့ ပူးတွဲစစ်ဆင်ရေးမှာ လေယာဉ်တင်သင်္ဘောတွေ၊ တိုက်ခိုက်ရေးဂျက်လေယာဉ်တွေ ပါဝင်ခဲ့သော်လည်း ယခုတစ်ခါ ပြုလုပ်တဲ့ ပူးတွဲစစ်ရေးလေ့ကျင့်မှုကိုတော့ ပူးတွဲလေ့ကျင့်တယ်ဆိုရုံလောက်သာ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

### အကောင်းဆုံးကို လုပ်ဆောင်မယ်

ပြုံယမ်းမှာ ဖျော်ဖြေခဲ့တဲ့ တောင်ကိုရီးယားအနုပညာအဖွဲ့ရဲ့ ဖျော်ဖြေမှုတွေကို မြောက်ကိုရီးယားပြည်သူတွေကလည်း သောင်းသောင်းဖြဖြ အားပေးခဲ့တယ်လို့ သိရပါတယ်။ ဒါဟာ ကိုရီးယားနှစ်နိုင်ငံအတွက် ပြန်လည်သင့်မြတ်ဖို့ ကောင်းမွန်တဲ့ လမ်းခင်းပေးတဲ့သဘောပါ။ တောင်ကိုရီးယားအနုပညာရှင်တွေက ဘာပြောလဲဆိုတော့ မြောက်ကိုရီးယားပြည်သူတွေက အားမပေးဘူးဆိုရင်တောင် သူတို့ကတော့ အကောင်းဆုံးလုပ်ဆောင်သွားမယ်လို့ ဆိုပါတယ်။ အခုတော့ သူတို့ အထင်နဲ့ အမြင် ပါစင်အောင်လွဲခဲ့ပါတယ်။ မြောက်ကိုရီးယား ပရိသတ်ဟာ သူတို့ကို အားပါးတရ အားပေးခဲ့ရုံတင်မက သီချင်းတွေကိုလည်း ရွှင်မြူးစွာ လိုက်ဆိုခဲ့ပါသေးတယ်လို့ ပြောခဲ့ပါတယ်။

### နှစ်နိုင်ငံပေါင်းကူးမယ့် ဖျော်ဖြေမှု

အစဉ်အလာအားဖြင့် မြောက်ကိုရီးယားနိုင်ငံဟာ သူ့ချည်းထီးတည်းနေတဲ့ နိုင်ငံဖြစ်သလို ဘယ်လိုပဲဖြစ်ဖြစ် တိုင်းတစ်ပါးယဉ်ကျေးမှုတွေကိုလည်း တင်းကျပ်စွာ တားမြစ်ထားပါတယ်။ အခုတော့ ယဉ်ကျေးမှုချင်း ပေါင်းကူးသွားတယ်လို့ပဲ ဆိုရမှာဖြစ်ပါတယ်။ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းရဲ့ဖခင် ကင်ဂျုံအီဟာ တောင်ကိုရီးယားအဆိုတော်ကြီး ချိုယွန်ပေရဲ့ ပရိသတ်တစ်ဦးလို့ ဆိုရင်လည်း မမှားပါဘူး။ အထူးသဖြင့် တောင်ကိုရီးယားအနုပညာအဖွဲ့ဟာ နှစ်နိုင်ငံ ပေါင်းကူးစေနိုင်မယ့် ဖျော်ဖြေမှုမျိုးကို တင်ဆက်ခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောရမယ်ဆိုရင် ယဉ်ကျေးမှုဖျော်ဖြေပွဲမှ တစ်ဆင့် တင်းမာနေတဲ့ ကိုရီးယားနှစ်ပြည်ထောင်ရဲ့အခြေအနေဟာ ပြန်လည်တိုးတက်ကောင်းမွန်လာမယ့် အနေအထားကို ရောက်ရှိလာခဲ့တယ်လို့ ပြောရမလို ဖြစ်နေပါပြီ။ လာမယ့် ဧပြီ ၂၇ ရက်မှာ ကျင်းပမယ့် ကိုရီးယားနှစ်နိုင်ငံဆွေးနွေးပွဲဟာလည်း အဆိုးထက် အကောင်းက ပိုများလာနိုင်ပါတယ်လို့ သုံးသပ်ရင်း။ ။

**ကိုးကား- အေအက်ဖ်ပီ**

# အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် စည်းကြပ်ပြီးသည့်အခွန်နှင့် ယင်းနှင့်ဆက်စပ်နေသည့် အတိုး သို့မဟုတ် ဒဏ်ကြေးငွေကို အခွန်ထမ်းက အပြေအကျေသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ပေးဆောင်ခြင်းမရှိလျှင် အကြွေးမကျေမီပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ရှိကြောင်း အကြောင်းကြားစာကို မည်သည့်အချိန်တွင်မဆို ထုတ်ဆင့်နိုင်သည်။

(င) အကြွေးမကျေမီပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ရှိကြောင်း အကြောင်းကြားစာထုတ်ပြန်ရန်အတွက် လုပ်ထုံးလုပ်နည်းများကို စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။ အကြွေးမကျေမီပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ရှိကြောင်း အကြောင်းကြားစာထုတ်ပြန်ပြီးစေကာမူ အကြောင်းကြားစာပါအတိုင်း သက်ရောက်မှုမရှိနိုင်မည့် အကျိုးစီးပွားအမျိုးအစားများကို စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။

(စ) အကြွေးမကျေမီပစ္စည်းကို လက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ကို မှတ်ပုံတင်စာအုပ်တွင် မှတ်ပုံတင်ခြင်းမပြုမီ ညွှန်ကြားရေးမှူးချုပ်သည် ထိုသို့မှတ်ပုံတင်မည့်အကြောင်း အခွန်ထမ်းထံ အကြောင်းကြားစာပေးပို့ရမည်။ သို့ရာတွင် ယင်းသို့ဆောင်ရွက်ခြင်းကြောင့် အခွန်ကောက်နိုင်စွမ်းကို ပျက်ပြားစေနိုင်သည်ဟု ညွှန်ကြားရေးမှူးချုပ်က ယုံကြည်လျှင် အကြောင်းကြားစာပေးပို့ခြင်းမပြုဘဲ နေနိုင်သည်။

(ဆ) ညွှန်ကြားရေးမှူးချုပ်သည် ဤပုဒ်မအရ သတ်မှတ်ထားသည့် အကြွေးမကျေမီ ပစ္စည်းကိုလက်ဝယ်ထိန်းသိမ်းထားပိုင်ခွင့်ကို အကျိုးသက်ရောက်မှုရှိစေရန် သက်ဆိုင်ရာတရားရုံးသို့လျှောက်ထားနိုင်သည်။

(ဇ) သက်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦးဦးမှ အကြွေးမကျေမီပစ္စည်းကို လက်ဝယ်ထားပိုင်ခွင့်နှင့်စပ်လျဉ်း၍ တရားစွဲဆိုခြင်းကို ရုပ်သိမ်းပေးပါရန် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြနိုင်သည်။ တင်ပြချက်အရ တရားစွဲဆိုခြင်းကို ရုပ်သိမ်းပေးပါရန် ညွှန်ကြားရေးမှူးချုပ်က မူလတရားရုံးသို့ လျှောက်ထားနိုင်သည်။ ထိုတရားရုံးက ရုပ်သိမ်းခြင်းမပြုကြောင်း ဆုံးဖြတ်ပါက ညွှန်ကြားရေးမှူးချုပ်သည် သက်ဆိုင်ရာတရားရုံးသို့ အယူခံဝင်ရောက်နိုင်သည်။

**အခွန်ထမ်း၏ပစ္စည်းအပေါ်တွင် ဒီကရီအတည်ပြုခြင်း**

၅၈။ (က) အခွန်ထမ်းသည် အခွန်ပေးဆောင်ရန် ပျက်ကွက်ပါက ညွှန်ကြားရေးမှူးချုပ်သည် အခွန်မပြေကျန်ငွေကို တရားစီရင်ရေးအဖွဲ့က ချမှတ်သည့် ဒီကရီကျငွေကဲ့သို့ ပျက်ကွက်သူထံမှ အရကောက်ခံနိုင်သည်။ သို့ရာတွင် ပုဒ်မ ၅၇၊ ပုဒ်မခွဲ (ဆ)အရ ဆုံးဖြတ်သည့်အခါမှတစ်ပါး ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်း၏ပစ္စည်းအပေါ် အရကောက်ခံမည့် အကြောင်းကြားစာပေးပို့ပြီး ရက်ပေါင်း ၃၀ အတွင်း အခွန်ပေးဆောင်ရန်ပျက်ကွက်မှသာလျှင် ညွှန်ကြားရေးမှူးချုပ်က အရကောက်ခံခြင်းကို ဆက်လက်ဆောင်ရွက်နိုင်သည်။

(ခ) အခွန်မပြေကျန်ငွေကို ပုဒ်မခွဲ (က)ပါအတိုင်း အရကောက်ခံရာတွင် ညွှန်ကြားရေးမှူးချုပ်၌ အောက်ပါလုပ်ပိုင်ခွင့်များရှိစေရမည် -

(၁) ငွေဒီကရီအတွက် အကျိုးသက်ရောက်မှုကို အပြီးအပိုင်ဆောင်ရွက်သည့် တရားစီရင်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များ၊

(၂) ပျက်ကွက်သူက တစ်စိတ်တစ်ဒေသသာ အကျိုးသက်ဆိုင်ခွင့်ရှိသော ပစ္စည်းတစ်ခုလုံးအတွက် ပစ္စည်းထိန်းခန့်ထားခွင့် (ယင်းသို့မခန့်မီ ထိုပစ္စည်း၏တွဲဖက်ပိုင်ရှင် သို့မဟုတ် တွဲဖက်ဝေစုရထိုက်သူအား အကြောင်းကြားရမည်)၊

(၃) အောက်ဖော်ပြပါအကြောင်းတစ်ခုခုကြောင့် ပျက်ကွက်သူက တစ်စိတ်တစ်ဒေသသာ အကျိုးသက်ဆိုင်ခွင့်ရှိသော ပစ္စည်း၏ယင်းတစ်စိတ်တစ်ဒေသကိုသာ ရောင်းချရန် မဖြစ်နိုင်လျှင် ထိုပစ္စည်းတစ်ခုလုံးကိုရောင်းချ၍ ရောင်းရငွေကိုခွဲဝေပေးနိုင်ခွင့် (ယင်းသို့မဆောင်ရွက်မီ အကျိုးသက်ဆိုင်ခွင့်ရှိသူများအား အကြောင်းကြားရမည်)-

(ကက) ပစ္စည်း၏သဘာဝအနေအထား၊

(ခခ) ပစ္စည်း၏တွဲဖက်ပိုင်ရှင် သို့မဟုတ် တွဲဖက်ဝေစုရထိုက်သူဦးရေ၊

(ဂဂ) အခြားထူးခြားသောအခြေအနေ၊

(၄) ခွဲဝေမရသော မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းကို ရောင်းချခြင်းဖြစ်ပြီး ဈေးတူပေးသည့် ဆွဲဝယ်သူများအနက် တစ်ဦးမှာ ထိုပစ္စည်း၏တွဲဖက်ပိုင်ရှင် သို့မဟုတ် တွဲဖက်ဝေစုရထိုက်သူဖြစ်နေလျှင် ထိုသူအားသာ ရောင်းချခွင့်၊ အကယ်၍ ဈေးတူပေးသည့် အဆိုပါပိုင်ရှင် သို့မဟုတ် ဝေစုရထိုက်သူတစ်ဦးထက်ပိုလျှင် လေလံဆွဲဝယ်ရန် ဦးစွာအမည်ပေးသူအား ရောင်းချခွင့်။

(ဂ) အခွန်ကောက်ခံရာ၌ ဆုံးရှုံးမှုရှိနိုင်သည်ဟု ယုံကြည်ရန် အကြောင်းရှိပါက ညွှန်ကြားရေးမှူးချုပ်သည် အခွန်ကိုချက်ချင်းပေးဆောင်စေရန် တောင်းခံနိုင်ပြီး အခွန်ထမ်းကပေးဆောင်ရန် ပျက်ကွက်ပါက ပုဒ်မ ၄၅၊ ပုဒ်မခွဲ (ဂ) တွင် မည်သို့ပင်ဆိုစေကာမူ အခွန်ထမ်း၏ ပစ္စည်းသိမ်းယူခြင်းကို ချက်ချင်းဆောင်ရွက်နိုင်သည်။

(ဃ) သိမ်းဆည်းကြောင်း သတ်မှတ်ထားသည့်ပစ္စည်း၏ အစိတ်အပိုင်းသည် တရားစီရင်ရေးလုပ်ငန်းစဉ်အတွင်း ဝရမ်းစွဲကပ်ခြင်း သို့မဟုတ် ဒီကရီအတည်ပြုခြင်းဆောင်ရွက်ထားပြီးဖြစ်သည့်အခြေအနေမှအပ ဘဏ်နှင့် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် ပုဂ္ဂိုလ်တစ်ဦးဦးသည် သိမ်းဆည်းကြောင်း သတ်မှတ်ထားသည့်ပစ္စည်းကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် အာမခံပစ္စည်းအဖြစ် ထိန်းသိမ်းထားခြင်းဖြစ်ပါက တာဝန်ခံဝန်ထမ်း၏တောင်းဆိုချက်အရ ယင်းပစ္စည်းကို ညွှန်ကြားရေးမှူးချုပ်ထံ စွန့်လွှတ်ပေးအပ်ရမည်ဖြစ်ပြီး အာမခံအဖြစ်ထိန်းထားရှိပါက ယင်းကို ပယ်ဖျက်ရမည်။

(င) ပုဂ္ဂိုလ်တစ်ဦးသည် တောင်းဆိုချက်ကိုလိုက်နာရန် ပျက်ကွက်ပါက ထိန်းသိမ်းထားသည့်ပစ္စည်း သို့မဟုတ် အာမခံပစ္စည်း၏ တန်ဖိုးအတိုင်း သိမ်းဆည်းရန် သတ်မှတ်ထားသည့် ပမာဏထက်မကျော်လွန်စေဘဲ ညွှန်ကြားရေးမှူးချုပ်ထံပေးဆောင်ရန် တာဝန်ရှိသည်။

(စ) ဤပုဒ်မအရသော်လည်းကောင်း၊ ပုဒ်မ ၆၀ အရသော်လည်းကောင်း သတ်မှတ်ထားသည့်လိုအပ်ချက်များကို လိုက်နာဆောင်ရွက်သည့် ပုဂ္ဂိုလ်တစ်ဦးသည် လိုက်နာဆောင်ရွက်သည့်အချိန်မှစ၍ ညွှန်ကြားရေးမှူးချုပ်ထံ စွန့်လွှတ်ပေးအပ်လိုက်သည့်ပစ္စည်း သို့မဟုတ် အာမခံပစ္စည်းအဖြစ်မှ ပယ်ဖျက်လိုက်သည့်တန်ဖိုးပမာဏအထိ အခွန်ထမ်း သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးသို့ပေးရန် တာဝန်မှလွတ်ငြိမ်းခွင့်ပြုရမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်မှု၏အကျိုးဆက်အားဖြင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ပုဂ္ဂိုလ်တစ်ဦးအနေဖြင့် ကိုယ်တိုင်တာဝန် မရှိစေရ။

(ဆ) ဤပုဒ်မအရပစ္စည်းသိမ်းယူခြင်းသည် အခွန်ထမ်းအနေဖြင့်အခွန်ပေးဆောင်ရန်ပျက်ကွက်ကြောင်း သတ်မှတ်ခံရသည့်နေ့ရက်မှ ခြောက်နှစ်အတွင်း စတင်ဆောင်ရွက်ရမည်။

(ဇ) အခွန်ထမ်းတစ်ဦး၏ တန်ဖိုးများပြားခြင်းမရှိသော အိမ်ထောင်ပရိဘောဂများနှင့် ကိုယ်ရေးကိုယ်တာအသုံးအဆောင်များကို သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

(ဈ) အခွန်ဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ မည်သည့်တရားစီရင်ရေးအဖွဲ့တွင်မှ ဤဥပဒေအရ အခွန်အရကောက်ခံသော ဆောင်ရွက်မှုများ ဆိုင်းငံ့သည့် ကြားဖြတ်အမိန့်ချမှတ်ပိုင်ခွင့် မရှိစေရ။ သို့သော် အဆိုပါတရားစီရင်ရေးအဖွဲ့သည် မိမိ၏စီရင်ပိုင်ခွင့်အတွင်း ကျရောက်သော အောက်ပါကိစ္စရပ်များ၌ ပစ္စည်းရောင်းချခြင်းကို တားမြစ်သော ကြားဖြတ်အမိန့်ချမှတ်နိုင်သည် -

(၁) ပျက်ကွက်သူ မဟုတ်သောသူက ယင်းပစ္စည်းနှင့် ပတ်သက်၍ စွဲဆိုသည့် အမှုကိစ္စ၊

(၂) ပျက်ကွက်သူကစွဲဆိုသည့်အမှုကိစ္စဖြစ်လျှင် ဤဥပဒေအရ တင်သွင်းထားသည့် အယူခံမှု၊ ပြင်ဆင်မှု သို့မဟုတ် လွှဲအပ်မှုမပြတ်သေးသည့်ကိစ္စ။

**သိမ်းဆည်းပစ္စည်းရောင်းချခြင်း**

၅၉။ (က) ညွှန်ကြားရေးမှူးချုပ်သည် သိမ်းဆည်းထားသည့် ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် လုံလောက်သောအကြောင်းရင်းမရှိပါက အခွန်ကောက်ခံရရှိရန်အလို့ငှာ သိမ်းဆည်းထားသည့်ပစ္စည်းများကို ထုခွဲရောင်းချရမည်။

(ခ) ပုဒ်မခွဲ (က) အရ ရောင်းချရရှိငွေများအနက်မှ ပစ္စည်းသိမ်းဆည်းခြင်းနှင့် ရောင်းချခြင်းကုန်ကျစရိတ်များအတွက် ဦးစွာနုတ်ယူရမည်ဖြစ်ပြီး ယင်းနောက်တွင် ဒဏ်ကြေးငွေ၊ အတိုးနှင့် အခွန်တို့ကို ပေးသွင်းစေကာ ပိုငွေကို အခွန်ထမ်းထံ ပြန်လည်ပေးအပ်ရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေကအပ်နှင်းထားသည့် ထုခွဲရောင်းချခြင်းဆိုင်ရာ အခွင့်အာဏာအရ အများပြည်သူသို့ လေလံတင်ရောင်းချခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသတ်မှတ်နိုင်ပြီး အောက်ပါတို့ကိုလည်း ဆောင်ရွက်နိုင်သည် -

(၁) လေလံကြေးအမြင့်ဆုံးပေးသူက ပေးသွင်းရမည့် စပေါ်ပမာဏငွေကို သတ်မှတ်ခြင်း၊

(၂) ကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း၊

(၃) စပေါ်ငွေပေးသွင်းရမည့်ကာလနှင့် ယင်းကိုပြန်လည်ထုတ်ပေးနိုင်မည့်အခြေအနေများကို သတ်မှတ်ခြင်း၊

(၄) လေလံကြေးအမြင့်ဆုံးပေးသူက လိုအပ်သောစပေါ်ငွေပေးသွင်းရန်သော်လည်းကောင်း၊ လိုအပ်သည့်အချိန်အတွင်း ဝယ်ယူမှုကို ပြီးမြောက်အောင် ဆောင်ရွက်ရန်သော်လည်းကောင်း ပျက်ကွက်လျှင် ဒုတိယလေလံကြေးအမြင့်ဆုံးပေးသူကို အမြင့်ဆုံးလေလံကြေးပေးသူအဖြစ် ပစ္စည်းဝယ်ယူခွင့်ရမည်ဖြစ်ကြောင်း ကြေညာခြင်း။

(ဃ) သိမ်းဆည်းရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သောပစ္စည်းကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့်အချိန်နှင့် နေရာတွင် လေလံတင်ရောင်းချရမည်။ သို့ရာတွင် သိမ်းဆည်းထားသည့် ကုန်စည်သည် ပျက်စီးနိုင်သည့်သဘောသဘာဝရှိသည်ဟု ညွှန်ကြားရေးမှူးချုပ်က ထင်မြင်ယူဆသည့် သို့မဟုတ် ကုန်စည် သို့မဟုတ် ပစ္စည်းပိုင်ရှင်က ဆောလျင်စွာရောင်းချရန် တောင်းဆိုသည့်ကိစ္စမှအပ ကုန်စည် သို့မဟုတ် ပစ္စည်းကို သိမ်းဆည်းသည့်နေ့မှ ၁၄ ရက်အတွင်း ရောင်းချခြင်း မပြုရ။

(င) ဤဥပဒေအရ သိမ်းဆည်းသည့် ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ညွှန်ကြားရေးမှူးချုပ်က သင့်လျော်သည်ဟု ဆုံးဖြတ်သည့်နေရာတွင် ထားရှိခြင်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦး၏လက်ဝယ်တွင် အပ်နှံခြင်းပြုရမည်။

(စ) ပုဒ်မခွဲ (ဃ) အရ ရွှေ့ပြောင်းနိုင်သောပစ္စည်းကို ၁၄ ရက်အတွင်း ရောင်းချခြင်းမှတစ်ပါး သိမ်းဆည်းထားသည့် ကုန်စည်ကိုရောင်းချမည့် နေ့ရက်၊ အချိန်နှင့်နေရာတို့ကို ရောင်းချမည့်ရက်မတိုင်မီ အခွန်ထမ်းသို့ အကြောင်းကြားစာပေးပို့ရမည်ဖြစ်ပြီး တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၆၈ အရ သက်ဆိုင်ရာအခွန်ရုံး၌ ကြော်ငြာစွဲကပ်သည့်နေ့မှ -

(၁) ရွှေ့ပြောင်းနိုင်သောပစ္စည်းဖြစ်ပါက အနည်းဆုံး ၁၅ ရက်၊

(၂) မရွှေ့ပြောင်းနိုင်သောပစ္စည်းဖြစ်ပါက အနည်းဆုံးရက်ပေါင်း ၃၀ ပြည့်ပြီးနောက် ရောင်းချမည်ဖြစ်ကြောင်း သင့်လျော်သည့် နည်းလမ်းဖြင့် ကြေညာရမည်။

(ဆ) ပုဂ္ဂိုလ်တစ်ဦးသည် ရွှေ့ပြောင်းနိုင်သောပစ္စည်း သိမ်းဆည်းခြင်းနှင့် ရောင်းချခြင်းပြုရန် ညွှန်ကြားရေးမှူးချုပ်က စာဖြင့်အတိအလင်း လုပ်ပိုင်ခွင့်ပေးအပ်ထားခြင်းခံရပါက-

(၁) ရွှေ့ပြောင်းနိုင်သောပစ္စည်းကို သိမ်းဆည်းရန် ထုတ်ပြန်ထားသောအမိန့်ကို အတည်ပြုခြင်းနှင့် လိုအပ်ပါက အဆောက်အအုံကို နေ့အချိန်၌ ချိုးဖျက်ဝင်ရောက်ခြင်းပြုနိုင်သည်။

(၂) ပုဒ်မခွဲငယ်(၁) အရ အမိန့်အတည်ပြုခြင်းနှင့် သိမ်းဆည်းခြင်းတို့အတွက် လိုအပ်ပါက သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ထံမှ အကူအညီ တောင်းခံနိုင်သည်။

(ဇ) ဤဥပဒေအရ ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သောပစ္စည်း ပစ္စည်းကို ထုခွဲရောင်းချရာတွင် နည်းလမ်းတကျတာဝန်ပေးအပ်ထားခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းသည် နိုင်ငံတော်အစိုးရကိုယ်စား လေလံဝင်ရောက်ယှဉ်ပြိုင်ခြင်းနှင့် ဝယ်ယူခြင်းပြုနိုင်သည်။

(ဈ) ရောင်းချရန် ကြေညာထားသည့်ပစ္စည်းကို သတ်မှတ်နေ့ရက်တွင် ရောင်းချနိုင်ခြင်းမရှိပါက ရောင်းချနိုင်ရန် ထပ်မံဆောင်ရွက်နိုင်သည်။

(ည) ရောင်းချခြင်းကိုဆောင်ရွက်သည့် ဝန်ထမ်း သို့မဟုတ် အခြားပုဂ္ဂိုလ်သည် ရောင်းချခြင်း၏ရလဒ်ကို ညွှန်ကြားရေးမှူးချုပ်ထံ အစီရင်ခံနိုင်ပြီး ဝယ်ယူသည့်ငွေကြေးကို ပေးချေပြီးပါက ပစ္စည်းကိုဝယ်ယူသူထံလွှဲပြောင်းပေးရန် ညွှန်ကြားရေးမှူးချုပ်က ညွှန်ကြားနိုင်သည်။

(ဋ) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ (ည)အရ တင်သွင်းသည့် အစီရင်ခံစာကို ပြန်လည်သုံးသပ်ပြီး နောက်အစီရင်ခံစာတွင် ဖော်ပြထားသည့် ပစ္စည်းရောင်းချမှုနှင့် စပ်လျဉ်း၍ လိမ်လည်မှု သို့မဟုတ် မလျော်မကန်ပြုမှုရှိသည်ဟုယူဆပါက ရောင်းချခြင်းကို တရားမဝင်ပျက်ပြယ်ကြောင်း ကြေညာနိုင်သည်။

(ဌ) ဤပုဒ်မအရတည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညွှန်ကြားရေးမှူးချုပ်က ဝယ်ယူသူသို့လွှဲပြောင်းမှုကို ဆောင်ရွက်ပြီးသည့်အခါ ရွှေ့ပြောင်းနိုင်သောပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သောပစ္စည်းများအတွက် ယင်းပစ္စည်းနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ပေါ်ပေါက်သည့် တာဝန်ဝတ္တရားများအားလုံးမှ ကင်းလွတ်လျက်ဝယ်ယူသူထံ လက်ရောက်ပေးအပ်ရမည်။

(ဍ) အခွန်အရကောက်ခံရန် ညွှန်ကြားရေးမှူးချုပ်အား ပစ္စည်းထုခွဲရောင်းချခြင်းအတွက် လုပ်ပိုင်ခွင့်ပေးသည့် ဤဥပဒေပါပြဋ္ဌာန်းချက်များတွင် မည်သို့ပင်ဆိုစေကာမူ ရောင်းချမှုကိုအကျိုးသက်ရောက်စေရန် အတည်ပြုထားသည့် ပစ္စည်းလွှဲစာချုပ် သို့မဟုတ် လွှဲပြောင်းမှုသည် နိုင်ငံတော်အစိုးရ၏ ပစ္စည်း၊ အကျိုးစီးပွား သို့မဟုတ် အခွင့်အရေးတစ်စုံတစ်ရာအပေါ် သက်ရောက်မှု မရှိစေရ။

**ပျက်ကွက်သူအား ပေးဆပ်ရန်ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်**

၆၀။ (က) အခွန်ထမ်းကအခွန်ပေးဆောင်ရန် ပျက်ကွက်ပါက ညွှန်ကြားရေးမှူးချုပ်သည် ယင်းအခွန်ထမ်း၏ ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်ထံ အကြောင်းကြားစာကို ပေးပို့အတည်ပြုနိုင်သည်။

(ခ) ပျက်ကွက်သူအား ပေးဆပ်ရန်ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်သည် (အခွန်ထမ်း၏ကိုယ်စားအခွန်ထမ်း၏ အမည်ဖြင့်အကြောင်းကြားစာတွင်ဖော်ပြထားသည့် နေ့ရက်တွင်နောက်ဆုံးထား၍)အကြောင်းကြားစာလက်ခံရရှိလျှင် အောက်ပါတို့အနက် နည်းရာပမာဏထက် မကျော်လွန်သောပမာဏကို ညွှန်ကြားရေးမှူးချုပ်ထံပေးဆောင်ရမည် -

(၁) အခွန်ထမ်းပေးဆောင်ရန် ပျက်ကွက်သည့်ပမာဏ၊

(၂) ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်မှ အခွန်ထမ်းအား ပေးဆပ်ရန်ရှိသည့်ငွေကြေးပမာဏ၊

(၃) အကြောင်းကြားစာတွင်ဖော်ပြထားသော ပမာဏ။

(ဂ) ပုဒ်မခွဲ (က) ပါ အကြောင်းကြားစာကို ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်ထံပေးပို့ရာတွင် အခွန်ပေးဆောင်ရန် သတ်မှတ်သည့်နေ့ရက်သည် အောက်ပါနေ့ရက်တစ်ခုခုမတိုင်မီ မဖြစ်စေရ-

(၁) ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်အနေဖြင့် အခွန်ထမ်းအား ငွေကြေးပေးဆပ်ရမည့်နေ့ သို့မဟုတ် အခွန်ထမ်းကိုယ်စားငွေကြေးကို ထိန်းသိမ်းထားသည့်နေ့၊

(၂) ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်အား အကြောင်းကြားစာပေးပို့အတည်ပြုပြီးသည့်နေ့မှ ၁၅ ရက်အတွင်း။

(ဃ) ပုဒ်မခွဲ (က)အရအကြောင်းကြားစာကိုလက်ခံရရှိသည့်အခါ ကြွေးမြီရှိသူ တတိယပုဂ္ဂိုလ်သည် ညွှန်ကြားရေးမှူးချုပ်က ယင်း၏ အကြောင်းကြားစာကို ရုပ်သိမ်းခြင်း မပြုသရွေ့ အခွန်ထမ်း သို့မဟုတ် အခွန်ထမ်းကိုယ်စား အခြား ပုဂ္ဂိုလ်လက်ဝယ်သို့ မည်သည့်ပမာဏကိုမျှ ပေးအပ်ခြင်းမပြုဘဲ ထိန်းသိမ်းထားရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၁၅)

# သံသယ၏ အကျိုး

**ဦးဟန်ညွန့် (ဥပဒေ)**



**အပြစ်ရှိ၊ မရှိ**

တရားသူကြီးက အပြစ်ဒဏ်မချသရွေ့တရားခံသည် အပြစ်မရှိဟုဆိုသည်။ စွပ်စွဲထားသည့်အမှုနှင့် စပ်လျဉ်း၍ ဖြေရှင်းရဦးမည်။ ထုချေရဦးမည်။ ခုခံချေပခွင့် အပြည့်ရှိသည်။ စွဲချက်တင်သည့် အမှုအတွက် ဖြေရှင်းခြင်း၊ သက်သေပြခြင်းသည် ခုခံချေပခွင့် ဖြစ်သည်။ ခုခံချေပခွင့်ကို ဥပဒေနှင့်အညီ ရရှိသည်။

**သံသယ**

သံသယမရှိစေရ အထင်နှင့်မစွပ်စွဲရ၊ ထင်မြင်ချက်နှင့် မယိုးစွပ်ရ၊ သေချာရမည်။ တိကျရမည်။သို့မှသာ သံသယကင်းမည်။ သံသယရှိလျှင် မယုံကြည်တော့ပါ။ မသေမချာ၊ မရေမရာ၊ သံသယအကျိုးကို တရားခံ ခံစားရမည်။ ဥပဒေနှင့်မညီလျှင် အပြစ် မပေးရ။

**အခြေခံလိုအပ်ချက်**

အလွယ်တကူမစွပ်စွဲနှင့်။ သံသယနှင့်မပြောနှင့်။ သက်သေရှိရဲ့လား။ တကယ်မြင်တာ ဟုတ်ရဲ့လား။ တကယ်လုပ်တာ မှန်ရဲ့လား။ ဥပဒေပုဒ်မ ဘယ်အင်္ဂါရပ်နှင့် ညီညွတ်သလဲ။ တိတိကျကျပြော။ ရှင်းရှင်းလင်းလင်းစွပ်စွဲ။ သံသယကင်းရမည်။ ဆင်ခြင်တုံတရားနှင့် ပြည့်စုံရမည်။ ယုံကြည်မှုပြည့်ဝရမည်။

**တရားမမှု**

ဖြစ်မှုမှာသာမက တရားမမှုများတွင်လည်း သက်သေထင်ရှားပြဖို့ လိုသည်။

**သက်သေခံအက်ဥပဒေပုဒ်မ ၁၀၂**

တရားမမှု တစ်မှု သို့မဟုတ် အမှုအခင်းတစ်ခုတွင် အမှုသည် နှစ်ဦးနှစ်ဖက်အနက် မည်သည့်ဘက်ကမျှ သက်သေထင်ရှားတင်ပြခြင်းမရှိပါက သက်သေထင်ရှားပြရမည့် တာဝန်သည် တရားရှုံးမည့်အမှုသည်အပေါ် ကျရောက်သည်။

**မောင်တင်မြစီရင်ထုံး**

လူသတ်မှုတစ်မှုတွင် အခြားသက်သေများကို ပယ်၍ သံသယဖြစ်စေနိုင်သော မျက်မြင်သက်သေတစ်ဦးတည်း၏ ထွက်ချက်ဖြင့် ပြစ်ဒဏ်ပေးခြင်းမှာ မသင့်လျော်ချေ။ ပြင်ပ၌ အမှုမှန်သည်၊ မှားသည်ကို ထည့်သွင်းမစဉ်းစားဘဲ တရားရုံးတော်၏ ရှေ့မှောက်တွင် ထွက်ဆိုသောသက်သေခံချက်များအပေါ် မူတည်၍ ၎င်းသက်သေခံချက်များကို ချိန်ဆပြီး တရားခံအား ပြစ်ဒဏ်ချမှတ်ရသဖြင့် ထိုသက်သေခံချက်တွင် သံသယဖြစ်ပေါ်စေရန် အချက်အလက်များရှိပါက သံသယ၏အကျိုးကို တရားခံသာ ခံစားခွင့်ရှိသည်။

[မောင်တင်မြနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆၊ မတစ၊ စာ-၆၄၄]

**မောင်စောဘွားစီရင်ထုံး**

ကြီးလေးသော သေဒဏ်ထိုက်သင့်သည့်အမျိုးတွင် လုံးဝယုံကြည်လက်ခံနိုင်ရန် ခဲယဉ်းသည့် သက်သေတစ်ဦးတည်း၏ ထွက်ဆိုချက်အပေါ်မူတည်၍ အပြစ်ပေးရန် မသင့်လျော်။ သံသယအကျိုးခံစားခွင့်ရှိသည်။

[မောင်စောဘွားနှင့် ပထစ၊ ၁၉၆၄၊ မတစ၊ စာ-၆၈၆]

**နိုင်ငံတကာစံနှုန်း**

ရာဇဝတ်ကြောင်းဖြင့် တရားစွဲခံရသူတိုင်းသည် အပြစ်ရှိသည်ဟု ဥပဒေအရ သက်သေထင်ရှားမပြနိုင်သရွေ့ ၎င်းသည် အပြစ်မရှိဟု မှတ်ယူခံပိုင်ခွင့်ရှိသည်။

[ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၁၄ (၂)]

**ဝန်ခံမလား**

သာဓက အမှုတစ်မှုတွင်ဖြစ်သည်-ခုခံချေပသူ (တရားခံဟု ဆိုကြပါစို့) အား အပြစ်ဝန်ခံမလား။

အပြစ်ဝန်ခံပါက ထောင်ဒဏ်တစ်နှစ်သာ ကျခံရမည်။ ဝန်မခံပါက သုံးနှစ်ကျမည်ဟု တရားသူကြီးတစ်ဦးက ဆိုသည်။ တရားခံက ဝန်ခံခဲ့ပါသည်...တဲ့။

သူကြောက်၍ ဝန်ခံခဲ့ကြောင်း သူ့ရှေ့နေကို နောင်တွင် ပြောပြခဲ့ပါသည် ... တဲ့။ ဤ ဖြစ်ရပ်မျိုး အမှန်တကယ်ဖြစ်ခဲ့ပါသည်ဟု တင်ပြချက်များ ရှိသည်။

မျှတသော တရားခွင်ဖြစ်ပါသလား။

ကြားနာစစ်ဆေးမှု မျှတပါသလား။။

ဥပဒေအခွင့်အရေး ရရှိပါသလား။

လေးစားလိုက်နာမှု မလိုအပ်ဘူးလား။



မေးမြန်းကြသည်။ စိစစ်ကြသည်။

ဆွေးနွေးကြသည်။

**ခုခံချေပခွင့်၏အနှစ်သာရ**

ခုခံချေပခွင့်၏အနှစ်သာရသည် ဘာလဲ။ သက်သေသည် ဘာလဲ။ ရှေ့နေသည်ဘာလဲ။ တရားရုံးသည်ဘာလဲ။ စံချိန်စံညွှန်းသည် ဘာလဲ။ ဥပဒေအရာရှိများ၏ တာဝန်သည်ဘာလဲ။ တရားခွင်စာရေး၏အခန်းကဏ္ဍသည် ဘာလဲ။ တရားဝင်မဟုတ်သော အခကြေးငွေများပေးရဆဲလား။

**အများပြည်သူရှေ့မှောက်**

အများပြည်သူရှေ့မှောက်တွင် တရားစီရင်နေပါသည်။ ယင်းသို့စီရင်နေကြောင်း အများပြည်သူမြင်စေရပါသည်။ တရားမျှတခြင်း၊ မမျှတခြင်းကို ပိုင်းခြားနိုင်ပါသည်။ သံသယသည် သံသယမျှသာ ဖြစ်ပါသည်။ သံသယအကျိုးကို တရားခံ (စွပ်စွဲခံရသူ) ခံစားစေလျက်ပါ။ လူသိရှင်ကြား တရားခွင်ရှေ့မှာ စီရင်ချက်ချမှတ်လျက်ပါ။

**ဆွေးနွေးပွဲများ**

တရားဥပဒေစိုးမိုးရေး ဆွေးနွေးပွဲများစဉ်ဆက်မပြတ် ကျင်းပလျက်ရှိပါသည်။ တာဝန်ရှိသူအသီးသီး၏ ထွန်းတောက်သော အကြံဉာဏ်၊ ရှေ့သို့လှမ်းမည့်အောင်မြင်မှု ခရီးပန်းတိုင်များ၊ အခက်အခဲကိုဖြတ်ကျော်မည့် ဥပဒေစံနှုန်းများ၊ အတွေ့အကြုံကြွယ်ဝသော ပညာရှင်ကြီးများ၊ မူဝါဒဆိုင်ရာ ခေါင်းဆောင်ကြီးများ၏ လမ်းညွှန်ချက်တို့သည် တရားဥပဒေစိုးမိုးရေး ပန်းတိုင်ကြီးဖြစ်ပါပေသည်။ **[မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းများ (၂၀၁၈) ကောက်နုတ်ချက်]**

**စေတနာ**

"သံသယအကျိုး တရားခံ ခံစားပါစေ" ဟူသောစီရင်ထုံးလမ်းညွှန်များကို ဥပဒေသမားတိုင်းသိရှိလက်ခံကြပါသည်။ တရားဥပဒေ၏ အနှစ်သာရသည် အားရခုံမင်ဖွယ်ရာဖြစ်ကြောင်း တွေးမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ .... ။ ။

**"အလွယ်တကူမစွပ်စွဲနှင့်၊ သံသယနှင့်မပြောနှင့်၊ သက်သေရှိရဲ့လား၊ တကယ်မြင်တာ ဟုတ်ရဲ့လား၊ တကယ်လုပ်တာ မှန်ရဲ့လား၊ ဥပဒေပုဒ်မ ဘယ်အင်္ဂါရပ်နှင့် ညီညွတ်သလဲ၊ တိတိကျကျပြော၊ ရှင်းရှင်းလင်းလင်း စွပ်စွဲ၊ သံသယ ကင်းရမည်၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံရမည်"**

---

# ငှက်တံငါ (ခေါ်) တင်ကျီးငှက်အကြောင်း တစေ့တစောင်း


ကသာမြို့နယ် ဧရာဝတီမြစ်အတွင်း ရာသီအလိုက် ပြောင်းရွှေ့နေထိုင်တတ်ပြီး နှုတ်သီးကိုအားပြု၍ ရေစပ်ရေအောက်၌ အဖော်မပါ တစ်ကောင်တည်း ငုပ်၍ ငါးရှာဖွေ စားသောက်ရာတွင် ကျွမ်းကျင်သည့် ငှက်တံငါ၊ ခေါ် တင်ကျီးငှက်များပျော်ရာ ကသာမြို့နယ် ဧရာဝတီမြစ်တွင် အလွန် လျော့နည်းကျဆင်းလာကြောင်း လေ့လာသိရှိရသည်။

တင်ကျီးငှက်သည် မြစ်နှင့်အင်းအိုင်ထဲ၌ လည်းကောင်း၊ သစ်ပင်အမြင့် ၁၅ပေ ၂၀ ကျော်ရှိ သစ်ကိုင်းများတွင် ကျူရိုး၊ ရေမျော၊ ဒိုက်များဖြင့် ကုက္ကိုပင်၊ မန်ကျည်းပင်၊ သရက်ပင်၏သစ်ခက်များဖြင့် အသိုက်အမြုံဆောက်၍ နေတတ်ကြပြီး သားပေါက်ချိန်နီးပါက ပါးပြင်နှစ်ဖက် နံဘေးမှာဖြူဖွေးနေလျက် အသံမပြုဘဲ နေတတ်သည်။

အဆိုပါ ငှက်သည် စလုတ်နှစ်မျိုးရှိသည့်အတွက် ရေငုပ်ရာတွင် တစ်နာရီကြာရေငုပ်နေနိုင်သဖြင့် တင်ကျီးတစ်ဝမ်း၊ ဗျိုင်းတစ်ဝမ်းရှိသော ငှက်ဖြစ်သည်။ ရေပေါ်သို့ ပျံတက်ပါက အတောင်ပံအမွေးထူသဖြင့် ရင်အုပ်နှင့် ကြွက်သားများကို အားပြုကာ ပြင်းပြင်းထန်ထန်ခတ်၍ ပျံတက်ခြင်းရှိပြီး လမ်းလျှောက်ခြင်းမရှိပေ။ သစ်ပင်များပေါ်သို့ ပျံလျှင် သစ်ကိုင်းကို နိမ့်ချီမြင့်ချီပြုပြီး အားပြုကာ ပျံသန်းကာ ရေစပ်၌ ငါးများ ရှာဖွေစားသောက်လေ့ရှိသော ငှက်အမျိုးအစားဖြစ်သည်။

ကသာမြို့နယ်အနီးရှိ ဧရာဝတီမြစ်အတွင်း၌ ငှက်မျိုးရင်းတူသော်လည်း အခြားငှက်များနှင့် မတူညီဘဲ လူတို့စိုက်ပျိုးထားရှိသော သီးနှံများကို ကိုက်ယူခြင်း၊ ဖျက်ဆီးခြင်းမရှိပေ။ သဲသောင်ရေစပ်တွင် သီးခြားနေထိုင်ကျက်စားလျက် တစ်ခါတစ်ရံ၌ နှစ်ကောင်တွဲနေထိုင်ခြင်းရှိသလို တစ်ကောင်တည်းနေထိုင်၍လည်း အစာရှာဖွေစားသောက်တတ်ပြီး ငှက်များစွာနှင့် မတူသဖြင့် ငှက်မုဆိုးဟုလည်း ခေါ်ကြသည်။

ကသာမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်သည် ခရီးသွားလုပ်ငန်းဆောင်ရွက်ကြသော ဒေသတစ်ခုတွင် ပါဝင်သဖြင့် ဧရာဝတီမြစ်အတွင်း၌ ရေဘဲ၊ ဗျိုင်း၊ လင်းဝက်၊ ရေဘုတ်ငှက်၊ မြီးညှောင့်ငှက်၊ မိုးစားငှက်၊ ပျံလွှားငှက်၊ ရေကြက်၊



လင်းမြီးဆွဲငှက်၊ သပိတ်လွယ်ငှက်၊ ဗျိုင်းအောက်၊ ငှက်စိမ်း စသည့်ငှက်များမှာ မြစ်ကမ်း သဲသောင်စပ်များတွင် နေထိုင်လျက်ရှိကြောင်းတွေ့ရသည်။

အဆိုပါငှက်အများစုမှာ ယခင်က ဧရာဝတီမြစ်မှ နှစ်ကောင်တွဲသော်လည်းကောင်း၊ တစ်ကောင်တည်းသော်လည်းကောင်း သဲသောင်စပ်များတွင် တွေ့ရသည်။ မြစ်ကမ်း ချောင်းကမ်းများ၌ လူနေထူထပ်လာပြီး ဈေးကွက်စီးပွားရေးအရ သီးနှံအဓိကစိုက်ပျိုးရာတွင် အထောက်အကူဆေးဝါးများ သုံးစွဲလာကြသည့်အတွက် တင်ကျီးငှက်များ ဧရာဝတီမြစ်တွင်းသို့ လာရောက်မှု လျော့နည်းလာကြောင်း လေ့လာဆန်းစစ်မှုနှင့် စာပေကျမ်းများမှ ပေါင်းစပ်ရေးသား ဖော်ပြလိုက်ပါသည်။

**ငွေအိုး (ကသာ)**

**လူနေထူထပ်လာပြီး ဈေးကွက်စီးပွားရေးအရ သီးနှံအဓိက စိုက်ပျိုးရာတွင် အထောက်အကူဆေးဝါးများ သုံးစွဲလာကြသည့်အတွက် တင်ကျီးငှက်များ ဧရာဝတီမြစ်တွင်းသို့ လာရောက်မှု လျော့နည်းလာ**

---

## ယာဉ်စည်းကမ်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သီပေါ ဧပြီ ၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်သည် မန္တလေး-လားရှိုး-မူဆယ်သွား ပြည်ထောင်စုလမ်းမကြီးပေါ်၌ တည်ရှိပြီး အချက်အချာကျသည့်အပြင် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ အများဆုံးဖြတ်သန်းသွားလာရာ မြို့တစ်မြို့ဖြစ်သည်။

သို့ဖြစ်ရာ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အမှတ် ၁၂၀ ယာဉ်ထိန်းရဲတပ်ဖွဲ့စု (သီပေါ) တပ်ဖွဲ့စိတ်မှ တပ်ဖွဲ့ဝင်များသည် မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကျော်နှင့်ပူးပေါင်းအဖွဲ့ ဧပြီ ၃ ရက်မှစတင်ကာ လမ်းမတော်လမ်းနှင့် မိုင်းပွန်လမ်းဆုံ စာတိုက်အနီးမီးပွိုင့်တွင် ဆိုင်ကယ်ဦးထုပ်မဆောင်းသူများ၊ အသံကျယ်အိတ်ဇောတပ်ဆင်အသုံးပြုသူများ၊ နှစ်ဦးထက်ပိုစီးသူများစုဝေး၍ မြေပြင်တွင် လက်တွေ့ ပညာပေးဟောပြောကာ ဆိုင်ကယ်စီးဦးထုပ်အား ပြည့်စုံစွာဆောင်းခိုင်းစေခြင်း၊ အသံကျယ်အိတ်ဇောများအား အသစ်လဲလှယ်တပ်ဆင်စေခြင်းများ ပြုလုပ်စေပြီး မဟာသင်္ကြန်ကာလ ဆောင်ရန်၊ ရှောင်ရန်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များပါ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိုင်း (သီပေါ)**

---

## ထရန်စဖော်မာအသစ် တိုးချဲ့တည်ဆောက်



**ပြည် ဧပြီ ၅**

သာယာဝတီခရိုင် တာပွန်မြို့လျှပ်စစ်မှူးရုံး၏ အုပ်ချုပ်မှု နယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားဗို့အား ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် တာပွန်မြို့ မင်းတဲလမ်းတွင် ၁၁/၀ ဒသမ၄ ကေဗွီအေ ထရန်စဖော်မာတစ်လုံး အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၇-၂၀၁၈ တိုင်းဒေသကြီးဘတ်ဂျက် ခွင့်ပြုရန်ပုံငွေဖြင့် မြို့လျှပ်စစ်မှူး ဦးဝင်းနိုင်ဦး ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများ ဆောင်ရွက်ခဲ့ရာ ဧပြီ ၁ ရက်က လုပ်ငန်းအားလုံး၏ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **မြင့်နိုင် (ပြည်)**

၂၀၁၆ ခုနှစ်က ကစားခဲ့တဲ့ အာဆင်နယ်၊ မစ်ဂျီလန်တို့ပွဲစဉ်မှာ အသိအမှတ်ပြုဖွယ်ကောင်းတဲ့ သွင်းဂိုးနဲ့အတူ ရက်ရှ်ဖို့ဒ်ဟာ မန်ယူရဲ့ စီနီယာအသင်းမှာ စတင်ကစားခွင့်ရခဲ့တယ်။ ဒါဟာ အင်္ဂလန်လူငယ်ကစားသမားတစ်ဦးရဲ့ထိပ်တန်းမန်ယူအသင်းကို ကစားခွင့်ရတဲ့ ပထမဦးဆုံး ခြေလှမ်းလို့လည်း ပြောရမယ်။ ဒါပေမယ့်မန်ယူအသင်းနဲ့အတူ ပွဲ ၁၀၀ လောက် ကစားပြီးချိန်မှာတော့ သူ့ရဲ့အခြေအနေဟာ ဒီထက်ပိုပြီး တိုးတက်မှုတွေရှိသင့်ပေမယ့် မတိုးတက်ခဲ့ဘူး။ ဒါဆိုရင် သူ့အနေနဲ့ အလားအလာကောင်းတွေအတွက် မန်ယူအသင်းကို စွန့်ခွာသင့်ပြီလား။ အရာအားလုံးဟာ စဉ်းစားစရာ ကောင်းနေတာကြောင့် ဒီမေးခွန်းနဲ့ပတ်သက်ပြီး အဖြေပေးဖို့ခက်တယ်။ ဒါပေမယ့် သူသာ မန်ယူအသင်းကို စွန့်ခွာမယ်ဆိုရင်လည်း ပိုကောင်းလာနိုင်တဲ့အချက်တွေလည်းရှိတယ်။ အခုတော့ ရက်ရှ်ဖို့ဒ်အသင်းကနေ ထွက်ခွာမယ်ဆိုရင် ပိုကောင်းလာနိုင်တယ်ဆိုတဲ့အချက်ကို ကောက်နုတ်ဖော်ပြလိုက်ပါတယ်။

# သရဲနီကို စွန့်ခွာချိန်တန်နေပြီဖြစ်တဲ့ ရက်ရှ်ဖို့ဒ်

● **အောင်က**

မန်ယူအသင်းကို ရက်ရှ်ဖို့ဒ် စွန့်ခွာသင့်တဲ့ အကြောင်းအရာ ကြီးကြီးမားမားကို ပြပါဆိုရင်တော့ သူ့အနှစ်သက်ဆုံးနေရာမှာ မကစားရခြင်းကြောင့်လို့ ပြောရမယ်။ သူဟာ မန်ယူအသင်းမှာ ၂၀၁၅-၁၆ ခုနှစ်မှာတော့ ပရီမီယာလိဂ်ဇာတ်ခုံပေါ်ရောက်လာတယ်။ သူဟာအသင်းအတွက် အကောင်းဆုံး ကစားပေးခဲ့ပေမယ့် သူ့အနှစ်သက်ဆုံးနေရာဖြစ်တဲ့ တိုက်စစ်မှူး၊ ဂိုးသွင်းရှင်နေရာကိုတော့ ကစားခွင့်မရဘူး။ သူစတင်ပွဲထွက်ကစားခွင့်ရတဲ့နှစ်ကဆိုရင် ပြိုင်ပွဲစုံမှာတော့ ရှစ်ဂိုးသွင်းယူပေးပြီး ဂိုးရရှိအောင် နှစ်ကြိမ်ပံ့ပိုးပေးနိုင်ခဲ့တယ်။ အရေးကြီးတဲ့အချက်ကို ပြောရမယ်ဆိုရင်လည်း သူဟာမန်ယူအသင်းအတွက် အရေးပါတဲ့ အဓိကအစိတ်အပိုင်းအဖြစ်ရှိနေတာ ဖြစ်တယ်။ ပြီးခဲ့တဲ့ ရာသီကဆိုရင် ဗီလာ၊ အာဆင်နယ်၊ မန်စီးတီးအသင်းတို့နဲ့ ယှဉ်ပြိုင်ခဲ့တဲ့ပွဲတွေမှာဆိုရင် သူဟာအသင်းအတွက် အနိုင်ပွဲတွေ မယူပေးခဲ့ဘူးဆိုရင် မန်ယူအသင်းရဲ့ရပ်တည်မှုဟာအဆင့် ၆ နေရာမှာတောင် ရှိမှာမဟုတ်ဘူးလို့ ပြောရမယ်။ ဒါ့အပြင် ပြိုင်ပွဲစုံ ၅၂ ပွဲပါဝင်ကစားပေးပြီး ၁၁ ဂိုးသွင်းယူပေးကာ ခြောက်ဂိုးပံ့ပိုးပေးထားတာကို ကြည့်မယ်ဆိုရင်တော့ သူ့ရဲ့ခြေစွမ်းဟာ ထိပ်တန်းမရှိသေးဘူးဆိုတာကတော့ သေချာတယ်။ ဒီနှစ်ရာသီမှာဆိုရင်လည်းသူဟာ ၄၁ ပွဲမှာ ၁၂ ဂိုးသွင်းယူပေးပြီး ဂိုးရရှိအောင် ကိုးကြိမ်တိုင် ပံ့ပိုးပေးထားတယ်။ တိုးတက်မှုတွေ ရရှိနေတယ်။ သူ့အနေနဲ့ ဒီထက်ပိုပြီး ကောင်းအောင်ကစားနိုင်ဖို့အတွက် ကြီးမားတဲ့ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေရှိသင့်တယ်လို့တော့ ပြောရမယ်။ ဒါကြောင့် သူ့ရဲ့အနှစ်သက်ဆုံးနေရာမှန် ကစားနိုင်ဖို့အတွက် အသင်းကနေ ထွက်ခွာရမယ်လို့သာ ဆိုရမှာပါ။

**အသက်အရွယ်**

ရက်ရှ်ဖို့ဒ်ရဲ့ လက်ရှိအသက်က အသက် ၂၀။ အသက်ဟာ လာမယ့် အောက်တိုဘာလမှ ၂၁ နှစ်ပြည့်မှာ ဖြစ်တယ်။ သူ့ရဲ့ လက်ရှိအရည်အချင်းနဲ့ အသက်အရွယ်ကတော့ ခေါ်ယူချင်တဲ့ အသင်းကမရှားဘူးလို့ ပြောရမယ်။ သူ့အနေနဲ့ အကောင်းဆုံးနေ့ရက်တွေကို ပိုင်ဆိုင်ဖို့ဆိုရင်တော့ ရှေ့က ဥပမာတွေကို ကြည့်ရမယ်လို့ ဆိုရမယ်။

**ပုံမှန်ကစားခွင့်မရခြင်း**

မော်ရင်ညိုဆိုတဲ့ စပါယ်ရှယ်ဝမ်းဟာ လူငယ်ကစားသမားတွေကို မြေတောင်မြှောက်ပေးဖို့ နှစ်သက်သူမျိုးမဟုတ်ဘူး။ သူ့ရဲ့ လက်အောက်မှာတော့ လူငယ်ကစားသမား အများစုက ရုန်းကန်ကြရတယ်။ သူဟာ အသင့်ကစားနိုင်တဲ့ အကောင်းဆုံးကစားသမားတွေကိုသာ နှစ်သက်တဲ့ သူမျိုးလည်းဖြစ်တယ်။ မော်ရင်ညိုရဲ့ပုံစံကိုက လူငယ်ကစားသမားတွေကို ပြုစုပျိုးထောင်ပြီး အသင်းရဲ့ အောင်မြင်မှုကို ရယူချင်တဲ့သူမျိုး မဟုတ်ဘူး။ သူဟာ အဲဒီလိုလုပ်ရတာကိုလည်း စိတ်မရှည်ဘူး။ နည်းပြတိုင်းမှာတော့ သူတို့ရဲ့ကိုယ်ပိုင်ပုံစံတွေရှိနေတာကြောင့် ဒါကတော့အပြစ်လို့မဆိုသာဘူး။ ဒါပေမယ့် အဲဒီလိုအချက်ဟာ လူငယ်ကစားသမားတွေအတွက်တော့ အဟန့်ဖြစ်စေတာအမှန်လို့ ပြောရမယ်။ ရက်ရှ်ဖို့ဒ်အနေနဲ့ မန်ယူအသင်းမှာ ပွဲထွက်ကစားရတဲ့ပွဲတွေများတယ်ဆိုတာကတော့ မှန်တယ်။ ဒါပေမယ့်သူ့ကို အရေးပါတဲ့ကစားသမားတစ်ဦးအဖြစ် ဆက်ဆံမခံရတာကလည်းအဖြစ်မှန်လို့ ဆိုရမယ်။ လက်ရှိအချိန်မှာတော့သူ ဟာဆန်းချက်ဇ်ပြီးမှသာ အသင်းမှာ ပါဝင်ကစားနေခွင့်ရနေတယ်။ ဒါတွေကြောင့် မန်ယူအသင်းမှာ သူ့အတွက်တော့ ပုံမှန်ကစားခွင့်ရနိုင်ဖို့ခက်ခဲတယ်။ ပုံမှန်ကစားခွင့်ခက်ခဲရင် သူ့အနေနဲ့ ခြေစွမ်းပြဖို့တော့ ပိုခက်ခဲလာနိုင်တယ်။


ထိပ်တန်းအသင်းကြီးရဲ့ ထိပ်တန်းကစားသမားတွေကြားထဲမှာလည်း ကောင်းကောင်းဝင်ကစားနိုင်တဲ့ အရည်အချင်းရှိနေတယ်။ ဒါကြောင့် သူ့အသက်၊ သူ့အရွယ်၊ သူ့အရည်အချင်းနဲ့ အခြားအသင်းတစ်သင်းသင်းမှာတော့ ကောင်းကောင်းနေရာရနိုင်တယ်။ ဥပမာအနေနဲ့ ပြောရမယ်ဆိုရင် မန်ယူတိုက်စစ်မှူးဖြစ်တဲ့ လူကာကူကိုပဲကြည့်။ သူဟာချယ်လ်ဆီးအသင်းနဲ့ ခြေစွမ်းပြဂိုးတွေ မသွင်းယူနိုင်ပေမယ့် ဝက်စ်ဘရွန်းနဲ့ အဲဗာတန်တို့မှာ အငှားနဲ့ကစားပြီး ထိပ်တန်းခြေစွမ်းတွေရလာတယ်။ ဒါကို ကြည့်မယ်ဆိုရင် လူကာကူဟာ ချယ်လ်ဆီး အသင်းကြီးမှာတော့ နေရာမရခဲ့ပေမယ့် အခြားအသင်းကိုရောက်တော့ သူ့ရဲ့ခြေစွမ်းကောင်းမွန်မှုကြောင့် နေရာ မပျောက်ခဲ့ဘူးလို့ ပြောရမယ်။ ဒီဥပမာမျိုးကို ရက်ရှ်ဖို့ဒ်အနေနဲ့ ကြည့်သင့်တယ်။ ရက်ရှ်ဖို့ဒ်ရဲ့

ဒါတွေကြောင့်လည်း ရက်ရှ်ဖို့ဒ်အနေနဲ့ ကစားချင်တဲ့နေရာ၊ ပုံမှန်ကစားခွင့်တွေ ရဖို့ဆိုရင်တော့ သရဲနီ အသင်းကိုတော့ စွန့်ခွာရမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာလည်း သူ့ရဲ့ အသက်ဟာ ၂၀ ကျော်သာရှိနေသေးတာကြောင့် ရက်ရှ်ဖို့ဒ်အနေနဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့အတွက် မန်ယူအသင်းကိုသာ ရဲရဲကျော့ခိုင်းသင့်တယ်လို့သာ ပြောလိုက်ချင်ပါတယ်။




**ရက်ရှ်ဖို့ဒ်ရဲ့အသက်ဟာ လာမယ့် အောက်တိုဘာလမှ ၂၁ နှစ်ပြည့်မှာဖြစ်တယ်။ သူ့ရဲ့လက်ရှိ အရည်အချင်းနဲ့ အသက်အရွယ်ကတော့ ခေါ်ယူချင်တဲ့ အသင်းကမရှားဘူးလို့ ပြောရမယ်။**

## ရိုဒရီဂွက်ဇ်အား အပြီးသတ်ခေါ်ယူရန် အလျင်အမြန် လုပ်ဆောင်သွားမည်မဟုတ်ဟု ဘိုင်ယန်အမှုဆောင်အရာရှိပြောဆို




ဂျာမနီကလပ် ဘိုင်ယန်မြူးနစ် အသင်းအနေဖြင့် ကွင်းလယ်တိုက်စစ် ကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်အား အပြီးသတ်ခေါ်ယူရေးကို အလျင်အမြန် လုပ်ဆောင်သွားမည်မဟုတ်ကြောင်း ဘိုင်ယန် မြူးနစ်အသင်း အမှုဆောင်အရာရှိ ကားလ်ဟိန်းရူမင်နစ်ဂ ထုတ်ဖော်ပြောဆိုလိုက်သည်။

ကိုလံဘီယာကစားသမား ရိုဒရီဂွက်ဇ်သည် ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ဇူလိုင်လအတွင်းတွင် ရီးရဲမက်ဒရစ်အသင်းမှ ဘိုင်ယန်မြူးနစ်သို့ နှစ်နှစ်သက်တမ်းရှိ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။ ဘိုင်ယန်နှင့် ရီးရဲအသင်းတို့ ချုပ်ဆိုခဲ့သည့် စာချုပ်တွင် ဘိုင်ယန်မြူးနစ် အသင်းအနေဖြင့် ရိုဒရီဂွက်ဇ်အား ပေါင် ၃၇ သန်းဖြင့် အပြီးသတ်ဝယ်ယူခွင့်ရှိသည်ဆိုသည့် အချက်ကို ထည့်သွင်းချုပ်ဆိုထားသည်။

အသက် ၂၆ နှစ်အရွယ်ရှိ ရိုဒရီဂွက်ဇ်သည် ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့လာခဲ့ပြီး နောက်ပိုင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ကာ ယခုနှစ်ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် စုစုပေါင်း ငါးဂိုးသွင်းယူထားပြီး အသင်းဖော်များ ဂိုးသွင်းယူနိုင်ရန် ၁၀ ကြိမ်အထိ ဖန်တီးပေးထားနိုင်သူဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် စက်တင်ဘာလကုန်ပိုင်းတွင် ဘိုင်ယန်မြူးနစ်အသင်းက နည်းပြ အန်ဆယ်လော့တီအား ရာထူးမှ ထုတ်ပယ်ပြီးနောက် နည်းပြသစ်အဖြစ် ဂျက်ပေးနက်စ်အား ခန့်အပ်ခဲ့ပြီးနောက်ပိုင်းတွင် ရိုဒရီဂွက်ဇ်သည် ဘိုင်ယန်မြူးနစ်အသင်း ကစားသမားများအနက် ဂိုးသွင်းခွင့် ဖန်တီးပေးနိုင်မှုအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်သည်။

ဘိုင်ယန်အသင်း အမှုဆောင်အရာရှိ ရူမင်နစ်ဂက "ရိုဒရီဂွက်ဇ်ရဲ့ စာချုပ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ရှင်းရှင်းလင်းလင်း သိရှိထားပါတယ်၊ ဘိုင်ယန်အသင်းနဲ့ ရီးရဲမက်ဒရစ်တို့ဟာ နှစ်နှစ်သက်တမ်းရှိတဲ့အငှားစာချုပ်ချုပ်ဆိုထားသလို အပြီးသတ်ဝယ်ယူဖို့ အခွင့်အရေးလည်းရှိနေတယ်၊ ဒါပေမယ့် ကျွန်တော်တို့ အလျင်စလို လုပ်ဆောင် သွားမှာမဟုတ်ပါဘူး"ဟု ပြောဆိုခဲ့သည်။

ရိုဒရီဂွက်ဇ်အား ဘိုင်ယန်မြူးနစ် အသင်းသို့ ခေါ်ယူပေးခဲ့သူ နည်းပြ အန်ဆယ်လော့တီကိုလည်း ကျေးဇူး တင်ရှိကြောင်း ရူမင်နစ်ဂက ဆက်လက်ပြောဆိုခဲ့သည်။

"ရိုဒရီဂွက်ဇ်ရဲ့ ခြေစွမ်းပိုင်း တိုးတက်လာမှုအတွက် ကျွန်တော်တို့ အလွန်ပျော်ရွှင်ရပါတယ်၊ အထူးသဖြင့် နည်းပြ ဟေးနက်တာဝန်ယူပြီးနောက် ပိုင်းမှာပေါ့၊ ရိုဒရီဂွက်ဇ်ကို ခေါ်ယူနိုင် ခဲ့ခြင်းဟာ ဘိုင်ယန်အသင်းအတွက် အလွန်ကောင်းမွန်တဲ့ အပြောင်းအရွှေ့ တစ်ခုဖြစ်ခဲ့ပါတယ်၊ ဒီအတွက် နည်းပြ အန်ဆယ်လော့တီကို ထပ်ပြီးကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်"ဟု ရူမင်နစ်ဂက ပြောဆိုခဲ့သည်။

**ထက်အောင်**

## လီဗာပူးခံစစ်မှူး ဂျိုးမာတစ် ရာသီကုန်ချိန်အထိ အနားယူရဖွယ်ရှိ




ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်း ဗဟိုခံစစ်မှူး ဂျိုးမာတစ်သည် ပေါင် ဒဏ်ရာအတွက် ခွဲစိတ်ကုသရန် လိုအပ်နေကြောင်း လီဗာပူးအသင်းဆေးအဖွဲ့မှ သတင်း ထုတ်ပြန် ကြေညာလိုက်သည်။

ကင်မရွန်း ကစားသမား ဂျိုးမာတစ် (၂၆နှစ်) သည် ဒဏ်ရာကြောင့် ခွဲစိတ်ကုသမှုခံယူခဲ့ရပါက ယခုနှစ် ဘောလုံးရာသီကုန်ချိန်အထိ အနားယူရဖွယ်ရှိနေသည်ဟု ဆိုသည်။ ခံစစ်မှူး မာတစ်သည် ပြီးခဲ့သည့် မတ် ၃၁ ရက်က လီဗာပူးအသင်းက အဝေးကွင်း၌ ခရစ္စတယ်ပဲလေ့စ် အသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့သော်လည်း ပွဲပြီးချိန်အထိ ပါဝင်ကစားခဲ့သူဖြစ်သည်။ ပွဲအပြီးတွင်မူ လီဗာပူးဆေးအဖွဲ့တာဝန်ရှိသူများက ခံစစ်မှူး မာတစ်သည် အဆိုပါဒဏ်ရာအတွက် ခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ခံစစ်မှူး ဂျိုးမာတစ်သည် ယခုနှစ် ဘောလုံးရာသီတွင် လီဗာပူးအသင်းအတွက် အဓိက ကစားသမားများအနက်မှ တစ်ဦးအဖြစ် ပါဝင်နေသူဖြစ်ပြီး လီဗာပူးအသင်းအတွက် စုစုပေါင်း ၃၅ ပွဲ ပါဝင်ကစားထားကာ ပွဲထွက်ကစားသမားအဖြစ် ၃၁ ပွဲ ပါဝင်ခွင့် ရရှိထားသူဖြစ်သည်။ ခံစစ်မှူး ဂျိုးမာတစ် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် လီဗာပူးအသင်းမန်နေဂျာ ဂျာဂျင်ကလော့အနေဖြင့် ဗဟိုခံစစ်နေရာအတွက် ရွေးချယ်ခွင့် နည်းပါးသွားခဲ့ရပြီဖြစ်သည်ဟုဆိုသည်။ လီဗာပူးအသင်း၏ ခံစစ်ကစားသမားများဖြစ်သည့် ဂျိုးဂိုမက်ဇ်နှင့် ကလာဗန်တို့မှာလည်း ဒဏ်ရာပြဿနာများနှင့် ကြုံတွေ့နေရသည်။

လီဗာပူးအသင်းသည် လာမည့် ဧပြီလ ၇ ရက်တွင် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် အဲဗာတန်အသင်းအား အဝေးကွင်းတွင် သွားရောက်ရင်ဆိုင်ရမည်ဖြစ်သည်။ **ထက်အောင်**

**ဂျိုးမာတစ်သည် ယခုနှစ် ဘောလုံးရာသီတွင် လီဗာပူးအသင်းအတွက် အဓိက ကစားသမားများအနက်မှတစ်ဦးအဖြစ် ပါဝင်နေသူဖြစ်ပြီး လီဗာပူးအသင်းအတွက် စုစုပေါင်း ၃၅ ပွဲ ပါဝင်ကစားထားကာ ပွဲထွက် ကစားသမားအဖြစ် ၃၁ ပွဲ ပါဝင်ခွင့်ရရှိထားသူ ဖြစ်သည်။**

ကမ္ဘာ့အားကစားသတင်းများ



ဝေ မိုး ဆက်

# မန်ချက်စတာဒါဘီမှာ ချန်ပီယံဆုသိမ်းပိုက်မယ့်မန်စီးတီး

မန်စီးတီးတို့ ပွဲစဉ် ၃၂ မှာ အဲဗာတန်ကို အနိုင်ရခဲ့လို့ အခုကျင်းပမယ့်ပွဲစဉ် ၃၃ မှာ သရေကစားနိုင်ရုံနဲ့ ချန်ပီယံဖြစ်မှာ ဖြစ်တယ်။ ဒါပေမယ့် အဆိုပါပွဲစဉ် ၃၃ မှာ မန်စီးတီးရင်ဆိုင်ရမှာ မန်ယူဖြစ်နေတာကြောင့် မန်စီးတီးတို့ မန်ယူကို ဘယ်လိုရင်ဆိုင်မှာလဲဆိုတာက စိတ်ဝင်စားဖို့ကောင်းနေပါတယ်။ ဒါ့အပြင် ပွဲစဉ် ၃၂ မှာ စပါးကိုအရေးနိမ့်ခဲ့ရတဲ့ ချယ်လ်ဆီးအနေနဲ့လည်း ဝက်စ်ဟမ်းလိုဒါဘီပြိုင်ဘက်နဲ့ ထပ်ဆုံနေရလို့ နိုင်ပွဲပြန်ရပါ့မလားစောင့်ကြည့်ရမှာပါ။

## အဲဗာတန် Vs လီဗာပူး

| ပကျော့ | လီဗာပူး | ၁ | ၁ | အဲဗာတန် |
|---|---|---|---|---|

ဒီပွဲက ချန်ပီယံလိဂ်နှစ်ပွဲကြား ရောက်ရှိနေတာကြောင့် လီဗာပူးတို့ ခြေကုန်ထုတ်နိုင်ဖို့ခက်ပါတယ်။ လီဗာပူးခြေကောင်းပေမယ့် အဝေးကွင်းခံစစ်ကတော့ အားနည်းတတ်ပါတယ်။ အဲဗာတန်က ဒါဘီပွဲဖြစ်တာကြောင့် အားစိုက်ကစားလာဖို့ရှိနေသလို အိမ်ကွင်းလည်း ဖြစ်နေပါတယ်။ အထူးသဖြင့် လီဗာပူးအနေနဲ့ ချန်ပီယံလိဂ်မှာ နောက်တစ်ဆင့်တက်နိုင်ဖို့အတွက်သာ အားစိုက်နေမှာဖြစ်လို့ လူစုံထုတ်လာဖို့ခက်သလို နိုင်ပွဲရရှိခဲ့မယ်ဆိုရင်တောင် ဂိုးပြတ်ဖို့ခက်ပါတယ်။

## ဘရိုက်တန် Vs ဟက်ဒါဖီးလ်

| ပကျော့ | ဟက်ဒါဖီးလ် | ၂ | ၀ | ဘရိုက်တန် |
|---|---|---|---|---|

နှစ်သင်းစလုံး ပွဲစဉ် ၃၂ မှာအရေးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ နှစ်သင်းစလုံး ကလည်းတန်းမဆင်းရဖို့ စိတ်ချရမှုမရှိသေးတာကြောင့် ပိုမိုအားစိုက်ကစားကြမှာပါ။ ဘရိုက်တန်တို့ လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပေမယ့်လည်း အိမ်ကွင်းအားရှိနေသလို အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုပြီး ကောင်းမွန်တတ်တာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာဘရိုက်တန် ကပ်နိုင်ခြေရှိပါတယ်။

## လက်စတာ Vs ကာဆယ်

| ပကျော့ | ကာဆယ် | ၂ | ၃ | လက်စတာ |
|---|---|---|---|---|

ကာဆယ်တို့ တန်းမဆင်းရဖို့အားစိုက်ကစားနေသလို ခြေစွမ်းပိုင်းလည်း တည်ငြိမ်နေပါတယ်။ အထူးသဖြင့် ခံစစ်ကစားပုံကောင်းမွန်လာတာကို တွေ့ရတယ်။ ဒီပွဲမှာလည်း အဝေးကွင်းဖြစ်တာကြောင့်အမှတ်ရယူနိုင်ဖို့ ခံစစ်အားပြုကစားလာမှာဖြစ်တယ်။ လက်စတာတော့ ဘရိုက်တန်ကို အနိုင်ရခဲ့ပေမယ့် ခြေစွမ်းပိုင်းနဲ့ တိုက်စစ်က ထင်သလောက်မငြိမ်တာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း လက်စတာအိမ်ကွင်းဖြစ်ပေမယ့် ကာဆယ်တို့သရေလောက်ကစားနိုင်ခြေရှိတယ်။

## ဘုန်းမောက် Vs ပဲလေ့စ်

| ပကျော့ | ပဲလေ့စ် | ၂ | ၂ | ဘုန်းမောက် |
|---|---|---|---|---|

လီဗာပူးကိုအရေးနိမ့်ခဲ့ရတာကြောင့် ပဲလေ့စ်တို့တန်းဆင်းရမယ့် အန္တရာယ်နဲ့ ပိုမိုနီးကပ်သွားပါတယ်။ ဒါကြောင့်ဒီပွဲမှာ ပဲလေ့စ်တို့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်တာကို သတိပြုရမှာ ဖြစ်ပါတယ်။ ဘုန်းမောက်ကတော့ အိမ်ကွင်းဖြစ်ပေမယ့်အခုအချိန်မှာ ခံစစ် ကကစားပုံအားနည်းမှုတွေရှိလာတာကိုတွေ့ရပါတယ်။ အဆိုပါ ခံစစ်ကစားပုံအရ ပဲလေ့စ်ရဲ့လျင်မြန်တဲ့ တိုက်စစ်ကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် ပဲလေ့စ်အနိမ့်ဆုံး သရေရမယ်။

## ဝက်ဖို့ဒ် Vs ဘန်လေ

| ပကျော့ | ဘန်လေ | ၁ | ၀ | ဝက်ဖို့ဒ် |
|---|---|---|---|---|

ဥရောပဝင်ခွင့်မျှော်လင့်နိုင်နေတဲ့ဘန်လေ ဟာပွဲတိုင်းကိုအားစိုက်ကစားနေ သလိုခြေစွမ်းပိုင်းလည်းကောင်းမွန်နေပါတယ်။ ဝက်ဖို့ဒ်ကတော့ ခံစစ်ပိုင်းကစားပုံအားနည်းလာတာကို သတိပြုရမှာဖြစ်ပါတယ်။ ဒီပွဲမှာ ဝက်ဖို့ဒ်တို့ အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို တိုက်စစ်အားပြုအားပြုကစားလာမှာလည်းဖြစ်ပေမယ့် ဘန်လေခံစစ်ကိုကျော်ဖို့ခက်လို့ သရေလောက်ပဲရမယ်။

## ဝက်စ်ဘရွန်း Vs ဆွမ်ဆီး

| ပကျော့ | ဆွမ်ဆီး | ၁ | ၀ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

ဝက်စ်ဘရွန်းတို့ တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေပေမယ့်အစစအရာရာအား နည်းမှုတွေကြောင့်ရလဒ်တွေ ဆက်တိုက်ဆိုးရွားနေပါတယ်။ ဆွမ်ဆီးကတော့ မန်ယူကိုအရေးနိမ့်ခဲ့တာကြောင့် တန်းဆင်းဇုန်နဲ့ ပိုမိုနီးကပ်လာပါတယ်။ ဒါကြောင့်လည်း အားစိုက်ကစားလာမှာ ဖြစ်တယ်။ ဝက်စ်ဘရွန်းအိမ်ကွင်းဖြစ်ပြီး မန်နေဂျာအပြောင်းအလဲလုပ်ထားပေမယ့် အမြင့်ဆုံး သရေလောက်ပဲရမယ်။

## စတုတ် Vs စပါး

| ပကျော့ | စပါး | ၅ | ၁ | စတုတ် |
|---|---|---|---|---|

ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ အားစိုက်ကစားနေတဲ့ စပါးအနေနဲ့ ဒီလိုပွဲမျိုးမှာ အမှားခံမှာမဟုတ်ပါဘူး။ စတုတ်ကတန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေသလို အိမ်ကွင်းလည်းဖြစ်နေပေမယ့်ခြေစွမ်းပိုင်းကတော့အားနည်းမှုတွေများနေသလို ခံစစ်ပိုင်းကလည်းတည်ငြိမ်မှုမဲ့နေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ စပါးတို့ အဝေးကွင်းဖြစ်ပေမယ့် ခြေစွမ်းအသာနဲ့ကစားကာ ဂိုးပြတ်နိုင်ပွဲရမယ်။

## ချယ်လ်ဆီး Vs ဝက်စ်ဟမ်း

| ပကျော့ | ဝက်စ်ဟမ်း | ၁ | ၀ | ချယ်လ်ဆီး |
|---|---|---|---|---|

ချယ်လ်ဆီးတို့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်တဲ့အပြင်ဒါဘီပွဲဖြစ်လို့ ပိုမိုအားစိုက်လာမှာသေချာနေပါတယ်။ ဝက်စ်ဟမ်းတော့ တန်းမဆင်းရဖို့ အားစိုက်နေသလို ခြေစွမ်းလည်း မဆိုးကာ ဒါဘီပွဲဖြစ်လို့ အားစိုက်လာမှာဖြစ်ပေမယ့် ခြေစွမ်းပိုင်းမှာတော့ ချယ်လ်ဆီးကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ချယ်လ်ဆီးအိမ်ကွင်း နိုင်ပွဲပြန်ရမယ်။

## မန်စီးတီး Vs မန်ယူ

| ပကျော့ | မန်ယူ | ၁ | ၂ | မန်စီးတီး |
|---|---|---|---|---|

မန်စီးတီးတို့ဒီပွဲမှာသရေကျရုံနဲ့ ပရီမီယာလိဂ်ချန်ပီယံဆုကို ရယူနိုင်မှာဖြစ်တာကြောင့် အားစိုက်ကစားလာမှာသေချာနေပါတယ်။ မန်စီးတီးရဲ့ ခြေစွမ်းပိုင်းကလည်း အားကောင်းနေပါတယ်။ ဒါပေမယ့် မန်စီးတီးတို့ ချန်ပီယံလိဂ်ပွဲတွေရှိနေတဲ့အတွက် ခြေကုန်ထုတ်နိုင်ဖို့တော့ မလွယ်ပါဘူး။ မန်ယူကလည်း မန်စီးတီးကို ချန်ပီယံဖြစ်ခွင့်လွယ်လွယ်နဲ့ပေးမှာမဟုတ်တာကို သတိပြုရမှာပါ။ သရေကျမယ်။

## အာဆင်နယ် Vs ဆောက်သမ်တန်

| ပကျော့ | ဆောက်သမ်တန် | ၁ | ၁ | အာဆင်နယ် |
|---|---|---|---|---|

အာဆင်နယ်တို့ ယူရိုပါလိဂ်ကစားခဲ့ရမှာ ဖြစ်တာကြောင့် ပွဲပန်းမှုတွေရှိနေနိုင်ပါတယ်။ ဒါပေမယ့် အာဆင်နယ်အနေနဲ့ ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့တော့နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဆောက်သမ်တန်ကတော့ တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခြေစွမ်းအားနည်းနေကာ ဝက်စ်ဟမ်းကိုတောင် အရေးနိမ့်ခဲ့ရပါတယ်။ အာဆင်နယ်ပဲ နိုင်ပွဲကပ်ရမယ်။

## ပရီမီယာလိဂ်ပွဲစဉ် (၃၃)

| စနေနေ့ | | | ၇-၄-၁၈ |
|---|---|---|---|
| အဲဗာတန် | - | လီဗာပူး | ည ၆း၀၀ |
| ဘုန်းမောက် | - | ပဲလေ့စ် | ည ၈း၃၀ |
| ဘရိုက်တန် | - | ဟက်ဒါဖီးလ် | ည ၈း၃၀ |
| လက်စတာ | - | ကာဆယ် | ည ၈း၃၀ |
| စတုတ် | - | စပါး | ည ၈း၃၀ |
| ဝက်ဖို့ဒ် | - | ဘန်လေ | ည ၈း၃၀ |
| ဝက်စ်ဘရွန်း | - | ဆွမ်ဆီး | ည ၈း၃၀ |
| မန်စီးတီး | - | မန်ယူ | ည ၁၁း၀၀ |
| **တနင်္ဂနွေနေ့** | | | **၈-၄-၁၈** |
| အာဆင်နယ် | - | ဆောက်သမ်တန် | ည ၇း၄၅ |
| ချယ်လ်ဆီး | - | ဝက်စ်ဟမ်း | ည ၁၀း၀၀ |

## စပိန်လီဂါပွဲစဉ်(၃၁)

| သောကြာနေ့ | | | ၆-၄-၁၈ |
|---|---|---|---|
| ဒီပိုတီဗို | - | မာလာဂါ | နံနက် ၁း၃၀ |
| **စနေနေ့** | | | **၇-၄-၁၈** |
| အလာဗက်စ် | - | ဂီတာဖေး | ည ၅း၃၀ |
| ဆဲလ်တာဗီဂို | - | ဆီဗီလာ | ည ၈း၄၅ |
| ဘက်တစ် | - | အီဘာ | ည ၁၁း၀၀ |
| ဘာစီလိုနာ | - | လီဂါနက်စ် | နံနက် ၁း၄၅ |
| **တနင်္ဂနွေနေ့** | | | **၈-၄-၁၈** |
| လီဗန်တေး | - | လက်ပဲလ်မက်စ် | ည ၄း၃၀ |
| ရီးရဲ | - | အက်သလက် | ည ၈း၄၅ |
| ဆိုစီဒက်စ် | - | ဂျီရိုနာ | ည ၁၁း၀၀ |
| ဗလင်စီယာ | - | အက်စ်ပန်ညို | နံနက် ၁း၄၅ |
| **တနင်္လာနေ့** | | | **၉-၄-၁၈** |
| ဗီလာရီးရဲ | - | ဘီဘာအို | နံနက် ၁း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ်(၃၂)

| သောကြာနေ့ | | | ၆-၄-၁၈ |
|---|---|---|---|
| စိန့်အေတီယန် | - | ပီအက်စ်ဂျီ | နံနက် ၁း၄၅ |
| **စနေနေ့** | | | **၇-၄-၁၈** |
| မိုနာကို | - | နန့်စ် | ည ၉း၃၀ |
| အာမီယန် | - | ကိန်း | နံနက် ၀၀း၃၀ |
| အန်ဂျာစ် | - | စထရက်ဘော့ခ် | နံနက် ၀၀း၃၀ |
| ဘော်ဒိုး | - | လိုင်လီ | နံနက် ၀၀း၃၀ |
| ဂူအင်ဂမ့် | - | ထရွိုင်းယတ်စ် | နံနက် ၀၀း၃၀ |
| တူးလောက်စ် | - | ဒီဂျွန် | နံနက် ၀၀း၃၀ |
| **တနင်္ဂနွေနေ့** | | | **၈-၄-၁၈** |
| နိုက်စ် | - | ရိန်းစ် | ည ၇း၃၀ |
| မက်ဇ် | - | လိုင်ယွန် | ည ၉း၃၀ |
| မာဆေး | - | မောင့်ပယ်လီယာ | နံနက် ၁း၃၀ |

UEFA CHAMPIONS LEAGUE

## ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ဒု-ကျော့

| အင်္ဂါနေ့ | | | ၁၀-၄-၁၈ |
|---|---|---|---|
| ရိုးမား | - | ဘာစီလိုနာ | နံနက် ၁း၄၅ |
| မန်စီးတီး | - | လီဗာပူး | နံနက် ၁း၄၅ |
| **ဗုဒ္ဓဟူးနေ့** | | | **၁၁-၄-၁၈** |
| ဘိုင်ယန် | - | ဆီဗီလာ | နံနက် ၁း၄၅ |
| ရီးရဲ | - | ဂျူဗင်တပ်စ် | နံနက် ၁း၄၅ |

UEFA EUROPA LEAGUE

## ယူရိုပါလိဂ်ကွာတားဖိုင်နယ် ဒု-ကျော့

| ကြာသပတေးနေ့ | | | ၁၂-၄-၁၈ |
|---|---|---|---|
| မာဆေး | - | လိုက်ပဇစ် | နံနက် ၁း၃၅ |
| စီအက်စ်ကေအေ | - | အာဆင်နယ် | နံနက် ၁း၃၅ |
| စပို့တင်း | - | အက်သလက် | နံနက် ၁း၃၅ |
| ဆောဘတ် | - | လာဇီယို | နံနက် ၁း၃၅ |

# အပူလောင်နာ ဘယ်လိုကုသရမလဲ

**ယွန်းစန္ဒီနန်းမွန်**



အပူလောင်ခြင်းဟာ အဖြစ်များတဲ့ကိစ္စတစ်ခုဆိုပေမယ့် ခံစားရ မသက်သာတဲ့ဝေဒနာလည်း ဖြစ်ပါတယ်။ တော်တန်ရုံ အသေးစားအပူလောင်တာဆိုရင် ဆေးခန်းသွားစရာမလိုဘဲ အိမ်မှာတင် ကုသလို့ရပေမယ့် ပြင်းထန်ပြီဆိုရင် အနာကိုပိုး မဝင်အောင်၊ အနာမရင်းအောင်၊ ဆိုးဆိုးရွားရွား အမာရွတ် မကျန်အောင် သေချာဂရုစိုက်ကုသဖို့ လိုအပ်ပါတယ်။

အပူလောင်စေတဲ့အကြောင်းအရင်းက အမျိုးမျိုးရှိပါတယ်။

- ရေနွေးပူ၊ ဆီပူလောင်ခြင်း
- ဓာတုပစ္စည်းကြောင့်လောင်ခြင်း
- လျှပ်စစ်ကြောင့်လောင်ခြင်း
- မီးအပူလောင်ခြင်း(မီးအပူဟပ်ခြင်း၊ ဖယောင်းတိုင်မီး စသည်)
- နေလောင်ခြင်း

**အပူလောင်ခြင်း ပြင်းထန်မှုအဆင့်သတ်မှတ်ခြင်း**

အပူလောင်တာကို အဆင့်(၁)၊ အဆင့်(၂)၊ အဆင့်(၃) ဆိုပြီး အဆင့်သုံးခု ခွဲထားပါတယ်။ အဆင့်(၁)ကတော့ အား အလျော့ဆုံးဖြစ်ပြီး အဆင့်(၃) ကတော့ အားအပြင်းဆုံး ဖြစ်ပါတယ်။ အဆင့်တစ်ခုချင်းစီက ကွဲပြားတဲ့ လက္ခဏာနဲ့ ထိခိုက်မှုကို ဖော်ပြပါတယ်။

အဆင့်(၁)အပူလောင်မှု - အရည်ကြည်ဖုမထွက်ဘဲ နီရဲသောအရေပြား၊ နာကျင်မှုအနည်းငယ်၊ ရောင်ရမ်းမှုအနည်းငယ် ရှိမယ်။

အဆင့်(၂)အပူလောင်မှု - ထိခိုက်မိတဲ့နေရာမှာ အရည်ကြည်ဖုနဲ့ ထူအမ်းအမ်းဖြစ်နေမယ်။

အဆင့်(၃)အပူလောင်မှု - ထူအမ်းအမ်းဖြစ်နေတဲ့ နေရာ ပမာဏ များမယ်၊ အရေပြားကွာကျပြီး အဖြူရောင်အတွင်းသား ပေါ်နေမယ်။ အဆင့်(၃)အပူလောင်မှုတွေကို အပြင်းထန်ဆုံးအဆင့်အဖြစ် သတ်မှတ်ပြီး ဆရာဝန်နဲ့ကုသမှု အမြန်ဆုံး ခံယူသင့်ပါတယ်။

တကယ်တော့ အပူလောင်ဒဏ်ရာပြင်း မပြင်းကို အကြောင်းအရင်းကိုမူတည်ပြီး ဆုံးဖြတ်လို့မရနိုင်ပါဘူး။ ဥပမာ-ရေနွေးပူလောင်တာက အဆင့်(၁)အသေးစားလည်း ဖြစ်နိုင်သလို အဆင့်(၂) သို့မဟုတ် အဆင့်(၃) အထိပါ ဒဏ်ရာအပြင်းအထန် ဖြစ်နိုင်တတ်လို့ပါ။ ဓာတုပစ္စည်းနဲ့ လျှပ်စစ်ကြောင့် အပူလောင်ခြင်းတွေဆိုရင် အရေပြားမှာ အနည်းအကျဉ်းပဲ ထိခိုက်တာတွေ့ရရင်တောင် ခန္ဓာကိုယ်အတွင်းပိုင်းကို ထိခိုက်စေနိုင်တာကြောင့် ချက်ချင်း ဆေးကုသမှု ခံယူသင့်ပါတယ်။

**အသေးစားအပူလောင်နာ ကုသဖို့**

- ❑ အနာသက်သာအောင် အပူလောင်တဲ့နေရာကို ဖြစ်ဖြစ်ချင်းမှာ ရေအေး(ရေခဲရေ မဟုတ်)နဲ့ ၁၀ မိနစ်၊ ၁၅ မိနစ်လောက် ရေလောင်းပေးပါ၊ ရေထဲနှစ်ထားပါ။ ဒါမှမဟုတ် နာကျင်မှုမလျော့မချင်း ရေအေးဆွတ်ထားတဲ့ တဘက်တစ်ထည် တင်ပေးထားပါ။ (အရမ်းပူရာက အရမ်းအေးတဲ့ အခြေအနေနဲ့ ချက်ချင်းထိတွေ့လိုက်ရတဲ့အခါ အနာကျက်ခြင်းဖြစ်စဉ်ကို နှေးစေနိုင်တာကြောင့် ရေခဲရေကို မသုံးရတာဖြစ်ပါတယ်။)
- ❑ အပူလောင်တဲ့နေရာမှာ လက်စွပ် သို့မဟုတ် တခြားတင်းကျပ်စွာဝတ်ဆင်ထားတဲ့အရာတွေကို ချွတ်ပါ။ အနာက ရောင်မလာခင် ညင်သာစွာ မြန်မြန်ဖယ်ရှားရမှာ ဖြစ်ပါတယ်။
- ❑ ရည်ကြည်ဖုလေးတွေကို မဖောက်ပါနဲ့၊ မပေါက်ပါစေနဲ့၊ အပူလောင်ရည်ကြည်ဖုတွေ ပေါက်ပြဲသွားခဲ့ရင် အဲဒီနေရာ တစ်ဝိုက်ကို ဆပ်ပြာအပျော့စားနဲ့ ရေနဲ့ ညင်သာစွာ သန့်ရှင်းပေးပြီး ပိုးသတ်ဆေးတစ်ခုခု လိမ်းပေးပါ။
- ❑ အသားမခြောက်သွေ့စေဖို့ အစိုဓာတ်ထိန်းခရင်မ် သို့မဟုတ် ဂျယ်လ်တစ်ခုခု လိမ်းပေးနိုင်ပါတယ်။
- ❑ လိုအပ်ရင် ibuprofen လို ဆရာဝန်ညွှန်ကြားချက် မလိုတဲ့ အကိုက်အခဲပျောက်ဆေး သောက်ရပါမယ်။ ရည်ကြည်ဖုအကြီးကြီးတွေဖြစ်လာရင် ဆရာဝန်ပြပြီး ဖောက်ပစ်သင့်ရင် အပ်နဲ့စုပ်ထုတ်ပေးပါလိမ့်မယ်။ အနာမှာ ပိုးဝင်တဲ့လက္ခဏာတွေ့ရရင်၊ အနာရင်းလာရင်၊ နီရဲရောင်ရမ်းလာရင် ဒါမှမဟုတ် အပူလောင်တဲ့နေရာက များတယ်ဆိုရင် ဆေးကုသမှုခံယူပါ။

**ပြင်းထန်တဲ့အပူလောင်ခြင်း**

- ❑ အပူလောင်ခြင်းပြင်းထန်ရင် ဆေးရုံကို အမြန်ဆုံးပို့ပါ။ ဆေးရုံမပို့ရသေးခင် အချိန်အတွင်း အောက်ပါအချက်တွေ သိထားသင့်ပါတယ်။
- ❑ အပူလောင်ထားသူကို ထပ်မထိခိုက်အောင် သတိထားပါ။ အပူလောင်စဉ် သူ့ရဲ့အရေပြားနဲ့ထိကပ်နေတဲ့ အဝတ်အစားတွေကို သွားမဖယ်ရှားလိုက်ပါနဲ့ဦး။
- ❑ သွေးလည်ပတ်မှုကောင်းမကောင်း သတိထားကြည့်ပါ။ အသက်ရှူသံ၊ ချောင်းဆိုးတာ၊ လှုပ်ရှားမှု စတာတွေကို သေချာကြည့်ပါ။
- ❑ လည်ပင်းနဲ့ အပူလောင်ထားတဲ့နေရာတစ်ဝိုက်တို့မှာ ဝတ်ဆင်ထားတဲ့ အသုံးအဆောင်၊ အဝတ်အထည်၊ ခါးပတ်တို့ကို ဖယ်ရှားပါ။ အပူလောင်နာတွေက ရောင်ရမ်းမှု မြန်ဆန်ပါတယ်။
- ❑ အပူလောင်တာဒဏ်ရာကြီးရင် ရေအေးထဲမနှစ်ပါနဲ့။ ခန္ဓာကိုယ်အပူချိန် ရုတ်တရက်ကျဆင်းခြင်း သို့မဟုတ် သွေးဖိအားကျဆင်းခြင်းနဲ့ သွေးဆုတ်ခြင်း(ရုတ်တရက်) ဖြစ်လာနိုင်လို့ဖြစ်ပါတယ်။
- ❑ အပူလောင်တဲ့နေရာကို မြှင့်ထားပါ။ ဥပမာ လက်မောင်းမှာလောင်ရင် လက်ကို နှလုံးနဲ့ တစ်တန်းတည်းထက် ပိုမြင့်တဲ့ အဆင့်ထိ မြှောက်တင်ထားပေးပါ။
- ❑ အပူလောင်တဲ့နေရာကို ဖုံးအုပ်ကာကွယ်ထားပါ။ ပတ်တီး သို့မဟုတ် ပိတ်လျှောင်မနေလောက်တဲ့ အသားမျိုးနဲ့ အဝတ်စတစ်ခုခုကို သုံးနိုင်ပါတယ်။ ကျန်တာကိုတော့ ဆေးရုံ၊ ဆေးခန်းရောက်တဲ့အခါ ကျန်းမာရေးစောင့်ရှောက်သူတွေက ကုသပေးပါလိမ့်မယ်။ ။

**'အနာသက်သာအောင် အပူလောင်တဲ့နေရာကို ဖြစ်ဖြစ်ချင်းမှာ ရေအေး( ရေခဲရေ မဟုတ်) နဲ့ ၁၀ မိနစ်၊ ၁၅ မိနစ်လောက် ရေလောင်းပေးပါ၊ ရေထဲနှစ်ထားပါ။ ဒါမှမဟုတ် နာကျင်မှု မလျော့မချင်း ရေအေးဆွတ်ထားတဲ့ တဘက်တစ်ထည် တင်ပေးထားပါ။ (အရမ်းပူရာက အရမ်းအေးတဲ့ အခြေအနေနဲ့ ချက်ချင်းထိတွေ့လိုက်ရတဲ့အခါ အနာကျက်ခြင်းဖြစ်စဉ်ကို နှေးစေနိုင်တာကြောင့် ရေခဲရေကို မသုံးရတာဖြစ်ပါတယ်'**

## စစ်ကိုင်းမြို့ အစေခံ ခံတပ်ကို ရှေးမူမပျက် ပြုပြင်ဆောင်ရွက်

**စစ်ကိုင်း မေ ၅**

စစ်ကိုင်းမြို့ မြေဝတီရပ်ကွက်အတွင်းရှိ အစေခံ ခံတပ်ကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

အစေခံ ခံတပ်ကို ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ လေ့လာချင်စရာ နေရာတစ်ခု ဖြစ်လာစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၇၀၀ ကျော်ဖြင့် ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ပြီး လက်ရှိတွင် ရှေးဟောင်းသုတေသနဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေး ကော်မတီက ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောသည်။

အစေခံ ခံတပ်ကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအနေဖြင့် ခံတပ် အုတ်တံတိုင်းကို ရှေးမူမပျက် မြေဝါဆေးသုတ်ခြင်း၊ လက်နက်တိုက် ပြုပြင်မွမ်းမံခြင်း၊ စက်ရေတွင်းတူးဖော်ခြင်းနှင့် ရေစင်ရေကန်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းများ သွယ်တန်ခြင်း လျှပ်စစ်မီးလိုင်းများ သွယ်တန်းခြင်း၊ ဆလိုက်မီးများတပ်ဆင်ခြင်း၊ အများသုံး သန့်စင်ခန်းတည်ဆောက်ခြင်း၊ အစေခံ ခံတပ်အဝင် ကတ္တရာလမ်းထိပ်မှ ခံတပ်အတွင်းဘက်သို့ ချိတ်အုတ်လမ်းခင်းခြင်း၊ အစေခံ ခံတပ်အဝင် ရှေ့မျက်နှာစာတွင် ကတ္တရာလမ်းနှင့် အစေခံ ခံတပ် အုတ်တံတိုင်းကြား မြေခင်းအလှများ ပြုပြင်မွမ်းမံခြင်းနှင့် ခံတပ်အုတ်တံတိုင်းအတွင်းပိုင်းရှိ လွတ်နေသောနေရာများတွင် မြေခင်းအလှများ ပြုပြင်မွမ်းမံခြင်း၊ ကားရပ်နားရန် Carparking ဆောင်ရွက်ခြင်း စသည့်တို့ကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေး ကော်မတီမှ သိရသည်။



စစ်ကိုင်းမြို့ မြေဝတီရပ်ကွက်ရှိ အစေခံ ခံတပ်ကို မင်းတုန်းမင်းလက်ထက် ခရစ်နှစ် ၁၈၇၉ ခုနှစ်တွင် ကင်းဝန်မင်းကြီး၏ တိုက်တွန်းစီမံချက်ဖြင့် ပြည်ပရန် သာမက ပြည်တွင်းရန်ကိုပါ ကာကွယ်ရန်အတွက် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ဆောက်လုပ်ရာတွင် အီတလီရေကြောင်း စစ်ဘက်ဌာနမှ ကွန်မိုတိုပဲရီနှင့် မိုလီနာရီတို့က ကြီးကြပ်၍ မြန်မာအင်ဂျင်နီယာများနှင့် ပူးပေါင်းတည်ဆောက်ခဲ့ကြောင်း သိရသည်။ အစေခံ ခံတပ်နှင့်အတူ နာမည်ကျော်ခံတပ်များဖြစ်သော အင်းဝ ဆင်ကျုံးခံတပ်နှင့် ရွှေကြက်ယက် သပြေတန်း ခံတပ်တို့သည်လည်း ထိုနေရာတွင် တည်ရှိကာ ခံတပ်သုံးခုသည် သုံးပွင့်ဆိုင် တြိဂံပုံသဏ္ဌာန် အနေအထားဖြင့် တည်ရှိနေကြခြင်းဖြစ်သည်။

**ကိုမင်း(အင်းတော်)**

## ဖြူးမြို့နယ်တွင် ဖြူးချောင်းကူး ကွန်ကရစ်တံတားသစ်ဖွင့်

**ဖြူး မေ ၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် သာစုကန်ကျေးရွာအုပ်စု ဘလာတီတိုလာကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများမှ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန်အတွက် ဖြူးချောင်းကူး ကွန်ကရစ်တံတားသစ်ကို မတ် ၂၇ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဖြူးချောင်းကွန်ကရစ်တံတားကို ပြည်သူ့လွှတ်တော်ရန်ပုံငွေကျပ်သိန်း ၅၀ နှင့် ဒေသခံစေတနာရှင် အလှူရှင်များ ထည့်ဝင်ငွေ ကျပ် ၁၈၁ သိန်းကျော် စုစုပေါင်း ကျပ် ၂၃၁ သိန်းကျော် အကုန်အကျခံ၍ တည်ဆောက်ခဲ့ပြီး တံတားအရှည် ပေ ၂၂၀၊ အကျယ် ၁၀ ပေနှင့် အမြင့် ၁၈ ပေရှိ သံကူကွန်ကရစ်တံတားဖြစ်ကြောင်း သိရသည်။ ဖြူးချောင်းကွန်ကရစ်တံတား ဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးသိန်းဇော်ဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်၊ ဖြူးမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**ဖြူးမြင့်ဦး**

## သာပေါင်းမြို့နယ်၌ ကျေးရွာရေရရှိရေးအတွက် လက်တူးတွင်းတူးဖော်ရန် ရှင်းလင်း

**သာပေါင်း မေ ၅**

သာပေါင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် လှေကြီးတက်ကျေးရွာအုပ်စု တပ်ကုန်းကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် သောက်သုံးရေရရှိရေးအတွက် လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ကျေးရွာနေပြည်သူများအား အကြိုရှင်းလင်းပွဲကို မေ ၂ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတတ်ရေးဦးစီးဌာနမှူး ဦးသက်မင်းထွန်းက ကျေးရွာနေပြည်သူများ သောက်သုံးရေလုံလောက်စွာ ရရှိသုံးစွဲနိုင်ရေးအတွက် လက်တူးတွင်းတူးဖော်မည့် အစီအစဉ်များကို ရှင်းလင်းကာ သောက်သုံးရေရရှိရေး ကျေးရွာကော်မတီကို ပြည်သူအများဆန္ဒနှင့်အညီ ဖွဲ့စည်းပေးခဲ့သည်။

ထို့နောက် လုပ်ငန်းဆောင်ရွက်မည့် မြေနေရာကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသက်မင်းထွန်းနှင့် လှေကြီးတက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလေးမောင်၊ တပ်ကုန်းကျေးရွာ ရပ်မိရပ်ဖများနှင့် ကျေးရွာသောက်သုံးရေရရှိရေးကော်မတီဝင်များက သွားရောက်ကြည့်ရှုပြီး ရေတွင်းတူးဖော်ရေးအတွက် ဆွေးနွေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျေးရွာကွန်ကရစ်လမ်းခင်းပြီး၍ ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာလျက်ရှိ

**ကန်ကြီးထောင့် မေ ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် KOICA(ကိုရီးယားနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ)တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သော စီမံကိန်းကျေးရွာဖြစ်သည့် ကျွန်းချောင်းကျေးရွာ၌ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား တိုးတက်ရေးအတွက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မတ်လ တတိယပတ်အတွင်းက စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းပြီးစီးသွားပြီဖြစ်၍ ပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းမှာ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့သော ဆယ်မာအူးလ်အွန်ဒုန်စီမံကိန်းမှ ရန်ပုံငွေ ကျပ် ၁၀၈ သိန်းနှင့် ကျေးရွာနေပြည်သူများ၏ထည့်ဝင်ငွေ ကျပ်သိန်း ၂၀ ကျော်အပါအဝင် ပြည်သူများ၏ စုပေါင်းလုပ်အားများဖြင့် ပူးပေါင်း၍ခင်းခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် ပေ ၇၂၀၊ အကျယ် ၁၀ ပေရှိကြောင်း၊ လမ်းခင်းခြင်းလုပ်ငန်းပြီးစီးသွားပြီဖြစ်သောကြောင့် ကျွန်းချောင်းကျေးရွာနေ ပြည်သူများနှင့်အနီးဝန်းကျင်ကျေးရွာများမှ ပြည်သူများ၏ လူမှုရေး၊စီးပွားရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စများအတွက် ဆက်သွယ်သွားလာရာတွင် ပို၍အဆင်ပြေသွားပြီဖြစ်ကြောင်း သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

## မင်းတပ်မြို့၌ တူမီးသေနတ်နှင့် ဓားပလိုင်းကိုင်ဆောင်မှု လျှော့နည်းပပျောက်ရေး ဆွေးနွေး

**မင်းတပ် မေ ၅**

ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့၌ တူမီးသေနတ်နှင့် ဓားပလိုင်း ကိုင်ဆောင်မှုများ လျှော့နည်းပပျောက်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို မင်းတပ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၃ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ချင်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းက မြို့တွင်း၌ တူမီးသေနတ်၊ ဓားပလိုင်းကိုင်ဆောင်မှု လျှော့နည်းပပျောက်ရေးနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတိတ်ထန်းတို့က ဦးဆောင်ဆွေးနွေးကြသည်။ ထို့နောက် တူမီးသေနတ်၊ ဓားပလိုင်းကိုင်ဆောင်မှုနှင့် ပတ်သက်သည့် ဥပဒေရေးရာများကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့မရဲစခန်းမှူးနှင့် မြို့နယ်ဥပဒေ အရာရှိတို့က ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသော မြို့မိမြို့ဖများ၊ မျိုးနွယ်စုကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းဝင်များကလည်း ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ဆွေးနွေးချက်များအရ မင်းတပ်မြို့တွင်း၌ တူမီးသေနတ်နှင့် ဓားပလိုင်းကိုင်ဆောင်မှု ပပျောက်ရေးအတွက် ပြင်ဆင်ကာလနှင့် ပညာပေးကာလ သုံးလ သတ်မှတ်၍ အသိပညာပေးမှုများ ဆောင်ရွက်မည်ဖြစ်ကာ ပညာပေးကာလပြီးဆုံးပါက ဥပဒေနှင့်အညီအရေးယူမှုများ ဆောင်ရွက်ရန် သဘောတူ သတ်မှတ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကမ္မမြို့၌ ကြက်ခြေနီအသင်းခွဲရုံး ဖွင့်ပွဲကျင်းပ

**ပခုက္ကူ မေ ၅**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ခွင့်ပြုချက်အရ ပခုက္ကူမြို့နယ် ကမ္မမြို့၌ ကြက်ခြေနီအသင်းခွဲရုံးဖွင့်ပွဲနှင့် အသင်းခွဲရုံးအတွက် မြေနေရာနှင့် အဆောက်အအုံများ လွှဲပြောင်းပေးအပ်ပွဲကို မေ ၃ ရက်က အဆိုပါရုံးရှေ့၌ ကျင်းပသည်။

ရုံးဖွင့်ပွဲတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမြတ်သူက အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဝင်းနှင့် အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်တို့က အသင်းရုံးဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကမ္မမြို့ကြက်ခြေနီအသင်းခွဲရုံး မြေနေရာနှင့် အဆောက်အအုံ မှတ်တမ်းစာအုပ်ကို အသင်းခွဲရုံးတာဝန်ခံ ဦးမန်းငွေကလည်းကောင်း၊ အသင်းခွဲရုံး အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းလွှာကို မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမြတ်သူကလည်းကောင်း လွှဲပြောင်းပေးအပ်ကြရာ အသင်းခွဲ တာဝန်ရှိသူများက လက်ခံရယူကြပြီး ကြက်ခြေနီအသင်းခွဲရုံးတာဝန်ခံ ဦးမန်းငွေက အဆောက်အအုံလုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် အခြေအနေများအားကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ ကမ္မမြို့ကြက်ခြေနီအသင်းခွဲရုံး အဆောက်အအုံ အကျယ်အဝန်းမှာ အလျားပေ ၃၀၊ အနံ ပေ ၂၀ ရှိပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ညွှန်ကြားခွင့်ပြုချက်အရ ၂၀၁၇ ခုနှစ် မေလမှ စတင်ဆောက်လုပ်ခဲ့ရာ ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၇၀ ကျော် ကုန်ကျခဲ့ပြီး အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် အသင်းရုံးခွဲအဆောက်အအုံကို ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

## အင်ပင်ရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို စစ်ဆေး

**ဒီပဲယင်း မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၂ သန်းဖြင့် ဒီပဲယင်းမြို့နယ် အင်ပင်ကျေးရွာ၌ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းဆောင်ရွက်နေမှုများကို ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးမြင့်နှင့် တာဝန်ရှိသူများက မေ ၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ခရိုင်ဦးစီးမှူးနှင့် အဖွဲ့သည် အင်ပင်ကျေးရွာ ရေပေးရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ လူနေမှုအဆင့်မြင့်မားစေရန် အမြင့်တင်ရေစင်မှ အိမ်တိုင်ရာရောက် ရေသွယ်တန်းပြီး ရေတိုင်စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးခဲ့သည်။ အင်ပင်ကျေးရွာမှ ပြည်သူများ လူနေမှုအဆင့်မြင့်မားရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိပြီး နွေရာသီ ရေပြတ်လပ်မှု မရှိစေရေးအတွက် အနက်ပေ ၆၄၀ လေးလက်မစက်ရေတွင်းတူးဖော်ခြင်းနှင့်အတူ ဂါလန် ၂၄၀၀ ဆံ့ ရေစင် တည်ဆောက်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကရင်ပြည်နယ်အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**ဘားအံ မေ ၅**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ကျုံပျော်ကျေးရွာအနီး ပတ်ဝန်းကျင်ကျေးရွာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း ကရင်ပြည်နယ် အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွဋ်လှိုင်ထွေးက ပြောကြားသည်။

လူမှုဝန်ထမ်းဦးစီးဌာနနှင့် ယူနီဆက်ဖ်တို့ ပူးပေါင်း၍ ဘားအံမြို့ သီရိဘားအံဟိုတယ်တွင် မေ ၄ ရက်က ပြုလုပ်ခဲ့သော နိုင်ငံတကာ မိုင်းအသိပညာပေးခြင်းနှင့် မိုင်းဆိုင်ရာအကူအညီများ နိုင်ငံတကာနေ့ အခမ်းအနားတွင် ပြောကြားခြင်း ဖြစ်သည်။



မိုင်းရှင်းလင်းရေး သရုပ်ပြနေစဉ်

"မိုင်းရှင်းလင်းရေးလုပ်ငန်းကိုတော့ The Halo Trust, MAG , NPA အဖွဲ့နဲ့ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပူးပေါင်းပြီးတော့ လုပ်သွားမှာပါ၊ လိုအပ်သော အကူအညီများကိုလည်း ပြည်နယ်အစိုးရက ကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးက ပြောသည်။

အဆိုပါ အခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြား၍ ယူနီဆက်ဖ်မှ တာဝန်ရှိသူတစ်ဦးက ကုလသမဂ္ဂမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားပေးပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းက မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် The Halo Trust အဖွဲ့ဝင်များက မိုင်းရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို ဝန်ကြီးနှင့် ဧည့်သည်တော်များအား လက်တွေ့သရုပ်ပြခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ကရင်ပြည်နယ်အစိုးရ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြကာ ယခုနှစ်နိုင်ငံတကာ မိုင်းအသိပညာပေးခြင်းနှင့် မိုင်းဆိုင်ရာအကူအညီများ နိုင်ငံတကာနေ့ ဆောင်ပုဒ်မှာ ကာကွယ်စောင့်ရှောက်မှု ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆီသို့ လှမ်းချီစို့ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများကို မေ ၅ ရက်မှစ၍ ဆောင်ရွက်နိုင်ရန်အတွက် တင်ပြထားရှိပြီး ပြည်နယ်ဝန်ကြီးချုပ်၏ ခွင့်ပြုချက်ရရှိပါက မိုင်းရှင်းလင်းရေးလုပ်ငန်းများကို အဆင့်သုံးဆင့်ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းရာဇာ**

# ထီးလင်းနှင့် ဂန့်ဂေါမြို့နယ်များ၌ သက်တမ်းလွန်စားသောက်ကုန်များကို မီးရှို့ဖျက်ဆီး

**ဂန့်ဂေါ မေ ၅**

ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့က လိုက်လံစစ်ဆေး သိမ်းဆည်းထားသော သက်တမ်းလွန် စားသောက်ကုန်များ မီးရှို့ဖျက်ဆီးပွဲကို မေ ၃ ရက် နံနက် ၈ နာရီက ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် ရေမျက်နီရွာ အထက ကျောင်းဝင်းတွင်လည်းကောင်း၊ နံနက် ၁၀ နာရီက ဂန့်ဂေါမြို့နယ် ကျောမြို့ အထကကျောင်းဝင်းတွင်လည်းကောင်း ပြုလုပ်ခဲ့သည်။

အဆိုပါ မီးရှို့ဖျက်ဆီးသည့် သက်တမ်းလွန် စားသောက်ကုန်များမှာ ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့က ရေမျက်နီကျေးရွာရှိ စားသောက်ကုန်ရောင်းဝယ်သည့် ဆိုင် ၁၉ ဆိုင်မှ မတ် ၁၀ ရက်က သိမ်းဆည်းခဲ့သည့် ငွေကျပ်နှစ်သိန်းခွဲတန်ဖိုးရှိ သက်တမ်းလွန် စားသောက်ကုန်များနှင့် ကျောမြို့ရှိ စားသောက်ကုန်ရောင်းဝယ်သည့်ဆိုင်၁၄ ဆိုင်မှ သိမ်းဆည်းခဲ့သည့် ငွေကျပ် ၁၉၀၀၀၀ တန်ဖိုးရှိ သက်တမ်းလွန် စားသောက်ကုန်များဖြစ်ကြောင်း သိရသည်။



မီးရှို့ဖျက်ဆီးရာသို့ ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်၊ ဂန့်ဂေါမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ ထီးလင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမင်းသိဒ္ဓိနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုပြီး အချိုရည်ဘူးများကို ဖောက်ထုတ်သွန်ပစ်ခြင်းဖြင့်လည်းကောင်း၊ အခြားစားသောက်ကုန်များကို မီးရှို့၍လည်းကောင်း ဖျက်ဆီးခဲ့ကြသည်။

"စားသုံးသူရေးရာ ဦးစီးဌာနက ကျေးရွာတွေအရောက် ကွင်းဆင်းပြီး စားသောက်ကုန်လုံခြုံစိတ်ချရေး ဟောပြောပွဲတွေ ဆောင်ရွက်ပေးတော့ ပြည်သူတွေမှာ စားသောက်ကုန်နဲ့ပတ်သက်တဲ့ အသိပညာတွေ ရပါတယ်၊ ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်"ဟု ရေမျက်နီကျေးရွာမှ ဦးဖေဝင်းက ပြောသည်။

အဆိုပါ သိမ်းဆည်းဖျက်ဆီးခဲ့သည့် စားသောက်ကုန်များထဲတွင် အများစုမှာ အချိုရည်ဘူးများ၊ မာလာဟင်းသုံးပစ္စည်းများနှင့် တုတ်ထိုးချိုချဉ်များ ဖြစ်ကြောင်း သိရသည်။ **၁၀၁**





# စံပြမြို့နယ်ဆေးရုံဆုရရသည့် ကျောင်းကုန်းမြို့နယ်ဆေးရုံ ဝန်ထမ်းများအား ဂုဏ်ပြု

**ကျောင်းကုန်း မေ ၅**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်ဆေးရုံသည် တိုင်းဒေသကြီးအဆင့်တွင် စံပြမြို့နယ်ဆေးရုံဆုရရှိခဲ့သဖြင့် ကုသရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမိသားစုများအား မြို့နေလူငယ်များ စုပေါင်း၍ ဂုဏ်ပြုပွဲတစ်ရပ်ကို မေ ၃ ရက်က ကျင်းပပေးခဲ့ကြောင်း သိရသည်။

ဂုဏ်ပြုပွဲတွင် လူငယ်များကိုယ်စား မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ရင်းမှူး ဦးသိန်းထွန်းက ဂုဏ်ပြုပွဲပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်ကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ ထို့နောက် ဝန်ထမ်းများကိုယ်စား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က ဝန်ထမ်းများအားလုံး ကြိုးစားမှုကြောင့် စံပြမြို့နယ်ဆေးရုံဆု ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ အလုပ်များကို ယခင်ကထက် ပိုမိုကြိုးစားကြရန်လိုကြောင်း ပြောကြားခဲ့သည်။

အကောင်းဆုံးမြို့နယ်ဆေးရုံဆု ရွေးချယ်ရာတွင် အတွင်းလူနာ တက်ရောက်မှုအများဆုံး၊ ခွဲစိတ်မှုအများဆုံး၊ မွေးဖွားမှုအများဆုံး အခြေအနေများအပေါ် မူတည်၍ ကျောင်းကုန်း၊ အိမ်မဲ၊ ပန်းတနော်နှင့် ကြံခင်း ဆေးရုံလေးခုကို ပဏာမ ရွေးချယ်ခဲ့ပြီးနောက် အသေးစိတ် စစ်ဆေးမှုကို နေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့က ထပ်မံစစ်ဆေးခဲ့ပြီး ကျောင်းကုန်းမြို့နယ်က အကောင်းဆုံးဆု ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး၏ ၂၀၁၇ ခုနှစ်အတွက် စံပြမြို့နယ်ဆေးရုံဆုကို ကျောင်းကုန်းမြို့နယ်ဆေးရုံက ရရှိခဲ့သည့်အပြင် စံပြကျေးလက်ကျန်းမာရေးဌာနဆုတွင် မြို့နယ်အတွင်းမှ ပြိုက်ကျေးလက်ကျန်းမာရေးဌာနက ဒုတိယဆုကိုလည်းကောင်း၊ စံပြကျေးလက်ကျန်းမာရေးဌာနခွဲ မြို့နယ်အဆင့်တွင် ရောင်ပြစ်ကွင်း ကျေးလက်ကျန်းမာရေးဌာနခွဲက ပထမဆုကိုလည်းကောင်း ရရှိခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



# ကသာမြို့၌ နွေရာသီ တိုက်ကွမ်ဒိုသင်တန်းဆင်းပွဲကျင်းပ

**ကသာ ဧပြီ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော နွေရာသီ တိုက်ကွမ်ဒိုသင်တန်းဆင်းပွဲကို ဧပြီ ၃ ရက်က ကသာမြို့ရှိ မီတာ ၄၀၀ အားကစားကွင်းအတွင်း ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက အမှာစကားပြောကြားပြီး မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဝင်းအောင်က တိုက်ကွမ်ဒိုနည်းပြဆရာကြီး ဦးမြင့်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့သည်။ ထို့နောက် တိုက်ကွမ်ဒို သင်တန်းသား သင်တန်းသူများက တိုက်ကွမ်ဒိုပညာရပ်၏ အခြေခံလက်သီးထိုး သုံးမျိုး၊ အခြေခံကာကွယ်နည်း သုံးမျိုး၊ တိုက်ခိုက်ခြင်းနှင့် ခုခံကာကွယ်ခြင်း အမှတ်စဉ် ၁ ၊ ၂ ၊ ခါးစည်းအဆင့် တိုက်ခိုက်ခြင်း၊ ခါးစည်းအဝါအဆင့် တိုက်ခိုက်ခြင်းတို့ကို အဖွဲ့လိုက်နှင့် တစ်ဦးချင်း စွမ်းရည် ပြသခဲ့သည်။ အဆိုပါ နွေရာသီ တိုက်ကွမ်ဒိုသင်တန်းသို့ ကသာမြို့ပေါ်ရှိ ကျောင်းသား ကျောင်းသူ ၁၁၅ ဦး တက်ရောက်သင်ယူခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လယ်ယာထွက်စွန့်ပစ်ပစ္စည်းများဖြင့် သဘာဝမြေသြဇာ ပြုလုပ်နိုင်ရန် တောင်သူများအား နည်းပညာပေး

**ဘားအံ ဧပြီ ၅**

ဓာတုပိုးသတ်ဆေးအစား သဘာဝမြေသြဇာ အသုံးပြု၍ သီးနှံအထွက်တိုးစေရန်နှင့် မြေဆီလွှာပျက်စီးမှုကို ထိန်းသိမ်းနိုင်စေရန် ရည်ရွယ်၍ ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် GMSAEDC တို့ ပူးပေါင်းပြီး လယ်ယာထွက်စွန့်ပစ်ပစ္စည်းများ အသုံးပြု၍ သဘာဝမြေသြဇာပြုလုပ်နိုင်ရန် တောင်သူများအား နည်းပညာပေး ဟောပြောပွဲကို ဘားအံမြို့နယ် မိသရောင်ကျေးရွာ၌ ဧပြီ ၂ ရက်က ပြုလုပ်ခဲ့ကာ ဒေသခံတောင်သူများ စိုက်ပျိုးထားသော ရော်ဘာခြံတွင် အီးအမ်ဘိုကာရှီမြေဆွေးနှင့် အီးအမ်ရွက်ဖျန်းမြေသြဇာ ပြုလုပ်အသုံးပြုနည်းများကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

"ဓာတုပိုးသတ်ဆေးတွေ အသုံးများလာကြတာမို့ ဓာတ်ကြွင်းအာနိသင် ဆိုးကျိုးများပြီး မြေဆီလွှာ ပျက်စီးဆုံးရှုံးမှုတွေလည်း ဖြစ်ပေါ်လာနိုင်ပါတယ်၊ ဒါကြောင့်မို့ လယ်ယာထွက် စွန့်ပစ်ပစ္စည်းတွေဖြစ်တဲ့ ကောက်ရိုး၊ ပဲမှော်၊ ပဲရိုး၊ ပြောင်းရိုး၊ မြက်စို၊ မြက်ခြောက်၊ ဗေဒါ၊ သစ်ရွက်ဆွေးတို့နဲ့ တိရစ္ဆာန်ချေး၊ တင်လဲရည်၊ ရေနဲ့ အီးအမ်ဖျော်ရည်တို့ကို ရောမွှေမွေးမြူကာ ဘိုကာရှီမြေဆွေးရရှိပြီး စိုက်ခင်းများအတွင်း ထည့်သွင်းအသုံးပြုခြင်းဖြင့် မြေဆီသြဇာ ထက်သန်စေတာမို့ တောင်သူများရဲ့စိုက်ပျိုးရေးကဏ္ဍ အထွက်နှုန်းကောင်းမွန်စေမှာဖြစ်တာကြောင့် အခုလိုသဘာဝ မြေသြဇာပြုလုပ်နည်းများကို ကျေးရွာနေတောင်သူများထံ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်"ဟု ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မောင်မောင်က ပြောကြားသည်။



အဆိုပါ ပညာပေးပွဲတွင် ဘားအံမြို့နယ် မိသရောင်ကျေးရွာအုပ်စုအတွင်းရှိ မိသရောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများအား ပြည်နယ်ဒုတိယ စိုက်ပျိုးရေးဦးစီးမှူးနှင့်အတူ ပြည်နယ်စိုက်ပျိုးရေးပညာတာဝန်ခံ၊ ပြည်နယ်မြေအသုံးချရေးနှင့် မျိုးစေ့တာဝန်ခံများက အီးအမ်မြေဆွေးနှင့် အီးအမ်ရွက်ဖျန်းမြေသြဇာ ပြုလုပ်နည်းအဆင့်ဆင့်၊ သီးနှံများ၏ သက်တမ်းအလိုက် သဘာဝမြေသြဇာ စနစ်တကျ သုံးစွဲနည်းစနစ်များ၊ သီးနှံအထွက်နှုန်းကောင်းရန်အတွက် စိုက်ပျိုးမည့် မျိုးစေ့ရွေးချယ်မှုများအပြင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ စနစ်တကျ အစေးလှီးနည်းများ၊ ရောဂါကျရောက်မှု ကာကွယ်နှိမ်နင်းနည်းများနှင့် အပင်ပြုစုထိန်းသိမ်းနည်းများကိုလည်း နည်းပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# ကျောက်ပန်းတောင်းမြို့နယ်တွင် ကုလားပဲ နုတ်သိမ်းချိန် ဈေးရရှိမှုနည်းနေ

**ကျောက်ပန်းတောင်း ဧပြီ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ ကြက်မောက်တောင်ဆည်ရေသောက် ဒေသများတွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးခဲ့သည့် ကုလားပဲသီးနှံများကို နုတ်သိမ်းပြီးစီးပြီဖြစ်သော်လည်း ယခင်နှစ်များကလောက် ဈေးကောင်းမရသည့် အခြေအနေနှင့် ကြုံတွေ့နေရကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ယခု ကုလားပဲများ ရိတ်သိမ်းပြီးစအချိန်တွင် ဈေးနှုန်းမှာ တစ်တင်းလျှင် ငွေကျပ်နှစ်သောင်းခွဲခန့်သာ ရရှိနေပြီး ယခင်နှစ်ကထက် ဈေးရရှိမှုနည်းပါးနေကြောင်း၊ ယခင်နှစ်က သီးနှံပေါ်ဦးပေါ်စတွင်ပင် တစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀ ရရှိခဲ့ပြီး နောက်ဆုံးဈေးမှာ ငွေကျပ် ၄၅၀၀၀ အထိ ရရှိခဲ့ကြောင်း၊ ယခုနှစ် စိုက်ပျိုးချိန်တွင် ကုလားပဲမျိုးဈေးကို တစ်တင်းလျှင် ငွေကျပ် ၄၀၀၀၀ ကျပ်အထိ ပေးခဲ့ရသော်လည်း ယခု သီးနှံပေါ်ချိန်တွင် ဈေးကောင်း မရခြင်းဖြစ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။



ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်ရေသောက်ဒေသတွင် သီးနှံစိုက်ပျိုးမှုပုံစံကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားမှုဖြင့် မိုးစပါး-ကုလားပဲ-နွေနှမ်း ဟူ၍ တစ်နှစ် သုံးသီးစိုက်စနစ်ဖြင့် စိုက်ပျိုးလျက်ရှိကာ ယခုနှစ်တွင် ကုလားပဲသီးနှံ ၄၅၁၂ ဧက စိုက်ပျိုးထားခဲ့ကာ သီးနှံအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၁၀ တင်းခွဲခန့်ရှိကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကုလားပဲကို မိုးစပါးရိတ်သိမ်းပြီးချိန်မှစ၍ စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုနှစ်တွင် FAO Project နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လယ်သမားသင်တန်းကျောင်း လုပ်ငန်းအစီအစဉ်ဖြင့် ကျေးရွာသုံးရွာမှ တောင်သူ ၂၀ ဦးတို့အား တစ်ဧကလျှင် တစ်တင်းနှုန်း အခမဲ့ထောက်ပံ့၍ စိုက်ပျိုးရေးဆိုင်ရာ သင်တန်းများလည်း ငါးကြိမ်ပို့ချပေးခဲ့ကြောင်း သိရသည်။

မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက "ကျွန်မတို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ FAO Project အစီအစဉ်တို့ ပူးပေါင်းပြီး ကျေးရွာသုံးရွာကို ရွေးချယ်ခဲ့ပါတယ်၊ ဈေးကုန်း၊ ကိုင်းနဲ့ မကျီးတိုင်းရွာတွေပါ၊ အဲဒီရွာတွေကနေ တစ်ရွာကို တောင်သူ ၂၀ ဦးစီရွေးချယ်ပြီး စိုက်ပျိုးရေးဆိုင်ရာ သင်တန်းတွေကို ငါးကြိမ်တက်ရောက်စေခဲ့ပါတယ်၊ သင်တန်းတွေကတော့ ပြောင်းလဲလာတဲ့ရာသီဥတုကို အခြေခံပြီး စိုက်ပျိုးသင့်တဲ့ ခံနိုင်ရည်ရှိ သီးနှံမျိုးတွေကို ရွေးချယ်စိုက်ပျိုးတတ်စေဖို့နဲ့ ပိုးသတ်ဆေးကို စနစ်တကျ သုံးစွဲတတ်စေဖို့ပါ၊ ကျွန်မတို့အနေနဲ့ အဲဒီကျေးရွာသုံးရွာအတွက် ရေဆင်း-၄ ကုလားပဲမျိုးတွေကို စုစုပေါင်း ၆၃ တင်း အခမဲ့ဖြန့်ဝေစိုက်ပျိုးစေခဲ့ပါတယ်၊ ထွက်ရှိမှုကတော့ ရာသီဥတုအရ မညီပါဘူး၊ ဒါပေမယ့် ပျမ်းမျှအထွက်နှုန်းကိုကြည့်မယ်ဆိုရင် တစ်ဧက ပျမ်းမျှ ၁၀ ဒသမ ၅၀ တင်း ထွက်ရှိတာကို တွေ့ရပါတယ်၊ လာမယ့် နွေရာသီမှာလည်း နွေနှမ်းစိုက်ပျိုးရေးအတွက် ဆက်လက်လုပ်ဆောင်သွားဖို့ ရှိပါတယ်"ဟု ပြောသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် FAO Project အစီအစဉ်နှင့် ပူးပေါင်း၍ လာမည့်နွေရာသီကာလတွင် ဆည်ရေသောက်ဒေသမှ ဆည်းကန်၊ ညောင်တို၊ အိုးအိုင်ကျေးရွာသုံးရွာမှ တောင်သူ ၂၀ ဦးအား ရွေးချယ်သင်တန်းပေး၍ နွေနှမ်းသီးနှံအတွက် သီးနှံမျိုးစေ့များ အခမဲ့ထောက်ပံ့ပြီး စိုက်ပျိုးစေမည်ဖြစ်ကြောင်းနှင့် နွေစပါးစိုက်ပျိုးရေးအတွက်လည်း ကြက်မောက်တောင်ဆည်တွင် သိုလှောင်ရေ အပြည့်အဝရှိထားသဖြင့် နွေစပါးကိုလည်း လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းနှင့် တန်ဖိုးနည်းဝန်ထမ်းအိမ်ရာနှစ်လုံးဖွင့်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဧပြီ ၅**

ရန်ကုန်မြို့ရွှေပြည်သာစက်မှုဇုန် အပိုင်း - ၁ နှင့် ဝါးတစ်ရာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီတို့ ပူးပေါင်းကြီးကြပ်မှုဖြင့် ၁၁ ဒသမ ၈၆ မိုင်အရှည် ကွန်ကရစ်လမ်းနှင့် စက်ရုံအလုပ်သမားများ နေထိုင်ရန် တစ်ထပ်လျှင် ၁၂ ခန်းဖြင့် ငါးထပ်တိုက် နှစ်လုံးဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၄ ရက်က ရွှေပြည်သာ စက်မှုဇုန်အပိုင်း - ၁ စက်မှုဇုန်လမ်းမကြီးနှင့် ချယ်ရီလမ်းထိပ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုးကွန်ကရစ်လမ်းအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဉာဏ်လင်း၊ တိုင်းဒေသကြီးပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း၊ MIA ဥက္ကဋ္ဌ ဒေါက်တာ အောင်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး စက်မှုဇုန်ဝန်ထမ်းအိမ်ရာ နှစ်လုံးကိုလည်း စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ အမွှေးနံ့သာများ ပက်ဖျန်းသည်။

ထို့နောက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက စက်မှုဇုန်ဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်ထားရှိသော ရွှေပြည်သာစက်မှုဇုန် - ၁အတွင်းရှိ စက်ရုံလုပ်သားများနေထိုင်နိုင်ရန် မြေရိယာ ၂ ဒသမ ၁၅ ဧကအတွင်းရှိ RC ငါးထပ်တိုက်၊ တစ်ထပ်လျှင် (၁၈ × ၁၈) ပေ၊ အမြင့် ကိုးပေရှိ တစ်ထပ်လျှင်အခန်းပေါင်း ၁၂ခန်းပါဝင်သည့် ငွေကျပ်သိန်း ၈၀ မှ ငွေကျပ် သိန်း ၁၂၀ထိ တန်ဖိုးနည်းဝန်ထမ်းအိမ်ရာအား သုံးကြိမ်အရစ်ကျပေးချေမှုနှင့် ရွှေပြည်သာစက်မှုဇုန် - ၁ အတွင်းရှိ ကိုယ့်အားကိုယ်ကိုးခင်းကျင်းသော ကွန်ကရစ်လမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ရွှေပြည်သာစက်မှုဇုန်အား ၁၉၉၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး မြေရိယာ ၃၂၁ ဒသမ ၃၉၅ ဧကတွင် စက်မှုမြေကွက်ပေါင်း ၄၂၀ ၌ စက်ရုံ၊ အလုပ်ရုံ ၂၄၈ ရုံဖွင့်လှစ်ခဲ့ကာ စက်ရုံအလုပ်သမား ၂၃၉၅၅ ဦးဖြင့် ယနေ့တိုင် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**သန်းထိုက် (လှိုင်သာယာ)၊ ဓာတ်ပုံ-သန်းစိုး**



# မြို့သစ်မြို့နယ်မှ ဆည်တမံနှင့် ကျေးလက် ဆည်ငယ်၊ ကန်ငယ်များ ပြုပြင်ပြီးစီး

**မကွေး ဧပြီ ၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းမှ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် မြို့နယ်တွင်းရှိ အစိုးရဆည်တမံများနှင့် ကျေးလက်ဆည်ငယ်၊ ကန်ငယ်များကို ပြီးခဲ့သည့် မတ်လအတွင်းက ပြုပြင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း မြို့သစ်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"ကျိုးပေါက်နိမ့်ကျနေတဲ့ ဆည်ငယ်၊ ကန်ငယ်တွေ၊ ကန်ပေါင်တွေကို ပြုပြင်ပေးခဲ့ပါတယ်၊ ပုလင်းကြီးကျေးရွာအနီး ကန်တိုကန်၊ နင်းကြမ်းကျေးရွာအနီး အာသခ်ကန်နဲ့ ရေကြည်ပင်ကျေးရွာအနီး အောင်ဆွေဆည်တို့ ပြုပြင်ပေးနိုင်ခဲ့လို့ နွေစပါးစိုက်ဧက ၇၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပါတယ်"ဟု မြို့သစ်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှူး ဦးအောင်ဇော်ထက်က ပြောသည်။

မြို့သစ်မြို့နယ်အတွင်းမှ ဆည်တမံများ ပြုပြင်မှုကို မကွေးတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၏ ညွှန်ကြားပံ့ပိုးမှုနှင့် တိုင်းဒေသကြီးနှင့် ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနများ၏ ကြီးကြပ်မှုများဖြင့် အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းဦး(မကွေး)**



# ၁၃၇၉ ခုနှစ် သင်္ကြန်မဏ္ဍပ် လျှောက်ထားသူများ လိုက်နာရမည့် စည်းကမ်းချက်များ

**ရန်ကုန် မေ ၅**

**၁၃၇၉ ခုနှစ် သင်္ကြန်မဏ္ဍပ်လျှောက်ထားသူများ လိုက်နာရမည့်စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။**

အဆိုပါ ထုတ်ပြန်ချက်တွင် မဏ္ဍပ်များဆောက်လုပ်ရာ၌ မဏ္ဍပ်နေရာချထားရေးကော်မတီမှ သတ်မှတ်ခွင့်ပြုပေးသည့် နေရာ၊ သတ်မှတ်ခွင့်ပြုပေးသည့် အတိုင်းအတာ အတိုင်းသာ ဆောက်လုပ်ရမည်ဖြစ်ပြီး ခွင့်ပြုသည့်နေရာမှ ကျော်လွန်၍လည်းကောင်း၊ ရွှေ့ပြောင်း၍ လည်းကောင်း ဆောက်လုပ်ခွင့်မပြုကြောင်း၊ လိုက်နာဆောင်ရွက်ခြင်း မရှိပါက မဏ္ဍပ်ဆောက်လုပ်ခွင့်အား ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်ကြောင်း၊ မဏ္ဍပ်ဆောက်လုပ်ရန်အတွက် ခွင့်ပြုချက်ရရှိသူမှ အခြားသူများသို့ ငှားရမ်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း လုံးဝ မပြုလုပ်ရကြောင်း၊ လျှောက်ထားသူကိုယ်တိုင် ဆောက်လုပ်အသုံးပြုရန်သာ ဖြစ်ကြောင်း၊ လိုက်နာမှု မရှိလျှင် မူလခွင့်ပြုချက်ရရှိထားသော ပိုင်ရှင်မှ ၎င်းပေးသွင်းထားသည့် စပေါ်ငွေအနက် မဏ္ဍပ်အကြီးအတွက် ငွေကျပ်သိန်း ၅၀ ကိုလည်းကောင်း၊ မဏ္ဍပ် အလတ်အတွက် ငွေကျပ်သိန်း ၃၀ ကို လည်းကောင်း ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

### အာမခံစပေါ်ငွေမှ ပေးဆောင်ရမည်

ထို့အပြင် မဏ္ဍပ်အကြီးများအား မျက်နှာစာအရှည်ပေ ၁၂၀ မှ ၁၅၀၊ အနောက်ဘက်သို့ ပေ ၄၀ မြေပြင်မှ (၈+၁၂) ပေ ၂၀ အထိ ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ပြီး မဏ္ဍပ် အလတ်များအား မျက်နှာစာအရှည်ပေ ၅၀ မှ ၁၁၀ အနောက်ဘက်သို့ ပေ ၃၀ အမြင့်ပေ (၆+၁၀) ၁၆ ပေ အထိ ဆောက်လုပ်ခွင့်ပြုမည်ဖြစ်ကြောင်း၊ မဏ္ဍပ်များ၏ အကျယ်အဝန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ သတ်မှတ်ခွင့်ပြုပေးသည့် ပုံစံအတိုင်း မဏ္ဍပ်တာဝန်ခံအင်ဂျင်နီယာ၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်ရမည်ဖြစ်ကာ သတ်မှတ်အရွယ်အစားထက်ပိုပါက ၁ ပေ လျှင် ငွေကျပ် ၁၀ သိန်း ဒဏ်ကြေးတပ်ရိုက်ခံရမည်ဖြစ်ကြောင်း၊ အာမခံစပေါ်ငွေအဖြစ် သင်္ကြန်မဏ္ဍပ်အကြီးကို ငွေကျပ်သိန်း ၂၀၀နှင့် မဏ္ဍပ်အလတ်ကို ငွေကျပ်သိန်း ၁၀၀သတ်မှတ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) တွင် ကြိုတင်ပေးသွင်းရမည်ဖြစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များ ဖောက်ဖျက်ပါက သတ်မှတ်ဒဏ်ကြေးကို အာမခံစပေါ်ငွေမှ ပေးဆောင်ရမည်ဖြစ်ကာ စပေါ်ငွေကို သင်္ကြန်ကာလအပြီး မေလအတွင်း ပြန်လည်ထုတ်ယူခွင့်ရှိမည်ဖြစ်ကြောင်း ပါရှိသည်။

သင်္ကြန်မဏ္ဍပ်လျှောက်ထားသည့် ပိုင်ရှင်၊ မဏ္ဍပ်တာဝန်ခံနှင့် မဏ္ဍပ် ဒုတိယတာဝန်ခံ၊ မဏ္ဍပ်စည်းကမ်းထိန်းသိမ်းရေးနှင့် ရေပက်ခံ ယာဉ်ထိန်းသိမ်းရေး တာဝန်ခံနှင့် ဒုတိယတာဝန်ခံများအနေဖြင့် မဏ္ဍပ်စတင်တည်ဆောက်ချိန်မှစ၍ ပြန်လည်ဖျက်သိမ်းချိန်အထိ မဏ္ဍပ်နေရာချထားရေးကော်မတီမှ စီမံခန့်ခွဲရေးအရသော်လည်းကောင်း၊ လုံခြုံရေးအရသော်လည်းကောင်း၊ အခြားလိုအပ်ချက်အရသော်လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ညွှန်ကြား ညှိနှိုင်းဆောင်ရွက်ရန်အတွက် မိမိတို့ တရားဝင်တင်ပြထားသော တယ်လီဖုန်းနံပါတ်များအား အမြဲတမ်းဆက်သွယ်မှုမပြတ်စေရေး ဆောင်ရွက်ထားရှိရန်နှင့် တာဝန်ရှိသူများမှ အခါအားလျော်စွာ စစ်ဆေးသည့်အခါ အစစ်ဆေးခံနိုင်ရေး တာဝန်ခံ (သို့မဟုတ်) ဒုတိယတာဝန်ခံ တစ်ဦးဦး သင်္ကြန်ကာလပြီးဆုံးသည်အထိ မဏ္ဍပ်တွင် အချိန်ပြည့်ရှိနေစေရမည်ဖြစ်ကြောင်း၊ သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခြင်းကြောင့် လမ်းသား၊ စင်္ကြံနှင့်ရေမြောင်းများ ပျက်စီးမှုဖြစ်ပေါ်ပါက ပြန်လည်ပြင်ဆင်ရန်အတွက် ပျက်စီးမှုအတိုင်းအတာအလိုက် ကျသင့်တန်ဖိုးငွေအား ပေးသွင်းထားရှိသည့်စပေါ်ငွေမှ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) သို့ ပေးသွင်းရပါမည်ဖြစ်ကြောင်း၊ မဏ္ဍပ်ဆောက်လုပ်ခွင့်ပြုရန် လျှောက်ထားသူသည် သင်္ကြန်အပြီး ငါးရက်အတွင်း မဏ္ဍပ်များကို ပတ်ဝန်းကျင်ကို မထိခိုက်စေဘဲ သပ်ရပ်စွာ အပြီးအစီး ဖျက်သိမ်းပေးရမည်ဖြစ်ပြီး နောက်ကျပါက တစ်ရက်လျှင် ဒဏ်ကြေး ငွေကျပ် ငါးသိန်းကို နေ့စဉ်ပေးဆောင်ရပါမည်ဖြစ်ကြောင်း ဆက်လက်ဖော်ပြထားသည်။

### အပြီးဆောက်လုပ်ရမည်

ထို့အပြင် မဏ္ဍပ်များကို လမ်းသား (ကတ္တရာ၊ ကွန်ကရစ်) ပေါ်သို့ တက်၍ ဆောက်လုပ်ခြင်း ခွင့်မပြုကြောင်း၊ မဏ္ဍပ်ဆောက်လုပ်ရာတွင် မီးပွိုင့်များနှင့် ခုံးကျော်တံတားများအနီး ပေ ၄၅၀ အတွင်းဆောက်လုပ်ခြင်း မပြုရန်နှင့် မဏ္ဍပ်တစ်ခုနှင့် တစ်ခုကြား အနည်းဆုံး ပေ ၂၀၀ ခန့်အကွာအဝေးရှိရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်ဆောက်လုပ်မှုအား သင်္ကြန်အကြိုနေ့မတိုင်မီ သုံးရက်ခန့်အလိုတွင် မဏ္ဍပ်များအား အပြီးဆောက်လုပ်ရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်များဆောက်လုပ်ရာတွင် ကြံ့ခိုင်မှုရှိစေရန်အတွက် သတ်မှတ်ထားသော စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများနှင့် ကိုက်ညီစေရန် တာဝန်ယူကြီးကြပ်မည့် မဏ္ဍပ်တာဝန်ခံအင်ဂျင်နီယာ၏ ခံဝန်ကတိအား မဏ္ဍပ်ဆောက်လုပ်ခွင့် လျှောက်ထားရာတွင် ပူးတွဲတင်ပြစေပြီး ယင်းမဏ္ဍပ်တာဝန်ခံအင်ဂျင်နီယာ၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်ရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်များဆောက်လုပ်မှုကို မဏ္ဍပ်ကြံ့ခိုင်မှုစစ်ဆေးရေး ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုနှင့်အညီ ဆောက်လုပ်ရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်ဆောက်လုပ်ရာတွင် တိုင်၊ ရက်မ၊ ဆင့်တန်းများအား သတ်မှတ်ထားသော အရွယ်အစားနှင့် ခိုင်ခံ့မှုရှိသော ထုပြည့်၊ ဆိုက်ပြည့်သစ်များသာ အသုံးပြုရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်ဆောက်လုပ်ရာတွင် Steel Structure ဖြင့် ဆောက်လုပ်လိုပါက Hollow (သို့မဟုတ်) သံငြမ်းဖြင့်ဆောက်လုပ်ခြင်းမပြုရန်၊ H beam, I beam အသုံးပြုရန်နှင့် Full Welding အသုံးပြုရမည်ဖြစ်ကြောင်း ပါရှိသည်။

### အချက်ပြသွားရမည်

မဏ္ဍပ်များတည်ဆောက်ပါက ဆောက်လုပ်ရေးစွည်းများကို အများပြည်သူသွားလာအသုံးပြုသည့် ဧရိယာများတွင် စုပုံခြင်း၊ လူနှင့်ယာဉ်သွားလမ်းကြောင်း ပိတ်ဆို့ မှုမရှိစေရန် အထူးအလေးထားရှိရန်နှင့် ညအချိန်တွင်ဆောင်ရွက်ပါက လူနှင့်ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် အလင်းရောင်လုံလောက်စွာရရှိစေရေးနှင့် အရံအတားများ၊ ရောင်ပြန်များဖြင့် ထင်ရှားစွာ စီမံထားရှိရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်များ ညပိုင်းဆောက်လုပ်သည့်အခါ မော်တော်ယာဉ်များ ကြိုတင်မြင်နိုင်ရေးအတွက် မဏ္ဍပ်နေရာရှိလမ်းနှင့် ခြောက်ပေအကွာ၌ ရောင်ပြန် (သို့မဟုတ်) မီးအချက်ပြများဖြင့် ထင်သာမြင်သာရန်အတွက် အချက်ပြသွားရမည်ဖြစ်ကြောင်း။

မဏ္ဍပ်၏ ကြံ့ခိုင်မှုကို ဆောက်လုပ်နေစဉ် မပျက်မကွက်အစစ်ဆေးခံရမည်ဖြစ်ပြီး လာရောက်စစ်ဆေးသော စစ်ဆေးရေးအဖွဲ့၏ ညွှန်ကြားချက်အတိုင်း လိုအပ်ချက်များကို အတိအကျပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကာ စစ်ဆေးရေးအဖွဲ့၏ ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက မဏ္ဍပ်ဆောက်လုပ် အသုံးပြုခွင့် ပိတ်သိမ်းခြင်းခံရမည်ဖြစ်ကြောင်း၊ မိမိတို့၏ မဏ္ဍပ်စတင်ဆောက်လုပ်ချိန်မှ သင်္ကြန်ကာလပြီးဆုံးချိန်အထိ မိမိတာဝန်ယူရသည့် မဏ္ဍပ်၏ ထူးခြားဖြစ်စဉ်များအား သက်ဆိုင်ရာကော်မတီများသို့ မဏ္ဍပ်တာဝန်ခံမှ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်များဆောက်လုပ်ရာတွင် သစ်ပင်ကို အမာခံပြု၍ မဏ္ဍပ်တည်ဆောက်ခြင်း၊ သစ်ပင်အကိုင်းအခက်များအား ဖြတ်တောက်ခုတ်ထွင်ခြင်း မပြုရကြောင်း၊ မလွတ်ကင်းသည့်သစ်ကိုင်းများအား အပင်၏ဖွဲ့စည်းပုံ မပျက်စေရန်အတွက် အနည်းဆုံးလိုအပ်ချက်အရ ကိုင်းများကို ပန်းဥယျာဉ်နှင့် အားကစားကွင်း များဌာနမှ ဖြတ်ညှိပေးမည်ဖြစ်ပြီး မိမိသဘောအလျောက် ခုတ်ထွင်ရှင်းလင်းပါက ဌာနမှသတ်မှတ်ထားသည့် ဒဏ်ကြေးငွေအား ပေးဆောင်ရမည်ဖြစ်ကြောင်း ဖော်ပြ ထားသည်။

### ဒဏ်ကြေးငွေ ပေးဆောင်ရမည်

မဏ္ဍပ်ဆောက်လုပ်ရာတွင် သံတိုင်၊ သစ်၊ ဝါးများအား အပင်တွင်ကပ်ချည်ခြင်း၊ အပင်နှင့်တွဲ၍ သံရိုက်ခြင်းများ မပြုရပါ။ အပင်၏အကိုင်းအခက်များကို မထိခိုက်စေရန် လိုအပ်သောနေရာများတွင် Net စသည်ဖြင့် အုပ်ဆိုင်းချည်နှောင်ခြင်း အားသက်ဆိုင်ရာမဏ္ဍပ်တာဝန်ခံနှင့် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနတို့ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်များဆောင်ရွက်ရာတွင် လည်းကောင်း၊ ရေကစားသည့်ကာလတွင် လည်းကောင်း၊ သစ်ပင်ပန်းမန်များ၊ မြက်ခင်းများ ထိခိုက်ပျက်စီးခဲ့လျှင် ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၏ သတ်မှတ်ထားသော မူလတန်ဖိုးငွေ၏ သုံးဆအား ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ကြောင်း။

ထို့အပြင် အင်းလျားကန်ပေါင်ဧရိယာတွင် မဏ္ဍပ်ဆောက်ရန် ခွင့်ပြုမိန့်ရရှိထားသူများသည် ကန်ရေပြင်သန့်ရှင်းမှုအတွက် လည်းကောင်း၊ ကန်ပေါင်၏ မြေသားကြံ့ခိုင်ရေးကို ထိခိုက်စေခြင်းမဖြစ်စေရေးအတွက် လည်းကောင်း၊ မြေကျင်းများတူးခြင်း ခွင့်မပြုဘဲ သန့်စင်ခန်းအတွက် အသုံးပြုနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်း ရေးဌာနမှ ရွှေ့ပြောင်းသန့်စင်ခန်းများကို သတ်မှတ်ငှားရမ်းခ ပေးဆောင်၍ ငှားရမ်း အသုံးပြုရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်များ လျှပ်စစ်မီးသုံးစွဲရာတွင် သက်ဆိုင်ရာဌာန၏ ညွှန်ကြားမှုအတိုင်း သွယ်တန်းဆောင်ရွက်ရန်နှင့် ယာယီမီတာ လျှောက်ထားတပ်ဆင် သုံးစွဲရမည်ဖြစ်ပြီး မဏ္ဍပ်များတွင် အသုံးပြုသော ရေစက်၊ မီးစက်များအတွက် အသုံးပြုရန်ထားရှိသော စက်သုံးဆီများအား မီးဘေးအန္တရာယ် မဖြစ်ပွားစေရန်အတွက် လုံခြုံစွာစီမံထားရှိရန်နှင့် Multipurpose Dry Power Type 2 kg မီးသတ်ဆေးဘူး နှစ်ဘူး ထားရှိရမည်ဖြစ်ကြောင်း၊ မဏ္ဍပ်အတွင်း တပ်ဆင်ရမည့် မီးသတ်ဆေးဘူးများကို မီးသတ်ဦးစီးဌာနမှ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးမည်ဖြစ်ပြီး မဏ္ဍပ်များတွင် မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆီမီး၊ လျှပ်စစ်မီးငြိမ်းသတ်နိုင်ရန် Multipurpose Dry Power Type 5 Kg မီးသတ်ဆေးဘူးများကို မဏ္ဍပ် အကြီးတွင် လေးဘူး၊ မဏ္ဍပ်အလတ်တွင် နှစ်ဘူး ထားရှိရမည်ဖြစ်ကြောင်း၊ လျှောက်ထားရာတွင် ပိုင်ရှင်အမည်၊ မဏ္ဍပ်တာဝန်ခံအမည်နှင့် မဏ္ဍပ် ဒုတာဝန်ခံအမည်၊ မဏ္ဍပ်စည်းကမ်းထိန်းသိမ်းရေးနှင့် ရေပက်ခံယာဉ်များ ထိန်းသိမ်းရေးတာဝန်ခံနှင့် ဒုတာဝန်ခံအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့်လက်ကိုင်ဖုန်းနံပါတ်များနှင့် လိုင်းဖုန်းနံပါတ်များ အသီးသီးဖော်ပြရန်နှင့် ၎င်းပုဂ္ဂိုလ် ငါးဦး၏ (၁" × ၁.၅") အရွယ်ဓာတ်ပုံနှစ်စုံအပါအဝင် လျှောက်ထားရန်ဖြစ်ကြောင်း ဖော်ပြထားသည်။

(ဆက်လက်ဖော်ပြပါမည်)



## လှိုင်မြို့နယ် ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပ

**လှိုင် မတ် ၅**

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းကြီးမှကြီးမှူး၍ ရန်ကုန်တိုင်း သာသနာ့နုဂ္ဂအဟသင်းနှင့် လှိုင်သာယာမြို့နယ် သာသနာ့နုဂ္ဂဟအသင်းတို့ ပူးပေါင်းဖွင့်လှစ်သော နွေရာသီ ယဉ်ကျေး လိမ္မာသင်တန်းဆင်းပွဲကို မေ ၃ ရက်က အမှတ်(၁၉) အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျင်းပရာ လှိုင်သာယာမြို့နယ် သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးစိန်ကြိုင်နှင့် သင်တန်းနည်းပြဆရာ ဦးသိန်းထွဋ်တို့ ဩဝါဒစကား ပြောကြားပြီး ယဉ်ကျေးလိမ္မာသင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**မီးမီး(လှိုင်)**

## ဟားခါးမြို့ မြို့ပြစီမံကိန်းရေးဆွဲမှုအခြေအနေ ရှင်းလင်းဆွေးနွေး

**ဟားခါး မေ ၅**

ချင်းပြည်နယ်၏ မြို့တော်ဖြစ်သည့် ဟားခါးမြို့တော်အား မြို့တော်အင်္ဂါရပ်နှင့်အညီ စနစ်တကျ ဖြစ်လာစေရေးအတွက် ဟားခါးမြို့ မြို့ပြစီမံကိန်းကို ရေးဆွဲလျက်ရှိရာ စီမံကိန်းရေးဆွဲမှုအခြေအနေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ဟားခါးမြို့ မြို့တော်ခန်းမ၌ မေ ၂ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဝီကောက ဟားခါးမြို့ မြို့ပြစီမံကိန်း ရေးဆွဲမှုကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် သဘာဝဘေးကြောင့် ပြည်သူများအား နေရာချထားပေးခဲ့သည့် ဟားခါး ထာရ်(၁)နှင့် (၂)တို့အတွက် ဒုတိယအကြိမ်နှင့် ၂၀၁၇ ခုနှစ်တွင် ဟားခါးမြို့ကွက်သစ် ဧက ၁၀၀ Concept Plan ရေးဆွဲခြင်းတို့အတွက် တတိယအကြိမ် မြို့ပြစီမံကိန်းရေးဆွဲခြင်းကို ပညာရှင်များက ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၏ အကျိုးကိုသာ ရှေ့တန်းတင်ပြီး ဒေသဖွံ့ဖြိုးမှုကို မျက်ကွယ်ပြုမည်ဆိုပါက အုပ်ချုပ်စီမံဆောင်ရွက်ပေးသည့် ဌာနများ အခက်အခဲကြုံပြီး လုပ်ငန်းများ နှောင့်နှေးကြန့်ကြာနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် ဥပဒေ၊ စည်းကမ်းဘောင်အတွင်း စည်းလုံးညီညွတ်စွာဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေး လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများနှင့် ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် တာဝန်ရှိသူများ အနေနှင့်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့လုပ်ဆောင်ရမည့်တာဝန်များကို လက်တွေ့အကောင်အထည်ဖော်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲက ဟားခါးမြို့၏ မြို့ပြစီမံကိန်းရေးဆွဲမှု အခြေအနေနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ချင်းပြည်နယ် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမြင့်နှင့် တာဝန်ရှိသူများက မြို့ပြစီမံကိန်းရေးဆွဲထားမှုနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သန်လျင်မြို့နယ်၌ စူဠဘွဲ့နှင်းသဘင်နှင့် စာအောင်သံဃာဂုဏ်ပြု

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်းမှ စာအောင်သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ် ဆက်ကပ်ပွဲနှင့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို မေ ၃ ရက်က သန်လျင်မြို့သာသနာ့ဗိမာန်တော်၌ ကျင်းပခဲ့ကြောင်း သိရသည်။

စူဠဘွဲ့နှင်းသဘင် အခမ်းအနားတွင် မြို့နယ်သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ဩဝါဒချီးမြှင့်ပြီး မြို့နယ်သာသနာရေးဦးစီးမှူး ဦးခင်မောင်သန်းက ဆရာတော်အား သာသနာရေးဆိုင်ရာများလျှောက်ထားသည်။ ထို့နောက် ဓမ္မာစရိယအောင် တစ်ပါး၊ နိကာယ်စာမေးပွဲအောင် လေးပါး၊ အခြေပြုမူလတန်းအောင် ၅၁ ပါး၊ ပထမငယ်တန်းအောင် ၁၂ ပါး၊ ပထမလတ်တန်းအောင် ၁၉ ပါး၊ ပထမကြီးတန်းအောင် ၄၁ ပါး စုစုပေါင်း စာအောင်သံဃာနှင့်သီလရှင် ၉၁ ပါး တို့အား အောင်လက်မှတ်နှင့် ဆုတံဆိပ်များကို မြို့နယ်သာသနာရေးမှူးနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ကြပြီး အလှူရှင်များကလည်း လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**




## ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဉာဏစက္ကမထေရ်မြတ် ခန္ဓာဝန်ချတော်မူခြင်း



မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ စကားအင်းကျေးရွာ၊
မင်္ဂလာဇေယျာကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော
မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ
စိတ္တသုခမဟာသတိပဋ္ဌာန်ကမ္မဋ္ဌာန်းကျောင်းတိုက် (၄၉)တိုက်တို့၏
ပဓာန နာယကချုပ်ဆရာတော်
သက်တော်(၉၅-နှစ်) သိက္ခာတော် (၆၉-ဝါ)ရှိ
**ဘဒ္ဒန္တ ဉာဏစက္က မဟာထေရ်မြတ်ကြီး**သည်
၁၃၇၉-ခုနှစ်၊ တန်ခူးလပြည့်ကျော် (၃)ရက်
၂၀၁၈-ခုနှစ်၊ ဧပြီလ (၃)ရက်၊ ညနေ(၃း၅၅)နာရီအချိန်တွင်
ခန္ဓာဝန်ချတော်မူသွားပါသည်။
အထက်ပါကျောင်းတိုက်သို့ လာရောက်ကြည်ညိုနိုင်ကြပါရန်
တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။
**** အန္တိမ အဂ္ဂိရှာပန အစီအစဉ်ကို ထပ်မံကြေညာပါမည် ****

အကျိုးတော်ဆောင်အဖွဲ့
မင်္ဂလာဇေယျာကျောင်းတိုက်

---

**အမည်ပြောင်း**

ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အထက(၁)နဝမတန်း(A) မှ (ဦးဇော်မြင့်)-ဒေါ်အေးသူဇာကျော်တို့၏သား မောင်စိုးခန့်ဇော်အား မောင်ထက်အောင်ဝင့်လွင်ဟု ပြောင်းလဲခေါ်ပါရန်။

**ဒေါ်အေးသူဇာကျော် ၇/ဒဥန(နိုင်)၀၄၈၄၀၃**

---

## ရောင်းရန်ကြော်ငြာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**လားရှိုးခရိုင်တရားရုံး**

**၂၀၁၆ ခုနှစ် တရားမဇာရီမှုအမှတ်-၈**

| ဒေါ်သွင်သွင်လွင် | နှင့် | ဒေါ်အိအိဖြူ |
|---|---|---|
| **တရားနိုင်** | | **တရားရှုံး** |

လားရှိုးခရိုင်တရားရုံး၊ ၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၇/၂၀၁၆ အမှုတွင် ချမှတ်ခဲ့သော အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ၂၀၁၈ခုနှစ် မေ ၃ရက်(၁၃၈၀ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံဆွဲဝယ်သူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်များဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်နိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

လားရှိုးမြို့၊ ရပ်ကွက်(၉)၊ နယ်မြေ(၅)၊ အကွက်အမှတ် ၅/က/ဗမာခါးရိုး၊ ဦးပိုင်အမှတ် ၉၃၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၈ဧကရှိ မြေ၏ကြမ်းခင်းဈေးမှာ ကျပ်သိန်း ၆၀၀ဖြစ်ပြီး မြေပေါ်ရှိ ဆောက်လုပ်ထားသော နံကပ်သွပ်မိုးအဆောက်အအုံတစ်လုံးနှင့် ၄င်းအဆောက်အအုံ ပေါ်တွင် တပ်ဆင်ထားသော လျှပ်စစ်မီတာတစ်လုံး၊ စုစုပေါင်းကာလပေါက်ဈေးတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀/-(ကျပ်သိန်းငါးဆယ်တိတိ)ဖြစ်၍ စုစုပေါင်းကြမ်းခင်းဈေးမှာ ငွေကျပ် ၆၅၀၀၀၀၀၀၀/-(ကျပ်သိန်းခြောက်ရာ့ငါးဆယ်တိတိ)ဖြစ်၍ တရားရှုံး၏ဝေစုမြေ ၀ဒသမ၀၂၉ဧက၏ ကြမ်းခင်းဈေး မှာ ငွေကျပ် ၃၀၀၀၀၀၀၀၀/-(ကျပ်သိန်းသုံးရာတိတိ) နှင့် အဆောက်အအုံ၏တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀/-(ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ) စုစုပေါင်းတရားရှုံး၏ ဝေစုကြမ်းခင်းဈေးမှာ ငွေကျပ် ၃၂၅၀၀၀၀၀၀/- (ကျပ်သုံးရာနှစ်ဆယ့်ငါးသိန်းတိတိ)။

ကြမ်းခင်းဈေးငွေကျပ် ၃၂၅၀၀၀၀၀၀/-(ကျပ်သုံးရာနှစ်ဆယ့်ငါးသိန်းတိတိ)

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးဝယ်သည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန် မသင့်ကြောင်း ရောင်းချသူ အရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်နှုန်းကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ (၁၅)ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်တွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။ ၂၀၁၈ ခုနှစ် ဧပြီလ ၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညီမြိမ်)**
**ခရိုင်တရားသူကြီး**
**လားရှိုးခရိုင်တရားရုံး**

---

## ဦးစိန်မောင် အသက်(၈၇)နှစ်

**မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်(ငြိမ်း)**

**မြန်မာမေဖလားဝါးဘဏ်(ငြိမ်း)**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊အောက်ပုဇွန်တောင်လမ်းမကြီး၊ အမှတ် ၃၇၃နေ (ဦးရှန်-ဒေါ်ဖော့)တို့၏သား၊ (ဦးအောင်ထွန်း-ဒေါ်ကျင်)တို့၏သားသမက်၊ ဒေါ်ခင်ဥ၏ချစ်လှစွာသောခင်ပွန်း၊ ဦးအေးသိန်း-ဒေါ်မိမိခိုင်၊ ဦးတင်မောင်ဦး-ဒေါ်မူမူခင်၊ ဦးမြဇော်(Marina Shipping)-ဒေါ်စံပယ်(အလက-၁၊ဒဂုံ)၊ ဦးသန်းထွဋ်-ဒေါ်မို့မို့သက်(ခေတ္တ-နယူးဇီလန်)၊ ဦးဝင်းအောင်ထိုက်-ဒေါ်နီနီစံ၊ ဦးထွန်းထွန်းလှ-ဒေါ်မြမြမိုးတို့၏ချစ်လှစွာသောဖခင်၊ မြေး၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၂-၄-၂၀၁၈ရက် ည ၉း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)နံနက်၁၀နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူပြီး ယင်းနေ့ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်စန်းကြည်

**(ရွှေဆင်မင်း ရေခဲစက်)**

**အသက်(၈၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၁၁/က-၁)နှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လယ်ယာရွှေမြေလမ်း၊ အမှတ် ၄၂၊ ရွှေဆင်မင်းရေခဲစက်နေ (ဒုတိယဗိုလ်မှူးကြီးလှမြင့် -ငြိမ်း)၏ဇနီး၊ ဦးကျော်ဦးမြင့်(MD, Pretty Home Co.,Ltd)-ဒေါ်သန္တာဝင်း၊ ဦးစည်သူ (ABAC,KBZ)-ဒေါ်သီတာမြင့်၊ တွဲဖက်ပါမောက္ခဒေါက်တာညွန့်အောင်(မျက်စိ)-ဒေါ်သူဇာမြင့်၊ ဦးအောင်ထူးမြင့်(MD,မြင့်မိုရ်ဆင်မင်းကုမ္ပဏီ)-ဒေါ်ခိုင်သူဇာတို့၏ချစ်လှစွာသောမိခင်၊ ဒေါက်တာ ခင်ထက်ထက်သူ(ခေတ္တ-ဩစတြေးလျ)၊ မပန်းပြည့်မြတ်အောင်၊ မောင်ကောင်းမြတ်စည်သူ (ခေတ္တ-ဩစတြေးလျ)၊ မဇွန်ဖူးဝေ၊ မောင်အာကာစည်သူ F/O(MAI)၊ မကြိုင်သင်းပျံ့အောင်၊ မောင်ကောင်းဆက်ထူး (Final Part II ၊ ဆေး-၁)၊ မောင်အောင်ပြည့်ထူးတို့၏အဘွားသည် ၄-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၃၀နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသစ်

**(AZ ဖလင်)**

**B.Sc(Maths)(1995)**

**အသက်(၄၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးထွန်းကြွယ်)-ဒေါ်ခင်ချိုတို့၏သား၊ ဒေါပုံမြို့နယ်နေ ဦးကြည်အောင်-ဒေါ်ကြည်တို့၏သားသမက်၊ ဒေါက်တာကျော်သီဟ-ဒေါ်စန်းစန်းဦး၊ ဦးကေသာ-ဒေါ်စုမြတ်လတ်တို့၏ညီ/အစ်ကို၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၇လမ်း(လယ်)၊ အမှတ် ၂၃၉နေ ဒေါ်အေးသီတာဌေး၏ ချစ်လှစွာသောခင်ပွန်း၊ မမိုးပိုင်စိုး (ဒဂုံ-၂၊ မြို့မကျောင်း)၊ မောင်ထူးထက် (အလက-၁၊ ဒဂုံ)တို့၏ချစ်လှစွာသောဖခင်သည် ၄-၄-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၈ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ကိုသီဟစိုးမြင့် (ဟသ်ာတ)

**(TWINS Millonaire Co.,Ltd.)uPVC, Aluminium & Glass**

**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၁၁၉/ခနေ ဦးစိုးမြင့်-ဒေါ်ခင်ဝင်းမြင့် (သီဟ အလူမီနီယံ)တို့၏သား၊ အင်းစိန်၊ ပေါက်တောဝနေ ဦးကျော်လင်း(သန်းကြွယ်လုပ်ငန်းစု) -(ဒေါ်ခင်ဩကြူ)တို့၏သားသမက်၊ မနန္ဒာကျော် (TWINS Millonaire Co.,Ltd.)uPVC, Aluminium & Glass၏ ခင်ပွန်း၊ မဩနန္ဒာကျော်၊ မောင်အောင်သီဟကျော်(Nursery-MISY)တို့၏ဖခင်၊ ကိုငြိမ်းချမ်းစိုးမြင့်-မမြင့်မြင့်စိုး(NINE SIGNWORK)တို့၏အစ်ကို၊ မမြလေးခင် (P2-A ILBC)၏ ဦးလေးသည် ၄-၄-၂၀၁၈ရက် နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၄-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(တာမွေ၊သမိန်ဗရမ်းလမ်း နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**အမည်ပြောင်း**

လက်ပံတန်းမြို့နယ်၊ ခမုံဆိပ်အုပ်စု အိုးဖိုတန်းရပ်ကွက်နေ ဦးဇော်ရဲအောင်-မမိုးမိုးတို့၏သား ခမုံဆိပ်အမက၊ တတိယတန်းမှ မောင်ဟိန်းဇော်ထက်အား မောင်ဟိန်းထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဟိန်းထက်ဇော်**

# (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




(၁၉)ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဧပြီ ၅**

(၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေက (၁၉) ကြိမ်မြောက် အရှေ့တောင်အာရှ တက္ကသိုလ်များ အားကစားပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီကို နိုင်ငံတော် သမ္မတရုံး၏ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၂၀/၂၀၁၈)ဖြင့် ဒုတိယသမ္မတ ဦးဆောင်၍ အဖွဲ့ဝင် ၂၀ ဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် ၆ ရပ်ကို ချမှတ်ခဲ့ပါကြောင်း။ *စာမျက်နှာ ၄ ကော်လံ ၁* ❖

# တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများ အရှိန်အဟုန်နှင့်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၅**

တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့စုံညီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဦးဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဒေါက်တာအောင်သူ၊ ဦးခင်မောင်ချို၊ ဒေါက်တာသန်းမြင့်၊ ဦးကျော်ဝင်း၊ ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ လွှတ်တော်ရေးရာ *စာမျက်နှာ ၄ ကော်လံ ၁* ❄



တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့စုံညီအစည်းအဝေးတွင် ဦးဆောင်အဖွဲ့အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## လေအေးနှင့်လေနွေးများစုဆုံမှုကြောင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဧပြီ ၅**

ယနေ့မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသတိုင်းထွာချက်များအရ အနောက်ဘက်မှလာသော လေအေးများနှင့်ဘင်္ဂလားပင်လယ်အော်မှလာသော လေနွေးများစုဆုံမှုကြောင့် ဧပြီ ၇ ရက်မှ ၁၀ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးနှင့်ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့်ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့်ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာအဖြစ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဒုတိယ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် နေ့စဉ်ထုတ်သတင်းစာများ အလှည့်ကျထုတ်ဝေမည်

စာ ၁ > ၁၀

GRAND HANTHA DENTAL CENTER

GREEN. GRAND. CARE FOR THE PEOPLE
GRAND HANTHA INTERNATIONAL HOSPITAL









အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ

မြန်မာ့အလင်း
သောကြာ၊ ဧပြီ ၆၊ ၂၀၁၈

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရ၏ သက်တမ်းမှာ နှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ နှစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာ မြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

# နှစ်နှစ်တာကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်း လေးသိန်းနီးပါးတိုးမြင့်ခဲ့ ---

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အင်တာဗျူး

**တွေ့ဆုံမေးမြန်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး၊ သော်တာဝင်း**

**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သည် အလုပ်သမားရေးရာကိစ္စရပ်များနှင့် ပြည်သူလူထု ကိန်းဂဏန်းအချက်အလက်များ၊ နိုင်ငံသားများ၏ အခြေခံအခွင့်အရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားအခြားသော ဝန်ကြီးဌာနများ လုပ်ငန်းအောင်မြင်နိုင်ရေးအတွက် လူအရင်းအမြစ်ဆိုင်ရာ အချက်အလက်ကိစ္စရပ်များအားလုံးကို တာဝန်ယူဆောင်ရွက်ပေးရသည့် ဝန်ကြီးဌာနကြီးတစ်ခုဖြစ်သည်။**

**ဝန်ကြီးဌာန၏ လုပ်ဆောင်ချက်များကြောင့် ပိုမိုကောင်းမွန်သည့် အလုပ်သမားများ၏ အနာဂတ်နှင့် မှန်ကန်တိကျသည့် နိုင်ငံသားများ၏ အခွင့်အရေးများကို ဖော်ထုတ်နိုင်ခဲ့သည်ကို မြင်တွေ့ရသည်ဖြစ်ရာ ဝန်ကြီးဌာန၏ လုပ်ငန်းများနှင့် ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများ၊ စိန်ခေါ် မှုများကို သိရှိနိုင်စေရန်အတွက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေအား တွေ့ဆုံမေးမြန်းထားပါသည်။**

**မေး ။ ။အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့ အခု ကာလအတွင်း အဓိကထား ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းတွေကို ပြောပြပေးပါရှင့်။**

ဖြေ ။ ။ဝန်ကြီးဌာနအနေနဲ့ကတော့ အလုပ်သမားရေးရာ ဥပဒေများနဲ့အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုနဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေဖို့ဆိုတဲ့ မျှော်မှန်းချက်၊ ဒုတိယတစ်ခုအနေနဲ့ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ အမျိုးသားမှတ်ပုံတင်ရေးလုပ်ငန်းနဲ့ ပြည်သူ့အင်အားစာရင်းကောက်ယူထိန်းသိမ်းရေးလုပ်ငန်းတွေမှာ နိုင်ငံတော်အစိုးရရဲ့ မူဝါဒတွေနဲ့အညီ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ဆိုတဲ့ မျှော်မှန်းချက်တွေနဲ့ အစိုးရသစ်လက်ထက်မှာ စတင်ရပ်တည်ခဲ့ပါတယ်။

**မေး ။ ။ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖော်ထုတ်ပေးနိုင်ခဲ့တာတွေနဲ့ ပတ်သက်ပြီးလည်း သိလိုပါတယ်ရှင့်။**

ဖြေ ။ ။ဝန်ကြီးဌာနသစ်အဖြစ် စတင်ပြီးတော့ ဖွဲ့စည်းတဲ့အချိန်ကနေစပြီး ပထမဆုံး လုပ်ဆောင်ခဲ့တဲ့ လုပ်ငန်းကတော့ အလုပ်လက်မဲ့တွေ နည်းပါးပြီး နိုင်ငံရဲ့တစ်ဦးချင်းဝင်ငွေ မြင့်တက်လာဖို့နဲ့ နိုင်ငံအတွင်းမှာရှိတဲ့ အလုပ်အကိုင်တွေ ပိုမိုဖော်ထုတ်ပေးနိုင်ဖို့ ရည်ရွယ်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်ကနေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အထိ အလုပ်သမားမှတ်ပုံတင်ထားသူဦးရေဟာ ၂၂၁၄၃၃၆ ဦး ခန့်ရှိခဲ့ပါတယ်။ အလုပ်အကိုင် ခန့်အပ်ပေးနိုင်မှုအနေနဲ့ကတော့ အစိုးရဝန်ကြီးဌာနအသီးသီးကနေ လုပ်ငန်းလိုအပ်ချက်အရ ခေါ်ယူတဲ့ အလုပ်အကိုင်အခွင့်အလမ်းပေါင်းက ၂၇၄၀၆ ဦးနဲ့ ပုဂ္ဂလိကကဏ္ဍမှာ အလုပ်အကိုင်အခွင့်အလမ်းပေါင်းက ၃၆၉၄၂၅ ဦးရှိခဲ့တဲ့အတွက် နှစ်နှစ်တာကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း လေးသိန်းနီးပါး ပေးအပ်နိုင်ခဲ့ပါတယ်။

**မေး ။ ။ပြည်ပမှာ သွားရောက်အလုပ်လုပ်ကိုင်သူတွေအတွက်ရော ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုလုပ်ငန်းတွေကို လုပ်ဆောင်ပေးပြီး တရားဝင်ရွှေ့ပြောင်းအလုပ်သမားတွေ ဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသလဲ။**

ဖြေ ။ ။ဝန်ကြီးဌာနကနေ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအရ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီအပါအဝင် ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီ ၂၅၈ ခုအထိ လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။ ဒီနှစ်နှစ်တာအတွင်းမှာ အေဂျင်စီတွေကနေ ပြည်ပနိုင်ငံကိုးနိုင်ငံကို အလုပ်သမား စုစုပေါင်း ၃၀၇၇၆၇ ဦး စေလွှတ်ပေးနိုင်ခဲ့တယ်။

ထိုင်းနိုင်ငံမှာ ရောက်ရှိနေတဲ့ နိုင်ငံသားအထောက်အထား တင်ပြနိုင်ခြင်းမရှိတဲ့ မြန်မာနိုင်ငံသား အလုပ်သမားတွေ အတွက်လည်း ဆောင်ရွက်ပေးခဲ့ရတာရှိပါတယ်။ ထိုင်းနိုင်ငံရဲ့ ဥပဒေအရ မြန်မာနိုင်ငံသား အထောက်အထားမဲ့ အလုပ်သမားတွေဟာ ပြဿနာပေါင်းစုံနဲ့ရင်ဆိုင်နေကြရတဲ့အတွက် ၂၀၁၇ ခုနှစ်အတွင်းမှာ ပြန်လည်ခေါ်ယူရေးနဲ့ အထောက်အထားရရှိနိုင်ရေးအတွက် ဝန်ကြီးဌာနအနေနဲ့ ထိုင်းနိုင်ငံအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည်လက်ခံခြင်း စတဲ့လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ရပါတယ်။

အခုအချိန်မှာတော့ ထိုင်းနိုင်ငံကို ရောက်ရှိနေတဲ့ နိုင်ငံသားအထောက်အထား တင်ပြနိုင်ခြင်းမရှိတဲ့ မြန်မာအလုပ်သမားတွေကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI)ထုတ်ပေးတဲ့ စခန်းတွေကို မြန်မာအလုပ်သမားတွေ အများဆုံးနေထိုင်တဲ့နေရာတွေနဲ့ ရွှေ့လျားဆောင်ရွက်ပေးတဲ့ Mobile Team အဖွဲ့ နှစ်ဖွဲ့ကို ဖွဲ့ပြီး ဆောင်ရွက်ပေးခဲ့တဲ့အတွက် ၂၀၁၇ ခုနှစ် မတ် ၃ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၁၀ ရက်အတွင်းမှာ အထောက်အထားမဲ့ မြန်မာလူမျိုး ၁၀၃၃၁၇၄ ဦးကို CI ထုတ်ပေးနိုင်ခဲ့ပါတယ်။

*အချပ်ပို(ခ)သို့*



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ

**အလုပ်အကိုင် ခန့်အပ်ပေးနိုင်မှုအနေနဲ့ကတော့ အစိုးရဝန်ကြီးဌာနအသီးသီးကနေ လုပ်ငန်းလိုအပ်ချက်အရ ခေါ်ယူတဲ့ အလုပ်အကိုင်အခွင့်အလမ်းပေါင်းက ၂၇၄၀၆ ဦးနဲ့ ပုဂ္ဂလိကကဏ္ဍမှာ အလုပ်အကိုင်အခွင့်အလမ်းပေါင်းက ၃၆၉၄၂၅ ဦး ရှိခဲ့တဲ့အတွက် နှစ်နှစ်တာကာလအတွင်း အလုပ်အကိုင်အခွင့်အလမ်းပေါင်း လေးသိန်းနီးပါး ပေးအပ်နိုင်ခဲ့**



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်တွင်းပြည်ပခရီးသွားများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်စဉ်။

*အချပ်ပို (က)မှ*

**မေး။ ။ ပြည်တွင်းအလုပ်သမားတွေအတွက် ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုအခွင့်အရေးတွေကို ပေးအပ်နိုင်ခဲ့ပါသလဲရှင့်။**

ဖြေ။ ။ အဓိကကတော့ အနည်းဆုံးအခကြေးငွေကို ပြင်ဆင်သတ်မှတ်ပေးနိုင်ခဲ့ပါပြီ။ အနည်းဆုံးအခကြေးငွေကို ပြင်ဆင်သတ်မှတ်ပေးနိုင်ဖို့အတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီရဲ့ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ် မတ် ၅ ရက်မှာ ကျင်းပခဲ့ပြီး အဆိုပြုအနည်းဆုံး အခကြေးငွေကို ၁၀ ဦးနှင့် အထက်ရှိတဲ့ လုပ်ငန်းတွေအားလုံးအတွက် တစ်နာရီလျှင် ငွေကျပ် ၆၀၀ နှုန်းနဲ့ အလုပ်ချိန် ရှစ်နာရီ (တစ်ရက်)အတွက် ငွေကျပ် ၄၈၀၀ကို သတ်မှတ်နိုင်ဖို့အတွက်အပါအဝင် ဆုံးဖြတ်ချက်ငါးချက်ကို ချမှတ်ပေးနိုင်ခဲ့ပါတယ်။ အဆိုပြုအနည်းဆုံးအခကြေးငွေ အတည်ပြုထုတ်ပြန်နိုင်ဖို့လည်း ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ပေးပို့ထားပြီး ဖြစ်ပါတယ်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနကလည်း ပြည်တွင်းပြည်ပကုမ္ပဏီတွေနဲ့ ပူးပေါင်းပြီး အလုပ်ရှာဖွေသူနဲ့ အလုပ်ရှင်တွေ တစ်နေရာတည်းမှာတွေ့ဆုံပြီး One Stop Service နဲ့ ရွေးချယ်ခန့်ထားပေးတဲ့ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) တွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်ခုနစ်ခုမှာ ၂၁ ကြိမ်ခန့် ကျင်းပပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း ကျင်းပပေးသွားမှာဖြစ်ပါတယ်။ ရွှေ့ပြောင်းအလုပ်သမားတွေ လုံခြုံစိတ်ချစွာရွှေ့ပြောင်းသွားလာလုပ်ကိုင်နိုင်ရေးအတွက် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ရေးဗဟိုဌာန MRC ရုံးသစ်တွေကိုလည်း ၁၃ ရုံးအထိ ဖွင့်လှစ်ထားနိုင်ခဲ့ပါတယ်။




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား တွေ့ဆုံမှာကြားစဉ်။

**မေး။ ။ အသက်မွေးဝမ်းကျောင်းမှု ကျွမ်းကျင်ရေးအတွက်ရော ဘယ်လိုဖြည့်ဆည်းပေးနေလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ ၂၀၁၆ခုနှစ် ဧပြီလကနေ ယနေ့အချိန်အထိ မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)ကနေ အတည်ပြုထားတဲ့ ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ရေးဌာနတွေမှာ ပြည်တွင်းအလုပ်သမားဈေးကွက်ရဲ့လိုအပ်ချက်အများဆုံး အလုပ်အကိုင် ၁၈ မျိုးအတွက် ကျွမ်းကျင်မှု အဆင့် ၁ လုပ်သား ၂၉၃၀၊ ကျွမ်းကျင်မှု အဆင့် ၂ လုပ်သား ၉၂ ဦး၊ စုစုပေါင်း ၃၀၂၂ ဦး စစ်ဆေးအကဲဖြတ်အောင်မြင်ခဲ့လို့ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်တွေ ထုတ်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနဲ့ လုပ်သားတွေရဲ့ ကျန်းမာရေးအတွက် ဘယ်လိုဆောင်ရွက်ပေးနေပါသလဲ။**

ဖြေ။ ။ စက်ရုံ၊ အလုပ်ရုံတွေမှာ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနဲ့ ကျန်းမာရေးကော်မတီတွေ ဖွဲ့စည်းထားပြီး လက်ရှိအချိန်အထိ စက်ရုံ၊ အလုပ်ရုံ ၂၄၉ ရုံမှာ အဆိုပါ ကော်မတီတွေ ဖွဲ့စည်းထားနိုင်ခဲ့ပါပြီ။ ဒါကြောင့် စုစုပေါင်း စက်ရုံ၊ အလုပ်ရုံ ၁၁၈၉ ရုံမှာ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းဝေးဖို့နဲ့ ကျန်းမာရေးထိခိုက်မှုမရှိစေဖို့ အများကြီး အထောက်အကူဖြစ်စေပါတယ်။

**မေး။ ။ အလုပ်ရှင်နဲ့ အလုပ်သမားအကြား အရေးကိစ္စတွေကိုရော ဘယ်လိုကိုင်တွယ် ဖြေရှင်းပေးနိုင်ခဲ့ပါသလဲ။**

ဖြေ။ ။ အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာနကနေ ခုံသမာဓိကောင်စီကနှစ်နှစ်တာ ကာလအတွင်း အလုပ်သမားရေးရာ အငြင်းပွားမှု ၁၇၅ မှုကို ဖြေရှင်းနိုင်ခဲ့ပြီး အလုပ်သမား ၂၇၇၇ ဦးအတွက် အကျိုးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၇၆၀ ကျော်နဲ့ အမေရိကန်ဒေါ်လာ ငါးသောင်းကျော် ပေးအပ်နိုင်ခဲ့ပါတယ်။ ခုံသမာဓိအဖွဲ့ကလည်း အလုပ်သမား အငြင်းပွားမှု ၃၀၅ မှုကို ဖြေရှင်းပေးခဲ့ပြီး အလုပ်သမား ၅၅၂ ဦးအတွက် ငွေကျပ်သိန်း ၉၀၀ ကျော် ပေးအပ်နိုင်ခဲ့ပါတယ်။ အလုပ်ရှင်နဲ့အလုပ်သမား အငြင်းပွားမှုတွေကို ညှိနှိုင်းဖြန်ဖြေပေးဖို့ မြို့နယ်အဖွဲ့များမှ အငြင်းပွားမှု ၁၆၈၉ မှုကို လက်ခံဖြေရှင်းခဲ့ပြီး အမှုပေါင်း ၁၄၃၄မှုကို ကျေအေးအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်ခုံသမာဓိအဖွဲ့ကို အလုပ်သမား ၁၄၅၇၂ ဦးအတွက် ငွေကျပ်သိန်းပေါင်း ၃၆၀၀၀ ကျော်နဲ့ အမေရိကန် ဒေါ်လာ ၆၀၀၀၀ ကျော်ကို ခံစားစေခဲ့ပါတယ်။

**မေး။ ။ အလုပ်သမားစစ်တမ်း၊ ကလေးလုပ်သားစစ်တမ်းနဲ့ ကျောင်းအပြီး လုပ်ငန်းခွင်ဆောင်ရွက်မှု အကူးအပြောင်းစစ်တမ်းတွေ ကောက်ယူနေတဲ့အခြေအနေကိုလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ။ ရာသီချိန်အလိုက် အလုပ်သမားတွေ အလုပ်အကိုင်ရရှိမှုကို သိနိုင်ဖို့အတွက် လုပ်သားအင်အားစစ်တမ်း၊ ကလေးလုပ်သားနဲ့ ကျောင်းအပြီး လုပ်ငန်းခွင်ဆောင်ရွက်မှု အကူးအပြောင်းစစ်ဆေးခြင်းတွေကို ILO ရဲ့ နည်းပညာနဲ့ ၂၀၁၅ ကနေ စတင်ကောက်ယူခဲ့တာဖြစ်ပါတယ်။ စစ်တမ်းတွေကို ၂၀၁၇ ခုနှစ်အတွင်းမှာ နှစ်ကြိမ်နဲ့ ၂၀၁၈ခုနှစ် အတွင်းမှာ တစ်ကြိမ်ကောက်ယူခဲ့တာမို့ စာရင်းကောက်ကွက် ၁၅၆၀၊ အိမ်ထောင်စု ၂၈၀၈၀ ကို လွှမ်းခြုံကောက်ယူထားနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ကလေးအလုပ်သမားပပျောက်ရေးအတွက် အမျိုးသားကော်မတီကို ယခုနှစ် ဖေဖော်ဝါရီလမှာ ဖွဲ့စည်းနိုင်ခဲ့ပါပြီ။ ကလေးအလုပ်သမားဆိုင်ရာ အန္တရာယ်ရှိတဲ့ လုပ်ငန်းခွင်စာရင်းမူကြမ်းနဲ့ မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်မူကြမ်းတွေကို အကောင်အထည်ဖော်ရေးဆွဲနေပြီး ကလေးအလုပ်သမားတွေအတွက် ဆောင်ရွက်ပေးသွားဖို့ ရှိပါတယ်။

*အချပ်ပို (ဂ)သို့*




ပြည်တွင်းရှိ အထည်ချုပ်အလုပ်သမားများနှင့် အလုပ်ရှင်တို့၏ အငြင်းပွားမှုပြဿနာများကို ပြေလည်စေရန် တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးစဉ်။

**“ အနည်းဆုံးအခကြေးငွေကို ပြင်ဆင်သတ်မှတ်ပေးနိုင်ဖို့အတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီရဲ့ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ၂၀၁၈ ခုနှစ် မတ် ၅ ရက်မှာ ကျင်းပခဲ့ပြီး အဆိုပြုအနည်းဆုံး အခကြေးငွေကို ၁၀ ဦးနှင့် အထက်ရှိတဲ့ လုပ်ငန်းတွေအားလုံးအတွက် တစ်နာရီလျှင် ငွေကျပ် ၆၀၀ နှုန်းနဲ့ အလုပ်ချိန် ရှစ်နာရီ (တစ်ရက်) အတွက် ငွေကျပ် ၄၈၀၀ကို သတ်မှတ်နိုင်ဖို့အတွက် အပါအဝင် ဆုံးဖြတ်ချက် ငါးချက်ကို ချမှတ်ပေးနိုင်ခဲ့ ”**

*အချပ်ပို (ခ)မှ*

**မေး ။ ။ ဝန်ကြီးဌာနအနေနဲ့ အခြားသော အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကရော အောင်မြင်မှုတွေ ရှိပါသလား။**

ဖြေ ။ ။ ၂၀၁၆ခုနှစ် နဲ့ ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံတွေကို ပြည်ထောင်စုဝန်ကြီးကပဲ ခေါင်းဆောင်ပြီး သုံးပွင့်ဆိုင် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါတယ်။ အဓမ္မစေခိုင်းမှုပပျောက်ရေး နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာကိုလည်း မြန်မာအစိုးရနဲ့ ILO တို့ ၂၀၁၈ ခုနှစ်အတွက် လက်မှတ်ရေးထိုးမှုကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်းမှာ ပြုလုပ်နိုင်ခဲ့ပြီး စီမံချက်အကောင်အထည်ဖော်မှု စတင်နိုင်ခဲ့ပါတယ်။

ဂုဏ်ယူဝမ်းမြောက်ဖွယ်ကတော့ ၂၀၁၇ ခုနှစ် ဇွန်လမှာ ရွေးချယ်ခဲ့တဲ့ ILO ရဲ့အုပ်ချုပ်မှုအဖွဲ့ဝင် ၂၀၁၇-၂၀၂၀ သက်တမ်းအတွက် မြန်မာနိုင်ငံက အာရှ-ပစိဖိတ်ဒေသအုပ်စုရဲ့ Deputy Member အဖြစ် ရွေးချယ်ခံခဲ့ရတာပါပဲ။ ဒါကတော့ မြန်မာအစိုးရအနေနဲ့ အလုပ်သမားရေးရာကိစ္စရပ်တွေကို ဆောင်ရွက်နိုင်ခဲ့တဲ့ အကျိုးရလဒ်တစ်ခုလည်း ဖြစ်ပါတယ်။

ရွှေ့ပြောင်းအလုပ်သမားတွေရဲ့အခွင့်အရေးတွေကာကွယ်စောင့်ရှောက်တာနဲ့ မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံ သဘောတူညီချက်တွေကို (၃၁) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးမှာ အာဆီယံခေါင်းဆောင်တွေက လက်မှတ်ရေးထိုးတဲ့အခါမှာလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် လက်မှတ်ရေးထိုးမှုကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှာ ပြုလုပ်နိုင်ခဲ့ပါတယ်။



ရွှေ့ပြောင်းအလုပ်သမားများ အလုပ်အကိုင်ရရှိရေးအတွက် ဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။

**၂၀၁၇ ခုနှစ် ဇွန်လမှာ ရွေးချယ်ခဲ့တဲ့ ILO ရဲ့ အုပ်ချုပ်မှုအဖွဲ့ဝင် ၂၀၁၇-၂၀၂၀ သက်တမ်းအတွက် မြန်မာနိုင်ငံက အာရှ-ပစိဖိတ်ဒေသအုပ်စုရဲ့ Deputy Member အဖြစ် ရွေးချယ်ခံခဲ့ရတာပါပဲ။ ဒါကတော့ မြန်မာအစိုးရအနေနဲ့ အလုပ်သမားရေးရာကိစ္စရပ်တွေကို ဆောင်ရွက်နိုင်ခဲ့တဲ့ အကျိုးရလဒ်တစ်ခုလည်းဖြစ်**




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဆိုက်ရောက်ဗီဇာဌာန၌ ခရီးသွားများအား စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

အလုပ်သမားရေးရာကိစ္စရပ်တွေကို အစိုးရ၊ အလုပ်ရှင်နဲ့ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းမှု အရှိန်မြှင့်ဖို့အတွက် လုပ်ငန်းဆိုင်ရာအဖွဲ့တွေကို ဖွဲ့စည်းခဲ့ပြီး အမျိုးသားအဆင့် သုံးပွင့်ဆိုင် ဆွေးနွေးပွဲများ အကြိမ်ကြိမ်ကျင်းပနိုင်ခဲ့တယ်။

**မေး ။ ။ ဝန်ကြီးဌာနအနေနဲ့ ဥပဒေရေးရာတွေနဲ့ပတ်သက်ပြီးတော့ရော ဘယ်လိုဆောင်ရွက်တာမျိုး ရှိပါသလဲ။**

ဖြေ ။ ။ လက်ရှိအချိန်အထိ ဝန်ကြီးဌာနကနေ ကျင့်သုံးနေတဲ့ အလုပ်သမားရေးရာ ဥပဒေ ၁၄ ခု ရှိပါတယ်။ နိုင်ငံခြားသား အလုပ်သမားဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ သဘောထားမှတ်ချက်နဲ့အညီ ဌာနတွင်း ဆွေးနွေးနေပြီး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ(မူကြမ်း)ကို အတည်ပြုပြဋ္ဌာန်းဖို့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေးမှာလည်း ၂၀၁၈ မတ်လ ၉ ရက်နေ့က အဆိုတင်သွင်းခဲ့ပါတယ်။

**မေး ။ ။ အလုပ်သမားတွေအတွက် လူမှုဖူလုံရေးလုပ်ငန်းတွေ ဆောင်ရွက်ထားတဲ့ အခြေအနေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ ။ ။ ဆေးကုမှု ကုန်ကျမှုစရိတ်တွေကို ပြန်ထုတ်ပေးခဲ့တာဆိုရင် နှစ်နှစ်တာအတွင်းမှာ အမှုတွဲပေါင်း ၁၀၂၆၅ မှု ရှိခဲ့ပြီး ဆေးကုသမှုစရိတ်အတွက် ကျပ် ၁၁၆၁ ဒသမ ၁၅၉ သန်းကို ပေးအပ်နိုင်ခဲ့ပါတယ်။ ငွေကြေးအကျိုးခံစားခွင့်ကတော့ အမှုတွဲ ၃၀၀၄၈၅ မှုရှိခဲ့ပြီး ကျပ်သန်း ၁၃၂၂၇ ဒသမ ၇၃၀ ကို ပေးအပ်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကိုလည်း လေ့လာစိစစ်ရေးအဖွဲ့က စိစစ်ပေးနေသလို စီမံခန့်ခွဲမှုဆိုင်ရာမှာလည်း ပြုပြင်ပြောင်းလဲမှုတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်။

**မေး ။ ။ လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီးတော့လည်း ရှင်းပြပေးပါဦးရှင့်။**

ဖြေ ။ ။ နှစ်နှစ်တာအတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် အမည်မည်းစာရင်းရေးသွင်းထားသူတွေကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ စိစစ်ဖြေလျှော့ခဲ့တဲ့အတွက် မြန်မာနိုင်ငံသား ၂၇၉ ဦးနဲ့ နိုင်ငံခြားသား ၄၀၂ ဦးကို ပယ်ဖျက်ပေးနိုင်ခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာလေဆိပ်တွေကနေ ဝင်ရောက်တဲ့ နိုင်ငံခြားသားခရီးသည်တွေကို အမည်မည်းစာရင်းတွေ ကြိုတင်စစ်ဆေးနိုင်တဲ့စနစ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ၂၀၁၈ ခုနှစ် မတ်လကနေစပြီး ဆောင်ရွက်ထားနိုင်ခဲ့ပြီဖြစ်ပါတယ်။

ဆိုက်ရောက်ဗီဇာစနစ်ကို အသုံးပြုပြီး နိုင်ငံ ၅၁ နိုင်ငံက ခရီးသွားတွေကို ရန်ကုန်၊ မန္တလေးနဲ့ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သုံးခုမှာ ခွင့်ပြုပေးနိုင်ခဲ့ပြီး ယူကရိန်း၊ ရုရှားနိုင်ငံတွေကိုလည်း ဆိုက်ရောက်ဗီဇာခွင့်ပြုနိုင်ခဲ့ပြီဖြစ်လို့ နိုင်ငံခြားဝင်ငွေ တိုးပွားရရှိလာနိုင်ခဲ့ပါတယ်။ eVisa စနစ်ကို အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုအပြင် မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်၊ မြဝတီ၊ ကော့သောင်းနဲ့ ထီးခီးဂိတ်တို့ကနေ ဝင်ထွက်ခွင့်ပြုခဲ့ပါတယ်။ သံတမန်နိုင်ငံကူးလက်မှတ်နဲ့ အထူး နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူတွေကိုလည်း အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်တွေ လုပ်ဆောင်ပေးခဲ့ပြီး နိုင်ငံပေါင်း ၂၁ နိုင်ငံ ရှိခဲ့ပြီဖြစ်ပါတယ်။ သာမန်နိုင်ငံကူးလက်မှတ်နဲ့ အာဆီယံရှစ်နိုင်ငံကိုလည်း အပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ပြုနိုင်ခဲ့ပါတယ်။

**မေး ။ ။ နိုင်ငံကူးလက်မှတ်ထုတ်ပေးမှု အခြေအနေတွေနဲ့ ပြည်ဝင်ခွင့်ဗီဇာအတွက် နိုင်ငံခြားသားတွေအပေါ် ဖြေလျှော့မှုတွေရော ပြုလုပ်ပေးခဲ့တဲ့အခြေအနေကိုလည်း သိပါရစေ။**

ဖြေ ။ ။ နိုင်ငံခြားသားတွေ ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားရာမှာ တင်ပြရမယ့် အထောက်အထားတွေထဲကအချို့ကို ဖြေလျှော့ပေးခဲ့ပြီး ဗီဇာခြောက်မျိုးကို သုံးလ၊ ခြောက်လ၊ တစ်နှစ်ရှိတဲ့ အကြိမ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာအဖြစ် တိုးမြှင့်ခွင့်ပြုခဲ့ပါတယ်။ ပြည်တွင်းနေ နိုင်ငံခြားသားတွေရဲ့ ဆွေမျိုးတွေထံကို သွားရောက်လိုတဲ့အခါမှာ ပြည်ပြန်ဝင်ခွင့်ဗီဇာအတွက် မြန်မာငွေကျပ် ငါးထောင်ခန့်သာ ပေးသွင်းရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အနှံ့မှာ ၁၇ ရုံးခန့် ဖွင့်လှစ်နိုင်ခဲ့ပြီး ဒီနှစ်ပိုင်းမှာလည်း တာချီလိတ်၊ မြဝတီနဲ့ ကော့သောင်းမြို့ရုံးခွဲတွေမှာလည်း စိစစ်ဆောင်ရွက်ပေးနေပါတယ်။

အပြည်ပြည်ဆိုင်ရာလေဆိပ်တွေနဲ့ နယ်စပ်ဝင်ထွက်ပေါက်တွေမှာလည်း ခရီးသည်ဆိုင်ရာအချက်အလက်ရယူသည့်စနစ်ကို အသုံးပြုနိုင်ခဲ့ပြီး မကြာခင် Integrated Border Control System နဲ့ ရုံးချုပ်ကနေ တိုက်ရိုက်ညွှန်ကြားနိုင်ဖို့ စီစဉ်နေပါတယ်။ နှစ်နှစ်တာအတွင်းမှာ ပြည်ပ စင်းလုံးငှားလေယာဉ်ခရီးသည်တွေအတွက် ညောင်ဦးနဲ့ မြိတ်လေဆိပ်တွေမှာ Machine Readable Travel Document စနစ်နဲ့ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ***အချပ်ပို(ဃ)သို့***



ရန်ကုန်ဆိပ်ကမ်း၌ ပြည်ပထွက်ခွာမည့်သူများအား သက်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

*အချပ်ပို (ဂ) မှ*

**မေး။ ။မြန်မာနိုင်ငံသား ဖြစ်ခွင့်အတွက်ကိုရော ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုကိုင်တွယ် ဆောင်ရွက်ပေးနေပါသလဲ။**

ဖြေ။ ။နိုင်ငံတော်အစိုးရရဲ့ နှစ်နှစ်တာ သက်တမ်းအတွင်းမှာ မြန်မာနိုင်ငံသား ဟောင်း နိုင်ငံခြားသားတွေက မြန်မာနိုင်ငံသား အဖြစ် ပြန်လည်ခံယူခွင့် လျှောက်ထားတာ ၁၁၇ ဦးရှိပြီး ၆၈ ဦးကို ခွင့်ပြုခဲ့ပါတယ်။ နိုင်ငံခြား သား အမြဲနေထိုင်ခွင့်စနစ်ကိုလည်း လျှောက်ထား လာတာ ၁၉၃ ဦးရှိပြီး ၁၂၉ ဦးကို စိစစ်အတည်ပြု ဆောင်ရွက်ပေးခဲ့ပါတယ်။

**မေး။ ။ရခိုင်ပြည်နယ်အတွင်းမှာရော ထွက်ပြေး တိမ်းရှောင်သူတွေအတွက် ပြန်လည် လက်ခံပေးနိုင်ရေး ဆောင်ရွက်ခဲ့တဲ့ အခြေအနေ တွေကိုလည်း ပြောပြပေးပါဦးရှင့်။**

ဖြေ။ ။ရခိုင်ပြည်နယ်၌ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်တွေကြောင့် တစ်ဖက်နိုင်ငံကို ထွက်ပြေးတိမ်းရှောင်သွားသူတွေ နေရပ်ပြန်နိုင်ဖို့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက် အရ ပြန်လည်လက်ခံရေး မူငါးချက်နဲ့ ဆောင်ရွက်ပေး နေပါတယ်။ ကုန်းလမ်းက ပြန်လည်ဝင်ရောက်လာ တဲ့သူတွေကို တောင်ပြို(လက်ဝဲ)ပြန်လည်လက်ခံ ရေးစခန်းနဲ့ ရေကြောင်းကနေ ဝင်ရောက်လာတဲ့ သူတွေကို ငါးခူရပြန်လည်လက်ခံရေးစခန်းတွေ မှာ ညွှန်ကြားရေးမှူးတစ်ဦးစီ၊ ဦးစီးအင်အား ၃၀

**မှတ်ပုံတင်လုပ်ငန်းတွေမှာ စိစစ်ဆောင်ရွက် ပေးနေတဲ့ အကြောင်းအရာတွေကိုလည်း သိပါရ စေရှင့်။**

ဖြေ။ ။နိုင်ငံတော်အစိုးရရဲ့ သက်တမ်း နှစ်နှစ် တာအတွင်းမှာ ပြည်တွင်းရွှေ့ပြောင်း နေထိုင်သူတွေနဲ့ အလုပ်သမားတွေကို ရောက်နေ တဲ့နေရာတွေမှာ အိမ်ထောင်စု ၃၉၉၆၀ အတွက် အိမ်ထောင်စု လူဦးရေစာရင်းနဲ့ နိုင်ငံသားကတ်ပြား ၁၄၈၅၄ ဦး ပေးအပ်ခဲ့ပါတယ်။ စာသင်ကျောင်း တွေမှာ ကျောင်းသား ကျောင်းသူ ၈၁၇၉၄၇ ဦးကို သစ္စာစီမံချက်နဲ့ နိုင်ငံသားစိစစ်ရေးကတ်တွေ ထုတ်ပေးခဲ့ပြီး ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ နဲ့အညီ ကိုင်ဆောင်သင့်တဲ့ လက်မှတ်တစ်ခုခုကို ရရှိနိုင်ဖို့ ဖြေလျှော့မှု နည်းလမ်းတွေကို အသုံးပြုခဲ့ ပါတယ်။

အသက် ၁၀ နှစ်ပြည့်သူ ၁၂၄၁၆၉၉ ဦး၊ အသက် ၁၈ နှစ်ပြည့်ပြီးသူ ၉၂၇၈၄၁ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်တွေ ပေးနိုင်ခဲ့ပြီး ဗဟို အဖွဲ့အစည်းအဝေး ခွင့်ပြုချက်နဲ့ နိုင်ငံသား ၁၉၅ ဦး၊ နိုင်ငံသားပြုခွင့်ရသူ ၈၂၂ ဦး၊ နိုင်ငံသားပြုခွင့် ရသူ အသက် ၁၈ နှစ် ပြည့်ပြီး သားသမီး ၈၇ ဦး၊ အသက် ၁၈ နှစ်မပြည့်သော သားသမီး ၄၈၇ ဦး တို့ကို သတ်မှတ်ခွင့်ပြုထုတ်ပေးခဲ့ပါတယ်။

အကြောင်းအမျိုးမျိုးနဲ့ နိုင်ငံသားစိစစ်မှု ခံယူ ဖို့ လိုအပ်သူတွေကို သက်သေခံကတ်ပြားတွေ ထုတ်ပေးခဲ့ရာ ၃၄၀၄၆ ဦး ရှိခဲ့ပါပြီ။ ရခိုင်ပြည်နယ်




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပြည်ပခရီးသွားများ ဝင်ရောက်မှုနှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးစဉ်။

## “တစ်ဖက်နိုင်ငံကို ထွက်ပြေးတိမ်းရှောင်သွားသူတွေ နေရပ်ပြန်နိုင်ဖို့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်အရ ပြန်လည်လက်ခံရေး မူငါးချက်နဲ့ ဆောင်ရွက်ပေးနေ”




တောင်ပြိုလက်ဝဲမြို့၌ မြန်မာ-ဘင်္ဂလားဒေ့ရှ် ခရိုင်အဆင့် တာဝန်ရှိသူများ မောင်တောဒေသ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းစဉ်။

ကျော်စီနဲ့ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၇ ရက်ကတည်းက လက်ခံနိုင်ဖို့ အသင့်စောင့်ဆိုင်း တာဝန်ချထား ပေးခဲ့ပေမယ့် ဒီနေ့အထိတော့ တစ်ဦးတစ်ယောက် မှ ပြန်လည်ဝင်ရောက်လာခြင်း မရှိသေးပါဘူး။

**မေး။ ။အမျိုးသားမှတ်ပုံတင်ရေးနဲ့ နိုင်ငံသား** အတွင်းမှာလည်း NV ကတ်လို့ခေါ်တဲ့ နိုင်ငံသား စိစစ်ခံရမည့်သူရဲ့ သက်သေခံကတ်ပြားကို အဖွဲ့ တစ်ရပ်ဖွဲ့ပြီး အရှိန်မြှင့်ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပကိုရောက်ရှိနေပြီး မြန်မာနိုင်ငံသား ဟုတ် မဟုတ်ဆိုသူတွေကိုလည်း စိစစ်ပြန်ကြားပေးရာမှာ ၁၉၅၂၇ ဦးကို စိစစ်ပေးခဲ့ရပြီး အွန်လိုင်းစနစ်နဲ့ စိစစ်ပြန်ကြားမှုမှာ ၁၅၆၈၂၆ ဦးအထိ ရှိခဲ့ပါတယ်။

နိုင်ငံသားစိစစ်ရေးကတ်တွေကို အမျိုးသား အီလက်ထရွန်နစ် မှတ်ပုံတင်လုပ်ငန်း Smart Card နဲ့ National ID ပြောင်းလဲနိုင်အောင် ကြိုးပမ်းနေပြီး ဒီလုပ်ငန်းစဉ်ကလည်း နိုင်ငံတော် အစိုးရရဲ့ e-Government Plan မှာ အဓိက လုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတကာပညာရှင်တွေနဲ့ အတွေ့အကြုံတွေနဲ့ ရှေ့ပြေးစမ်းသပ်တာတွေ စတင်နေပြီဖြစ်ပါတယ်။

**မေး။ ။ပြည်သူ့အင်အား ကောက်ယူထိန်းသိမ်း ရေးအကြောင်းနဲ့ ပတ်သက်ပြီးတော့ လည်း ပြည်ထောင်စုဝန်ကြီးအနေနဲ့ တိုးတက် ဆောင်ရွက်မှုတွေရှိရင် ပြောပြပေးပါဦး။**

ဖြေ။ ။သန်းခေါင်စာရင်း အချက်အလက်တွေ ပေါ်မူတည်ပြီး တိုင်းရင်းသားလူမျိုး စာရင်း ထုတ်ပြန်နိုင်ရေး၊ နိုင်ငံတော်ရဲ့အမျိုးသား အဆင့် လူဦးရေမူဝါဒရေးဆွဲနိုင်ရေးနဲ့ အနာဂတ် ကာလ သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းတွေကိုလည်း လုပ်ဆောင် နေပါတယ်။

အချုပ်အားဖြင့်ဆိုရရင် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကနေ နိုင်ငံတော်အစိုးရရဲ့ နှစ်နှစ်တာကာလ အတွင်းမှာ ပြုပြင်ပြောင်းလဲရေးဆိုင်ရာတွေကို ပြည်သူတွေအတွက် ထိထိရောက်ရောက်ကြိုးပမ်း ဆောင်ရွက်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ ဆက်လက် ပြီးတော့လည်း ပြည်သူ့အကျိုးအတွက် အရှိန် အဟုန်မပျက် ကြိုးပမ်းသွားမယ်လို့လည်း ပြည်ထောင်စုဝန်ကြီးအနေနဲ့ ပြောကြားလို ပါတယ်။ ။



နိုင်ငံခြားသံတမန်များ မောင်တောဒေသ ငါးခူရ ပြန်လည်လက်ခံရေးစခန်း၌ နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံမည့် လုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုလေ့လာစဉ်။




မြိတ်လေဆိပ်၌ ပြည်တွင်း ပြည်ပခရီးသွားများအား စိစစ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တွေ့ရစဉ်။